# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်    ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၂ ရက်၊ သောကြာနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၀၂]


## ဝီရိယနှင့် ဆန္ဒအကျိုး

**ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဝီရိယရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

**ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဆန္ဒရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

(မူလဋီ၊ ၃၊ ၁၆၉။)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဟင်္သာတနှင့်ပုသိမ်ခရိုင်ရှိ တာတမံများ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁**

ဧရာဝတီတိုင်းဒေသကြီးတွင် ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အင်္ဂပူမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး လေးမျက်နှာမြို့၊ ငါးသိုင်းချောင်းမြို့၊ ရေကြည်မြို့နှင့် ကျုံပျော်မြို့နယ်များရှိ မြို့ရွာများ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာများနှင့် ကျောင်းသား ကျောင်းသူများက လမ်းဘေးဝဲယာတစ်လျှောက်မှ ကြိုဆိုနှုတ်ဆက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆



လေးမျက်နှာမြို့နယ် ကညင်သာကျေးရွာအုပ်စု ရွှေဘိုစုကျေးရွာမှ ဒေသခံပြည်သူများက နိုင်ငံတော်သမ္မတအား တစ်ခဲနက်ကြိုဆိုနေကြသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ- YHT)

## လာမယ့်နှစ်တွေမှာလည်း တာဝန်ကိုကျေပွန်အောင်ထမ်းဆောင်ပြီး အကောင်းဆုံးကြိုးစားဆောင်ရွက်သွားမှာပါ

စာမျက်နှာ-၁၁




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# လွတ်လပ်မျှတသောရွေးကောက်ပွဲ

လာမည့် နိုဝင်ဘာ ၈ ရက်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပတော့မည်ဖြစ်သည်။ ဤရွေးကောက်ပွဲကြီးကို မြန်မာ့သမိုင်းတစ်လျှောက် ကောင်းမွန်သော သမိုင်းမှတ်ကျောက်တင်နိုင်မည့် ရွေးကောက်ပွဲကြီးအဖြစ် ကျင်းပပေးရန် ရွေးကောက်ပွဲကော်မရှင်က စီစဉ်လျက်ရှိသည်။ တစ်နည်းအားဖြင့် လွတ်လပ်ပြီးတရားမျှတမှုရှိသော ရွေးကောက်ပွဲကြီးအဖြစ် ကျင်းပပေးသွားရန် စီစဉ်လျက်ရှိသည်။

လွတ်လပ်သည်ဆိုရာတွင် ရွေးကောက်ပွဲတွင် ပါဝင်ဆောင်ရွက်သူ ရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့် တာဝန်ရှိသူများ၊ ရွေးကောက်ခံပါတီကိုယ်စားလှယ်လောင်းများ၊ မဲဆန္ဒရှင်ပြည်သူများ၊ မီဒီယာများ စသည်ဖြင့် ပါဝင်ဆောင်ရွက်သူတိုင်းက ဥပဒေကျင့်ဝတ်များနှင့်အညီ လွတ်လပ်စွာဆောင်ရွက်နိုင်မည့် ရွေးကောက်ပွဲကြီးဖြစ်ပါသည်။

ထို့အတူ မျှတသည်ဆိုရာတွင်လည်း ရွေးကောက်ပွဲတာဝန်ရှိသူများက မည်သည့်ပါတီ၊ မည်သည့်အဖွဲ့အစည်းကိုမျှ ဘက်လိုက်မှုမရှိဘဲ အရှိကိုအရှိအတိုင်း၊ အမြင်ကိုအမြင်အတိုင်း၊ ပွင့်လင်းမြင်သာမှု အရှိဆုံးဖြစ်အောင် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ဤသို့လွတ်လပ်မျှတပြီး ပွင့်လင်းမြင်သာမှုရှိသော ရွေးကောက်ပွဲကြီးအဖြစ် ကျင်းပရန်မှာ ရွေးကောက်ပွဲကော်မရှင်တစ်ခုတည်းနှင့် ဆောင်ရွက်၍ ရနိုင်မည်မဟုတ်ပါ။ အားလုံး ပူးပေါင်းဆောင်ရွက်နိုင်မှ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့်လည်း ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက စက်တင်ဘာ ၂၉ ရက်တွင် ကျိုင်းတုံမြို့၌ ကျင်းပသည့် နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးမှ တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီးအား လွတ်လပ်တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန် ဥပဒေနှင့်အညီ ကျင်းပပေးမည်ဖြစ်ကြောင်း၊ လွတ်လပ်တရားမျှတသည့်ရွေးကောက်ပွဲကို ကော်မရှင်တစ်ခုတည်းနှင့် ဆောင်ရွက်၍မရနိုင်ဘဲ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများ၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၊ မီဒီယာများနှင့် ပြည်သူလူထုအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။

ရွေးကောက်ပွဲဟူသည် ပြည်သူလူထု၏ အချုပ်အခြာအာဏာကို နိုင်ငံတစ်ဝန်းပျံ့နှံ့စေရန်အတွက် လူထုဆန္ဒနှင့်အညီ လူထုကိုယ်စားလှယ်ရွေးချယ်တင်မြှောက်သည့်လုပ်ငန်းစဉ် ဖြစ်ပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထမ်းဆောင်မည့် လွှတ်တော်ကိုယ်စားလှယ်များသည် အရည်အချင်းရှိသူများဖြစ်ရန် လိုပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိတို့ရပ်ရွာဒေသကို အမှန်တကယ် ရဲရဲဝံ့ဝံ့ပြောဆိုလုပ်ကိုင်နိုင်သူများကို ရွေးချယ်ပေးရမည်ဖြစ်ပါသည်။ ရပ်ရွာတိုးတက်မှဒေသတိုးတက်မည်ဖြစ်ပါသည်။ ဒေသအားလုံးဖွံ့ဖြိုးမှ နိုင်ငံလည်းတိုးတက်မည်ဖြစ်ပါသည်။ ထို့ကြောင့် အရည်အချင်းပြည့်ဝသော လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်ပေးရန်မှာ မဲဆန္ဒရှင်ပြည်သူများ၏ တာဝန်သာဖြစ်ပါသည်။ သို့ပါ၍ ဤသို့ မှန်ကန်ဖြောင့်မတ်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများ ရွေးချယ်ပေးနိုင်ရန် တာဝန်ရှိသူအသီးသီးနှင့်ပြည်သူအပေါင်းက လွတ်လပ်မှုနှင့်တရားမျှတမှုအရှိဆုံးဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြရမည်ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆


## နိုင်ငံရေးပါတီများ၏ ပြည်သူများသို့စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံ ရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် အောက်တိုဘာ ၁**

ပြည်သူ့အကျိုးပြုကျောင်းသားများဒီမိုကရေစီပါတီ၊ လမ်းပြကြယ်ပါတီနှင့်ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို အောက်တိုဘာ ၂ ရက်ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ MWD (Variety)၊ မြန်မာ့အသံ ရေဒီယိုနှင့်ရွှေ FM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး အောက်တိုဘာ ၃ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့်မြန်မာ့အလင်းသတင်းစာတို့၌ ဖော်ပြသွားမည်ဖြစ်ပါသည်။ **(သတင်းစဉ်)**

## ဆင်ဖြူကျွန်းဆေးရုံ ၂၅ ခုတင်အဆင့်တိုးမြှင့်

**ဆင်ဖြူကျွန်း အောက်တိုဘာ ၁**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့တွင် စက်တင်ဘာ ၂၉ ရက်က ၂၅ ခုတင်ဆံ့ဆေးရုံပန္နက်တင်ပွဲ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနား၌ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ပင်မပန္နက်တိုင်ကိုစိုက်ထူပေးခဲ့ပြီး တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများက ပန္နက်တိုင်များ အသီးသီးစိုက်ထူပေးခဲ့ကာ အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

## ပြည်တွင်းပြည်ပလုပ်ငန်းရှင်များအကြား ဆက်သွယ်မှုမြှင့်တင်ရန် မန္တလေးရင်းနှီးမြှုပ်နှံမှုပြပွဲကျင်းပ




**မန္တလေး အောက်တိုဘာ ၁**

နှစ်ရှည်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်း၏ ကဏ္ဍတစ်ရပ်အနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (Japan International Cooperation Agency JICA)တို့ ပူးပေါင်း၍ မန္တလေးတိုင်းဒေသကြီးအစိုးရနှင့် ဂျပန်နိုင်ငံခြား ကုန်သွယ်မှုအဖွဲ့ (JETRO)တို့၏ကူညီမှုဖြင့် မန္တလေးရင်းနှီးမြှုပ်နှံမှုပြပွဲကို စက်တင်ဘာ ၃၀ ရက်က Mandalay Hill Resort Hotel ၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးချုပ် ဒေါ်လဲ့လဲ့သိန်း၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာအရာရှိများ၊ နိုင်ငံခြားသံရုံးများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မန္တလေးမြို့မှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

မန္တလေး ရင်းနှီးမြှုပ်နှံမှုပြပွဲကို အထောက်အပံ့ဖြစ်စေရန် မန္တလေးရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းလေ့လာမှုကို ဇူလိုင် ၂ ရက်မှစတင်၍ မန္တလေးတွင်ပြုလုပ်ခဲ့ပြီး အကြိုတွေ့ရှိချက်များကိုလည်း ဩဂုတ် ၂၈ ရက်က ကျင်းပခဲ့သောMandalay Stake Loldes's Meetingတွင် တင်ပြခဲ့သည်။

မန္တလေး ရင်းနှီးမြှုပ်နှံမှုပြပွဲကို အစီအစဉ်လေးမျိုးဖြင့် ကျင်းပခဲ့ရာ စက်တင်ဘာ ၃၀ ရက်က မန္တလေးရင်းနှီးမြှုပ်နှံမှုပြပွဲနှင့် ပြခန်းများ၊ ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲများ၊ စီးပွားရေးတွေ့ဆုံပွဲများ ကျင်းပခဲ့သည်။ မန္တလေးရင်းနှီးမြှုပ်နှံမှု ပြခန်းတွင် ပြည်တွင်းပြည်ပမှ လုပ်ငန်းရှင် ၁၂၀ ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

## အမြန်ဆုံးပြုပြင်ပေးသင့်သော လွယ်ဂျယ်မြို့လမ်းမကြီးနစ်သွယ်

**ထင်သာမြင်သာပြုပြင်စရာ**

မိုးမောက်မြို့နယ်လွယ်ဂျယ်မြို့ အဝင်လမ်းမကြီးသည် ဂိတ်(၂)တွင်ဆုံးပြီး၊ ဂိတ်(၂)မှ တရုတ်နိုင်ငံနှင့် နယ်နိမိတ်လိုင်း ယှဉ်လျက်ရှိသော လမ်းမကြီးမှာ ၄၂၇၂ ပေ ရှည်လျားသည်။ လွယ်ဂျယ်အထကကျောင်းမှ ကျောင်းသားကျောင်းသူများ၊ ဗန်းမော်-လွယ်ဂျယ်သွား ကားကြီး၊ ကားငယ်များနှင့် ကုန်စည်ကူးသန်းသွားလာကြသူများ၊ မော်တော်ဆိုင်ကယ်များသည် ယင်းလမ်းမကြီးနှစ်ခုကို အဓိကအသုံးပြု သွားလာနေကြရာ နေ့စဉ်နှင့်အမျှ ကြီးမားသောအခက်အခဲများနှင့် ရင်ဆိုင်နေကြရသည်။

ယင်းလမ်းမကြီးနှစ်ခုမှာ ၂၀၁၃ ခုနှစ်ကစတင်ပျက်စီးခဲ့ရာ ယခုအချိန်တွင် ချိုင့်ခွက်ကြီးများနှင့် ရွှံ့ဗွက်အိုင်များသည် လမ်းအပြည့်ဆိုးရွားစွာ ပျက်စီးလာသဖြင့် ယင်းလမ်းမကြီးနှစ်ခုကိုသက်ဆိုင်ရာက အမြန်ဆုံးပြင်ဆင်ပေးနိုင်ပါရန် မြို့နေလူထုက မျှော်လင့်လျက်ရှိကြောင်း သိရသည်။ **ရင်ငြိမ်းပန်း(လွယ်ဂျယ်)**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁-၁၀-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၄၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၅၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၉၀/၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၇၀၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၈ |
| ဥရောပ | တစ်ယူရို | ၁၄၅၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၂.၂၂ |
| ထိုင်း | တစ်ဘတ် | ၃၅.၆၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၃၇ |
| တရုတ် | တစ်ယွမ် | ၂၀၁.၄၁ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၈.၆ |

ခင်ရတနာ-စုစည်းသည်။





**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လေးမျက်နှာမြို့နယ် ကညင်သာကျေးရွာအုပ်စု ရွှေဘိုစုကျေးရွာရှိ ရွှေဘိုစုရေကာတာကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

**◆ *ရွှေဖို့မှ***

ရွှေဦးစွာ နိုင်ငံတော်သမ္မတသည် လေးမျက်နှာမြို့နယ် ကညင်သာကျေးရွာအုပ်စု ရွှေဘိုစုကျေးရွာရှိ ရွှေဘိုစုရေကာတာသို့ ရောက်ရှိရာ တာဝန်ရှိသူများက ဟင်္သာတခရိုင်အတွင်းရှိ တာတမံများအခြေအနေ၊ ရေစီးဝင်မှုအခြေအနေနှင့် တာတမံများကြံ့ခိုင်စေရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက ရေကာတာကိုပိုမိုခိုင်ခံ့ကောင်းမွန်စေရန် ပြုပြင်ထိန်းသိမ်းရေး၊ ရေကြီးနစ်မြုပ်မှုဘေးမှ ကာကွယ်နိုင်ရန် စီမံဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်အတွင်း မိုးရာသီတွင် ငဝန်မြစ်ရေလွှမ်းမိုးမှုမှ ကာကွယ်နိုင်ရန်အတွက် ဆည်မြောင်းဦးစီးဌာနမှ ထိန်းသိမ်းထားသော ငဝန်တာတမံမှာ ၁၉ ဒသမ ၈၇၅ မိုင်ရှည်လျားပြီး လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးကာကွယ်ဧရိယာ ၃၆၃၃၅ ဧကကို ကာကွယ်ထားရှိသည်။

လေးမျက်နှာမြို့နယ်အတွင်း ငဝန်တာတမံ၏ ၃၅ မိုင် လေးဖာလုံမှ ၃၆ မိုင် ခြောက်ဖာလုံအတွင်းရှိ ရွှေဘိုစုနေရာမှာ မြစ်ကမ်းတိုက်စားသည့်အတွက် တာတမံများ အကြိမ်ကြိမ်နောက်သို့ရွှေ့၍ တည်ဆောက်ခဲ့ရသည်။ ထို့ကြောင့် မြစ်ရေဖြောင့်တန်းစွာစီးဆင်းနိုင်ရန် သောင်ဘုတ်ရွာအနီး၌ ဖြတ်မြောင်းငယ်တစ်ခုကို ၂၀၀၁ ခုနှစ်ကစတင်တူးဖော်ခဲ့ပြီး ၂၀၀၆ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်တို့တွင် ထပ်မံတိုးချဲ့တူးဖော်ခဲ့သည်။ ယခုအခါ ငဝန်မြစ်ရေလွှဲဖြတ်မြောင်းမှာ မူလမြစ်မကဲ့သို့ ရေစီးဆင်းမှုကောင်းမွန်ပြီး ငဝန်တာတမံ(ရွှေဘိုစု)တွင် ကမ်းပြိုတိုက်စားမှုများ သိသာစွာလျော့ကျသွားကြောင်း တွေ့ရှိရသည်။

ထို့ပြင် လေးမျက်နှာမြို့အတွင်းရှိ ငဝန်တာ၏ ၂၉ မိုင် တစ်ဖာလုံမှ ၃၉ မိုင်အတွင်း တာတမံတွင် မူလတာထိပ်မှအထက် ငါးပေအထိတာတမံမြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၁၅-၂၀၁၆ ခုနှစ် ပွင့်လင်းရာသီတွင် ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ချောင်းကော မြောင်းကောတူးဖော်ခြင်းလုပ်ငန်း ၁၁ ခု စုစုပေါင်းအလျား ၃၂ မိုင်ကိုလည်း လျာထားထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ပုသိမ်ခရိုင် ရေကြည်မြို့ ငါးသိုင်းချောင်းမြို့နယ်ခွဲရှိ ငဝန်တာသို့ရောက်ရှိရာ တာဝန်ရှိသူများက ငဝန်တာ၏ကြံ့ခိုင်မှုနှင့် ရေဝင်ရောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြမှုအပေါ် နိုင်ငံတော်သမ္မတက ၁၉၉၁ ခုနှစ်အတွင်း ငဝန်မြစ်ကမ်းရှိ ထိန်ငူတာကျိုးပေါက်ခဲ့မှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တွင် ရေကြီးနစ်မြုပ်မှုဖြစ်ပွားခဲ့ကြောင်း၊ ထိုကဲ့သို့ တာကျိုးပေါက်မှုများ ထပ်မံ မဖြစ်ပေါ်စေရေးအတွက် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းရှိ တာ ၁၂ ခု၏ စုစုပေါင်း တာတမံအလျား ၄၁၇ ဒသမ ၆၂ မိုင်တွင် မူလတာထိပ်အမြင့်မှ အထက်ငါးပေမြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၁၅-၂၀၁၆ ခုနှစ် ပွင့်လင်းရာသီတွင် ပြုပြင်ဆောင်ရွက်သွားရန်မှာကြားခဲ့သည်။

ယင်းနောက် ဒေသခံ မြို့မိမြို့ဖများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီများမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ ငဝန်တာကြံ့ခိုင်တောင့်တင်းစေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရေး၊ လမ်းပန်းဆက်သွယ်မှု ပိုမိုတိုးတက်ကောင်းမွန်စေရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

ရေကြည်မြို့နယ်အတွင်း ငဝန်မြစ်ရေလွှမ်းမိုးမှုမှ ကာကွယ်နိုင်ရန် ဆည်မြောင်းဦးစီးဌာနမှ ထိန်းသိမ်းထားသော ငဝန်တာတမံမှာ ၃၉ မိုင်မှ ၆၁ မိုင်အထိ ၂၂ မိုင် ရှည်လျားပြီး ယင်းအနက် ၄၅ မိုင်မှ ၄၇ မိုင်အတွင်းရှိ ဗောဓိကုန်းနေရာမှာ ကမ်းပြိုတိုက်စားမှုများစွာဖြစ်ပွားခဲ့သည်။

ထို့ကြောင့် မြစ်ရေဖြောင့်တန်းစွာ စီးဆင်းနိုင်ရန် အလျား ပေ ၇၃၈၀ ရှိသော ငဝန်မြစ်ဖြတ်မြောင်း ဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၂ ခုနှစ် ဧပြီ ၃၀ ရက်တွင် ပြီးစီးခဲ့သည်။

ထို့ပြင် ငါးသိုင်းချောင်းမြို့နယ်ခွဲ၏ မြို့ပတ်တာတမံ ပြုပြင်ပေးနိုင်ရန် မြို့လူထုမှ တင်ပြမှုအပေါ် ငဝန်တာ၏ တမံမှာ ၃၉ မိုင်မှ ၆၁ မိုင်အထိ အရှည် ၂၂ မိုင်တွင် မူလတာထိပ်မှအထက် ငါးပေအထိ တာတမံမြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၁၅-၂၀၁၆ ခုနှစ် ပွင့်လင်းရာသီတွင်လည်းကောင်း၊ ရေကြည်မြို့နယ်အတွင်း မိုးရာသီ၌ ရေကြီးနစ်မြုပ်မှုလျော့နည်းစေရေးအတွက် ချောင်းကော မြောင်းကော တူးဖော်ခြင်းလုပ်ငန်း ၁၀ ခု၏ စုစုပေါင်းအရှည် ၄၆ ဒသမ ၄ မိုင်ကို ၂၀၁၆-၂၀၁၇ ခုနှစ် လုပ်ငန်းအစီအစဉ်တွင်လည်းကောင်း လျာထားထည့်သွင်းပြီး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ရေကြည်မြို့နှင့် ကျုံပျော်မြို့များသို့ မော်တော်ယာဉ်ဖြင့် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျုံပျော်မြို့မှ ရဟတ်ယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ရောက်ရှိပြီး ထိုမှတစ်ဆင့် အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား တာဝန်ရှိသူများက ဟင်္သာတခရိုင်အတွင်းရှိ တာတမံများအခြေအနေ၊ ရေစီးဝင်မှုအခြေအနေနှင့် တာတမံများကြံ့ခိုင်စေရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြစဉ်။** (သတင်းစဉ်)

**✻ *ကျော်ဖို့မှ***

ပြင်ပဖြေဆိုရန် လျှောက်လွှာတင်သွင်းသူများ၏ စာမေးပွဲဝင်ကြေးငွေကို သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများတွင် စာမေးပွဲဝင်ကြေးအတွက် ကျသင့်ငွေသွင်းတံဆိပ်ခေါင်းများ ဝယ်ယူပြီး ဝင်ခွင့်လျှောက်လွှာ၏ လက်ဝဲဘက်ထိပ်ပိုင်းတွင် ကပ်၍ မိမိတို့ အမှန်တကယ်နေထိုင်သည့် မြို့နယ်ပညာရေးမှူးရုံးတွင် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ အောက်တိုဘာလ ၃၁ ရက်နေ့အတွင်း တင်သွင်းကြရမည်ဖြစ်ပါသည်။

အခြေခံပညာအထက်တန်းကျောင်းများ၊ ကျောင်းခွဲများ၊ တွဲဖက်ကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ဖြေဆိုရန် လျှောက်လွှာတင်သွင်းမည့် ကျောင်းသား၊ ကျောင်းသူများ၏ စာမေးပွဲဝင်ကြေးအတွက် ကျောင်းအုပ်ကြီးများသည် စာမေးပွဲဝင်ကြေး ကျသင့်ငွေသွင်းတံဆိပ်ခေါင်းများ ဝယ်ယူပြီး လျှောက်လွှာတစ်စောင်ချင်းတွင် ကပ်၍ စုပေါင်းပြီး မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ အောက်တိုဘာလ ၃၁ ရက်နေ့အတွင်း သတ်မှတ်ရက်အမီ တင်သွင်းကြရမည်ဖြစ်ပါသည်။

သတ်မှတ်ထားသော ရက်များအတွင်း အချိန်မီပေးပို့ခြင်းမရှိသူများသည် စာမေးပွဲဖြေဆိုခွင့်ရရှိကြမည်မဟုတ်ကြောင်းနှင့် စာဖြေသူ တင်သွင်းသည့် စာမေးပွဲဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားတွင်ဖော်ပြပါရှိသည့် ဘာသာတွဲမှအပ အခြားဘာသာတွဲသို့ ပြောင်းလဲဖြေဆိုခွင့်ပြုမည်မဟုတ်သဖြင့် မိမိဖြေဆိုမည့် ဘာသာတွဲအလိုက် ပုံစံများ မှန်ကန်မှုရှိ-မရှိ သေချာစွာစစ်ဆေးပြီး မှန်ကန်စွာ ဖြည့်စွက်ပေးပို့ကြရန်ဖြစ်ကြောင်း သတိပြုစေလိုပါသည်။

လျှောက်လွှာပုံစံများနှင့် ငွေသွင်းတံဆိပ်ခေါင်းများကို နေပြည်တော်၊ ရုံးအမှတ်(၅၂)၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန(ရုံးချုပ်)၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ လှိုင်တက္ကသိုလ်နယ်မြေ၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန (ဇွဲကပင်ဆောင်)နှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၊ အမှတ်(၁၆၆)၊ လသာလမ်း၊ ရန်ကုန်မြို့တို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

# ရုရှားက ဆီးရီးယားကို လေကြောင်းမှတိုက်ခိုက်မှုစတင်



**မော်စကို အောက်တိုဘာ ၁**

ဆယ်စုနှစ်များအတွင်း အရှေ့အလယ်ပိုင်းဒေသသို့ အကြီးမားဆုံး ကျူးကျော်မှုအဖြစ် ဗုဒ္ဓဟူးနေ့တွင် ဆီးရီးယားကို ရုရှားက လေကြောင်းမှ စတင်တိုက်ခိုက်ပြီ ဖြစ်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

မော်စကိုက အမေရိကန်နှင့် အငြင်းပွားနေသော အိုင်အက်စ် စစ်သွေးကြွများနှင့် သူပုန်စခန်းများကိုစတင်တိုက်ခိုက်ခဲ့ကြောင်း၊ မော်စကိုနှင့်ဝါရှင်တန်တို့ ကြိုတင်ညှိနှိုင်းမှုမရှိဘဲဆီးရီးယားရှိ ပစ်မှတ်များကို တစ်နေရာတည်းတွင် တိုက်ခိုက်သည့်အတွက် အန္တရာယ်များ ဖြစ်လာနိုင်ကြောင်း သတင်းတွင် ဖော်ပြသည်။

အဆိုပါနှစ်နိုင်ငံသည် ဆီးရီးယားကိစ္စအပေါ် စောနိုင်သမျှစော၍ ဆွေးနွေးရန် ကုလသမဂ္ဂ၌ သဘောတူညီခဲ့ကြကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလာဗော့တို့က ပြောသည်။

"ကျွန်တော်တို့အနေနဲ့ ဒီကိစ္စကို စောနိုင်သမျှ စောစောအကောင်အထည်ဖော်ဆောင်ရွက်သွားမှာပါ။ မနက်ဖြန်ထက် စောချင်လည်းစောနိုင်ပါတယ်။ စစ်ဘက်အချင်းချင်းလည်း ဆွေးနွေးဖွယ်ရှိပါတယ်"ဟု ကယ်ရီက ပြောသည်။ ရုရှား၏သတိပေးမှုကို လျစ်လျူရှုခဲ့ပြီး ဗုဒ္ဓဟူးနေ့တွင် လေကြောင်းတိုက်ခိုက်မှုကို အမေရိကန်က ဆက်လက်ပြုလုပ်ခဲ့သည်ဟု ကယ်ရီက ဆိုသည်။ ရုရှားသမ္မတဗလာဒီမာပူတင်က အိုင်အက်စ်ကို တိုက်ပြီး အာဆတ်အစိုးရကို ကူညီမည်ဟုဆိုသည်။

**(ရိုက်တာ)**

# လူအများအပြားသေဆုံးရသောကိစ္စများတွင် ဗီတိုအာဏာသုံးရေး ပြင်သစ်၏တင်ပြချက် နိုင်ငံအများအပြားထောက်ခံ

**ဂျီနီဗာ အောက်တိုဘာ ၁**

ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်ငါးနိုင်ငံအနေဖြင့် လူအစုအပြုံလိုက်သတ်ဖြတ်မှုကိစ္စများတွင် လက်ရှိဗီတိုအာဏာသုံးစွဲခြင်းကို ရှောင်ကြဉ်နေခြင်းအပေါ် ပြင်သစ်၏အကြံပြုချက်ကို ဒါဇင်ပေါင်းများစွာသောနိုင်ငံများက ထောက်ခံလိုက်သည်။

ဥရောပ၊ အာဖရိက၊ လက်တင်အမေရိကနှင့် အာရှတို့မှ နိုင်ငံပေါင်း ၇၅ နိုင်ငံက အဆိုပါအကြံပြုချက်ကို ထောက်ခံထားကြောင်း၊ ကုလသမဂ္ဂအဖွဲ့ဝင် ၁၉၃ နိုင်ငံရှိရာတွင် နိုင်ငံများ ပိုမိုပါဝင်လာလိမ့်မည်ဟု မျှော်လင့်ကြောင်း ပြင်သစ်တာဝန်ရှိသူများက ပြောသည်။

မိမိတို့အနေဖြင့် လူအစုအပြုံလိုက် သေဆုံးမှုဖြစ်ပေါ်နေသော ဆီးရီးယားကဲ့သို့ အခြေအနေကို ပိုမိုကောင်းမွန်အောင်ဆောင်ရွက်သွားရန် မျှော်လင့်ပါကြောင်း လုံခြုံရေးကောင်စီအနေဖြင့် ဗီတိုအာဏာကို အသုံးမဝင်အောင်ပြုလုပ်နေကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး လောရင်ဖာဘီရပ်စ်က သတင်းထောက်များအား ပြောကြားသည်။




ပြင်သစ်နိုင်ငံသည်လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်တစ်နိုင်ငံ ဖြစ်သော်လည်း လူအများအပြား သေဆုံးသည့်ကိစ္စများတွင် ဗီတိုအာဏာအသုံး မပြုဘဲနေကြောင်း ၎င်းကဝန်ခံ ပြောကြားသည်။ **(ရိုက်တာ)**

# ဟူသီတို့အား လက်နက်ပေးမည့် အီရန်စက်လှေ ဆော်ဒီညွန့်ပေါင်းအဖွဲ့က ဖမ်းဆီး

**ဒူဘိုင်း အောက်တိုဘာ ၁**

ယီမင်ဟူသီတိုက်ခိုက်ရေးသမားများအားပေးပို့မည့် လက်နက်များ တင်ဆောင်လာသော အီရန်ငါးဖမ်းစက်လှေတစ်စင်းကို ဖမ်းဆီးလိုက်ကြောင်း ဆော်ဒီဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့က ဗုဒ္ဓဟူးနေ့တွင် ပြောသည်။

ညွန့်ပေါင်းတပ်ဖွဲ့၏ ကျောထောက်နောက်ခံပြုသော လူမျိုးစုတိုက်ခိုက်ရေးသမားများက မြို့တော်ဆာနားအရှေ့ပိုင်းတွင် သီတင်းပတ်များစွာတိုက်ပွဲဆင်နွှဲပြီး ယီမင်အလယ်ပိုင်း မဟာဗျူဟာကျသော ဆည်တစ်ခုကို ထိန်းချုပ်လိုက်ပြီးနောက် အဆိုပါကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

ညွန့်ပေါင်းအဖွဲ့တွင် ဘာရိန်း၊ ကာတာ၊ အီဂျစ်၊ ယူအေအီးတို့ပါဝင်ပြီး လွန်ခဲ့သော ခြောက်လကျော်က အီရန်ကျောထောက်နောက်ခံ ဟူသီများအား တိုက်ခိုက်လျက်ရှိသည်။ ညွန့်ပေါင်းအဖွဲ့အနေဖြင့် ဟူသီသူပုန်များ၏ ဖြုတ်ချခံရသော သမ္မတမန်ဆာဟာဒီအာဏာပြန်ရရေး ရည်ရွယ်ချက်ဖြင့် ကူညီတိုက်ခိုက်ပေးလျက်ရှိသည်။ **(ရိုက်တာ)**

# ဂျပန်ဒေသခံများ ကန့်ကွက်နေသည့်ကြားမှ အမေရိကန်နျူကလီးယားစွမ်းအင်သုံးလေယာဉ်တင်သင်္ဘောရောက်ရှိ

**တိုကျို အောက်တိုဘာ ၁**

ဂျပန်က မေလတွင် ခွင့်ပြုခဲ့သော နျူကလီးယားစွမ်းအင်သုံး ဂျော့ဝါရှင်တန်ကို ပြန်လည်နေရာချထားရန် ဒေသခံများက ဆန့်ကျင်ကန့်ကွက်နေသည့်ကြားမှ အမေရိကန်နျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘော ရော်နယ်ရေဂင်သည် ကြာသပတေးနေ့က တိုကျိုမြို့ အနောက်တောင်ပိုင်း ယိုကိုဆူကာသို့ ရောက်ရှိလာသည်။

အဆိုပါနျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘောသည် သောကြာနေ့တွင် အဆိုပါရေတပ်အခြေစိုက်စခန်းသို့ ရောက်ရှိရန် စီစဉ်ထားပြီး အမေရိကန်၏ ပဉ္စမမြောက်လေယာဉ်တင်သင်္ဘောကြီး ဖြစ်သည်။ ၁၉၇၃ ခုနှစ်ကတည်းက ယိုကိုဆူကာ၌ဖြန့်ကြက်ထားသည့် the midway, the Independence , the kitty Hawkနှင့် the George Washington သို့အပြီးရောက်ရှိလာသော ပဉ္စမမြောက်လေယာဉ်တင်သင်္ဘောကြီးဖြစ်သည်။

အဆိုပါနျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘောကြီးသည် ၂၀၀၃ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး တန်ချိန် ၉၇၀၀၀ ရှိကာ အရှည် ၃၃၃ မီတာရှိသည်။ အဆိုပါလေယာဉ်တင်သင်္ဘောတွင် တပ်ဖွဲ့ဝင် ၅၀၀၀ ခန့်လိုက်ပါနိုင်ပြီး လေယာဉ်အစင်း ၈၀ ကျော် တင်ဆောင်နိုင်သည်ဟု ဆိုသည်။ **(ဆင်ဟွာ)**

# နျူကလီးယားကြိုးပမ်းမှုရပ်တန့်ရန် တောင်ကိုရီးယားတိုက်တွန်း

**ဆိုးလ် အောက်တိုဘာ ၁**

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ကိုရီးယားကျွန်းဆွယ် တည်ငြိမ်ရေးအတွက် နျူကလီးယားနှင့် ဒုံးပျံအကောင်အထည်ဖော်ရေးကြိုးစားမှုကို ချက်ချင်းရပ်တန့်ရန် တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟေးက ကြာသပတေးနေ့တွင် တိုက်တွန်းလိုက်သည်။

တောင်ကိုရီးယားနိုင်ငံအနေဖြင့် မြောက်ကိုရီးယားနှင့် ထိပ်တိုက်ရင်ဆိုင်မှုကို မပြုလုပ်လိုကြောင်း၊ ကိုရီးယားကျွန်းဆွယ်ငြိမ်းချမ်းစေလိုကြောင်း (၆၇) နှစ်မြောက်တပ်မတော်နေ့တွင် ပတ်က မိန့်ခွန်းပြောကြားစဉ် ထည့်သွင်းပြောကြားလိုက်သည်။ **(ဆင်ဟွာ)**

# ကွန်ဒုဇ်မြို့ကို အာဖဂန်တပ်များပြန်သိမ်း

**ကဘူးလ် အောက်တိုဘာ ၁**

အာဖဂန်အစိုးရတပ်ဖွဲ့ဝင်များအနေဖြင့် ကြာသပတေးနေ့အစောပိုင်းတွင် မဟာဗျူဟာကျသည့် ကွန်ဒုဇ်မြို့ကို ပြန်လည်သိမ်းပိုက်နိုင်ပြီဖြစ်ကြောင်း၊ ပြည်နယ်မြို့တော် ကွန်ဒုဇ်ကို သုံးရက်ကြာဆုံးရှုံးပြီး ပြန်လည်တိုက်ယူနိုင်ခဲ့ကြောင်း အာဖဂန်တာဝန်ရှိသူများက ပြောသည်။

တန်ပြန်ထိုးစစ်ဆင်မှု အသေးစိတ်ကို ထုတ်ပြန်နိုင်ခြင်းမရှိသေးသော်လည်း မြို့၏နေရာအများစုကို အာဖဂန်အစိုးရ၏ထိန်းချုပ်မှုအောက်သို့ ရောက်ရှိသွားပြီဟု ဆိုသည်။ အစိုးရ၏ ကွန်ဒုဇ်မြို့ကို ပြန်သိမ်းသည်ဆိုခြင်းကို တာလီဘန်တို့က ငြင်းဆိုထားသည်။ တာလီဘန်တိုက်ခိုက်ရေးသမားများသည် မြို့လယ်တွင် အစိုးရတပ်များနှင့် တိုက်ပွဲဖြစ်ပွားနေဆဲ ဖြစ်ကြောင်း တာလီဘန်တို့က ဆိုသည်။

သို့သော်လည်း ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဒေါလတ်ဝါဇီရီက ပြောဆိုရာတွင် တာလီဘန်များ ကွန်ဒုဇ်မြို့မှ ထွက်ခွာသွားပြီဖြစ်ကြောင်း၊ တာလီဘန် ၁၅၀ သေဆုံးပြီး ၉၀ ဒဏ်ရာရရှိကြောင်း အဆိုပါဝန်ကြီးဌာန ကြေညာချက်တွင် ဖော်ပြသည်။

အာဖဂန်လုံခြုံရေးတပ်များသည် လွန်ခဲ့သောညက တိုက်ပွဲအကြီးအကျယ်ဆင်နွှဲပြီး ကွန်ဒုဇ်မြို့ကို ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း ကွန်ဒုဇ်ပြည်နယ်ယာယီအုပ်ချုပ်ရေးမှူး ဒန်နစ်ရှီက ပြောသည်။ **(ရိုက်တာ)**



# မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းနှင့် တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်းတို့၏ ရေဘေးသင့်ပြည်သူများအတွက် ဂီတဖျော်ဖြေပွဲမှရရှိသော လှူဒါန်းငွေများ ပေးအပ်

**ရန်ကုန်  အောက်တိုဘာ ၁**

မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းနှင့် တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်းတို့၏ ပရဟိတရန်ပုံငွေ ဂီတဖျော်ဖြေပွဲမှရရှိသော လှူဒါန်းငွေများအား ရေဘေးသင့်ပြည်သူများအတွက် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းရှိ SKY Star ဟိုတယ်၌ ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်းတက်ရောက်သည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျှန်နှင့် သံရုံးမှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးညဏ်ထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျှန်နှင့် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်တို့က ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံရေး ဘေးသင့်ပြည်သူများအတွက် မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းမှ လှူဒါန်းသည့် လှူဒါန်းငွေများကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာဟုန်လျှန်နှင့် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်တို့ကပေးအပ်ရာ ဒုတိယသမ္မတ ဦးညဏ်ထွန်းက လက်ခံရယူပြီး **(ယာပုံ)**ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် လှူဒါန်းမှုများ အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်က ကျေးဇူးတင်စကားပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးသည်။

ယနေ့လှူဒါန်းပွဲတွင် မြန်မာ-တရုတ် ကုန်သည်ကြီးများအသင်း၊ ယူနန်ဘုံကျောင်း၊ ပင်လယ်ရပ်ခြားရောက် တရုတ်လူမျိုးများ ပရဟိတအသင်း၊ မြန်မာတရုတ်လုပ်ငန်းရှင်များအသင်း၊ Huawei ကုမ္ပဏီ၊ အရှေ့တောင်အာရှ ပိုက်လိုင်းကုမ္ပဏီ၊ Guangqian ဆက်သွယ်ရေးကုမ္ပဏီနှင့် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များ၏ လှူဒါန်းငွေစုစုပေါင်း ငွေကျပ်သိန်း ၈၂၆ ၇၀၂ ၀၉၇အား လှူဒါန်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**




# သုတေသနလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ နည်းပညာပူးပေါင်းဖလှယ်ရေးကိစ္စများ ဆွေးနွေး

နေပြည်တော်  အောက်တိုဘာ ၁

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်သည် စက်တင်ဘာ ၂၀ ရက်မှ ၂၅ ရက်အထိ ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းမြို့ အမျိုးသားဇီဝအရင်းအမြစ်များဆိုင်ရာ သိပ္ပံဌာန National Institute of Biological Resources၌ ကျင်းပသည့် ဇီဝအရင်းအမြစ်ဆိုင်ရာ သုတေသနလုပ်ငန်းများ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုပြပွဲ Special Exhibition on Biological Resources နှင့် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။**



ဒုတိယဝန်ကြီးသည် စက်တင်ဘာ ၂၁ ရက်က အင်ချွန်းမြို့ရှိ ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာန၏ အမျိုးသား ဇီဝအရင်းအမြစ်များဆိုင်ရာ သိပ္ပံဌာန National Institute of Biological Resources(NIBR)၌ ကျင်းပသည့် ဇီဝအရင်းအမြစ်ဆိုင်ရာ သုတေသနလုပ်ငန်းများ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု ပြပွဲနှင့် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ ကိုရီးယားသမ္မတနိုင်ငံ ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ သံအမတ်ကြီးများ၊ သံမှူးများနှင့် ဧည့်သည်တော်များနှင့်အတူ ပြခန်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ခဲ့ပြီး ပြခန်းအတွင်း မြန်မာနိုင်ငံပြခန်းအပါအဝင် နိုင်ငံအလိုက်ခင်းကျင်းပြထားသည့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ပူးပေါင်းသုတေသနလေ့လာတွေ့ရှိမှုများကို လှည့်လည်ကြည့်ရှုသည်။ **(အပေါ်ပုံ)**

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံ ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာနအောက်ရှိ NIBR မှ မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံတို့တွင် ဇီဝအရင်းအမြစ်များဆိုင်ရာ သိပ္ပံသုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ တိုးတက်ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ခရီးစဉ်အတွင်းကိုရီးယားသမ္မတနိုင်ငံရှိ ဇီဝအရင်းအမြစ်များမှ စက်မှုကုန်ကြမ်းဆေးဝါးများ၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းများ သိပ္ပံနည်းကျသုတေသနပြုလုပ်ခြင်း၊ နိုင်ငံတကာဈေးကွက်သို့ ထုတ်လုပ်တင်ပို့နေခြင်းများ ဆောင်ရွက်နေသည့် Dong-A Socio Group ၏ Dong-A Science and Technology သိပ္ပံနှင့်သုတေသနဖွံ့ဖြိုးရေးဌာနသို့လည်းကောင်း၊ Dong-A Pharmaceutical ဆေးဝါးစက်ရုံ၌ Bucchas အားဖြည့်အချိုရည် ထုတ်လုပ်မှုကိုလည်းကောင်း၊ SK Group of Companies ၏ ဆေးဝါးနှင့်အလှကုန်ပစ္စည်းများ ထုတ်လုပ်သည့် Bioland ကုမ္ပဏီနှင့်စက်ရုံတို့သို့လည်းကောင်း သွားရောက်လေ့လာခြင်းနှင့် တာဝန်ရှိသူများနှင့်တွေ့ဆုံ ဆွေးနွေးခဲ့သည်။

စက်တင်ဘာ ၂၃ ရက်၌ ဆိုချောင်းမြို့ရှိ အမျိုးသားဂေဟဗေဒဆိုင်ရာ သုတေသနဌာန National Institute of Ecology (NIE) သို့သွားရောက်ခဲ့ပြီး ဂေဟဗေဒဆိုင်ရာ သုတေသနလုပ်ငန်းများ၊ တိုးချဲ့ပညာပေးရေးလုပ်ငန်းများနှင့် ဂေဟစနစ်အလိုက်ထိန်းသိမ်းရေး ဆောင်ရွက်နေမှုလုပ်ငန်းများကို လေ့လာခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော်  အောက်တိုဘာ ၁**

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာမည်။ **(မိုး/ဇလ)**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားများကျင်းပ

(၅၁)နှစ်မြောက်မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့အခမ်းအနားကို အောက်တိုဘာ ၁ ရက်က ပဲခူးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းက မှုခင်းဖော်ထုတ်ရာတွင် စွမ်းစွမ်းတမံဖော်ထုတ်ဖမ်းဆီးခဲ့သည့် တပ်ဖွဲ့ဝင်များအား ဆုချီးမြှင့်စဉ်။ သန့်စင်(ပဲခူး)




**မော်လမြိုင်ကျွန်း**

(၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၈ နာရီက မော်လမြိုင်ကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မော်ရောခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်က အမှာစကားပြောကြားပြီး (၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဇော်ဝင်းထံမှပေးပို့သည့် သဝဏ်လွှာကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းသိန်းက ဖတ်ကြားသည်။

ထို့နောက် လုပ်ငန်းစွမ်းဆောင်ရည်ဆုရရှိသူများ၊ မြို့ပေါ် ၁၃ ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများ၊ ရဲတပ်ဖွဲ့ဝင်မိသားစု နေအိမ်လိုင်းခန်းဆုရှိသူများ၊ ရဲတပ်ဖွဲ့အပေါ် စွမ်းစွမ်းတမံ ပူးပေါင်းကူညီဆောင်ရွက်သူနှစ်ဦးနှင့် အငြိမ်းစားရဲတပ်ဖွဲ့ဝင်ရှစ်ဦးတို့ကို ဂုဏ်ပြုမှတ်တမ်းလွှာများ၊ အမှတ်တရလက်ဆောင်ပစ္စည်းများ ချီးမြှင့်ကြောင်းသိရသည်။ **မော်ကျွန်းမြင့်အောင်**

**မဘိမ်း**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင် မဘိမ်းမြို့နယ်တွင် (၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက မြို့နယ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဇော်ဝင်းထံမှပေးပို့သော သဝဏ်လွှာအား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်က ဖတ်ကြားသည်။

အခမ်းအနားတွင် မဘိမ်းမြို့နယ် ရဲတပ်ဖွဲ့၏ ဒုတိယရဲအုပ်မှ ရဲအုပ်အဆင့်သို့ တိုးမြှင့်ခြင်းခံရသော တပ်ဖွဲ့ဝင်နှစ်ဦးကို ရာထူးတံဆိပ် တပ်ဆင်ပေးအပ်ခြင်းနှင့် မဘိမ်းမြို့နယ် ရဲတပ်ဖွဲ့၏ မှုခင်းဖော်ထုတ်ဖမ်းဆီးမှု လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် တပ်ဖွဲ့ဝင်များ၊ အငြိမ်းစားရဲတပ်ဖွဲ့ဝင်များကို တာဝန်ရှိသူများက ထူးချွန်ဆုနှင့်လက်ဆောင်များ ပေးအပ်ခဲ့သည်။ **(ဖဓာ)**

# ဒုတိယသမ္မတဦးဉာဏ်ထွန်းနှင့်ဇနီး ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားနေ့နှင့် တပ်မတော်နေ့အထိမ်းအမှတ်ညစာစားပွဲသို့ တက်ရောက်ချီးမြှင့်

**ရန်ကုန် အောက်တိုဘာ ၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်တို့သည် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ပြည်လမ်းရှိ နိုဗိုတယ်ဟိုတယ်၌ကျင်းပသည့် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားနေ့နှင့် တပ်မတော်နေ့ အထိမ်းအမှတ်ညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ကြသည်။

အဆိုပါညစာစားပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာနိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့်ဇနီးတို့သည် ညနေ ၆ နာရီခွဲတွင် ညစာစားပွဲကျင်းပသည့် နိုဗိုတယ်ဟိုတယ်သို့ ရောက်ရှိလာကြရာ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး Mr.Lee Beak-soon နှင့်ဇနီးတို့က ကြိုဆိုကြသည်။




**ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားနေ့နှင့် တပ်မတော်နေ့အထိမ်းအမှတ်ညစာစားပွဲအခမ်းအနားတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။** (သတင်းစဉ်)




ယင်းနောက် အခမ်းအနားကိုကျင်းပရာ ရှေးဦးစွာ နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများကို ဂုဏ်ပြုတီးမှုတ်ကြသည်။

ထို့နောက် ဒုတိယသမ္မတဦးဉာဏ်ထွန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး Mr.Lee Beak-soon တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဉာဏ်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် စစ်သံမှူးတို့က ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားနေ့နှင့် တပ်မတော်နေ့အထိမ်းအမှတ် ကိတ်မုန့်ကို လှီးဖြတ်ပေးကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဒုတိယသမ္မတဦးဉာဏ်ထွန်းနှင့်ဇနီးနှင့် တက်ရောက်လာကြသူများအား ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးနှင့်ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံသည်။

**(သတင်းစဉ်)**

**ဒုတိယသမ္မတ ဦးဉာဏ်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် စစ်သံမှူးတို့က ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားနေ့နှင့် တပ်မတော်နေ့အထိမ်းအမှတ် ကိတ်မုန့်ကို လှီးဖြတ်ပေးကြစဉ်။** (သတင်းစဉ်)

# တပ်မတော်နှင့် သတင်းမီဒီယာများ ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁**

သတင်းမီဒီယာများအနေဖြင့် တပ်မတော်နှင့် ပတ်သက်သည့် သဘောသဘာဝအခေါ်အဝေါ်အသုံးအနှုန်းများ သိရှိနိုင်စေရေးနှင့် သတင်းအချက်အလက်များ မှန်ကန်မြန်ဆန်စွာ စီးဆင်းစေရေးအတွက် မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ)က ပြုလုပ်သော တပ်မတော်နှင့် သတင်းမီဒီယာများ ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် မိုးကောင်းဘုရားလမ်းရှိ မြဝတီစာပေတိုက်၌ ကျင်းပရာ **(ယာပုံ)** မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ) ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေး(ဖိုးသောကြာ)၊ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီမှ တာဝန်ရှိသူများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်စိုးနိုင်ဦးနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်တွင်းပြည်ပသတင်းမီဒီယာများ၊ တာဝန်ရှိသူများနှင့် သတင်းထောက်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ) ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေး (ဖိုးသောကြာ)က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်စိုးနိုင်ဦးက တက်ရောက်လာသော သတင်းမီဒီယာများနှင့် မိတ်ဆက်စကားပြောကြားသည်။ ယင်းနောက် The Trade Times ဂျာနယ်မှ အယ်ဒီတာ ဦးထိပ်တင်အောင်က တပ်မတော်ထံမှ သတင်းရယူရာတွင် ကြုံတွေ့ရသော အခက်အခဲများကို လည်းကောင်း၊ သမဂ္ဂဂျာနယ်မှ သတင်းထောက်ချုပ် ဒေါ်ရွှေမှုန်က လက်ငင်းဆောင်ရွက်ရမည့် အကြံပြုချက်များကိုလည်းကောင်း၊ The Voice ဂျာနယ် အယ်ဒီတာဦးအောင်စိုးက ရေရှည်ဆက်ဆံရေးဆိုင်ရာများကို လည်းကောင်း၊ ဧရာဝတီသတင်းဂျာနယ် အယ်ဒီတာ ဦးဇော်ဇော်အောင်က Agreement ဆိုင်ရာများကို လည်းကောင်း ဆွေးနွေးကာ အလုပ်ရုံဆွေးနွေးပွဲကို မွန်းလွဲ ၂ နာရီခွဲတွင် ခေတ္တရပ်နားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ညနေ ၃ နာရီတွင် ပြန်လည်စတင်ခဲ့ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်စိုးနိုင်ဦးက တပ်မတော်၏ လုပ်ငန်းတာဝန်များနှင့် အသိပညာအချက်အလက်ဗဟုသုတများကိုလည်းကောင်း၊ တက်ရောက်လာကြသော အရာရှိကြီးများက စစ်ဥပဒေဆိုင်ရာများ၊ သတင်းမီဒီယာဆိုင်ရာများ၊ တပ်မတော်၏ လေ့ကျင့်ရေးပိုင်းဆိုင်ရာများ၊ တပ်မတော်(လေ) ဆိုင်ရာများ၊ အွန်လိုင်းမီဒီယာဆိုင်ရာများ၊ တပ်မတော်(ရေ) ဆိုင်ရာများ၊ စစ်ရေးပိုင်းဆိုင်ရာများနှင့် တပ်မတော်မော်ကွန်းတိုက်ဆိုင်ရာများကို ရှင်းလင်းဆွေးနွေးကြပြီး မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ)အတွင်းရေးမှူး ဦးကျော်မင်းဆွေနှင့်ဗိုလ်ချုပ်စိုးနိုင်ဦးတို့က ဖြည့်စွက်ဆွေးနွေးကြသည်။ ယင်းနောက် သဘာပတိ ဒေါက်တာမျိုးသန့်တင်က နိဂုံးချုပ်စကားပြောကြားကာ အလုပ်ရုံဆွေးနွေးပွဲကို ညနေ ၅ နာရီ ၃၅ မိနစ်တွင် ရပ်နားခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



# မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သစ်ပင်များလဲပြို

**မကွေး အောက်တိုဘာ ၁**

မကွေးမြို့တွင် စက်တင်ဘာ ၃၀ ရက် ညပိုင်းက လေပြင်းများတိုက်ခတ်ပြီး မိုးရွာသွန်းမှုကြောင့် သစ်ပင်များ လဲပြိုမှုဖြစ်ပွားခဲ့ပြီး လျှပ်စစ်မီးများ ပြတ်တောက်ခဲ့သည်။

လေပြင်းတိုက်ခတ်ပြီး မိုးများရွာသွန်းမှုကြောင့် လဲပြိုခဲ့သည့် သစ်ပင်များကို မီးသတ်တပ်ဖွဲ့ဝင်များက ခုတ်ထွင်ရှင်းလင်းပြီး လမ်းပိတ်ဆို့မှုများကို ရှင်းလင်းဆောင်ရွက်ပေးခဲ့သည်။ သစ်ပင်များပြိုလဲမှုကြောင့် လမ်းမီးတိုင်သုံးတိုင်ခန့် ကျိုးကျခဲ့ပြီး လျှပ်စစ်မီးပြတ်တောက်ခဲ့ရာ မြို့နယ်လျှပ်စစ်ဌာနက စစ်ဆေးပြုပြင်လျက်ရှိကြောင်း သိရသည်။

**ညီညီမောင်(မကွေး)**

## နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက်မဲဆန္ဒရှင်များသို့ ကြိုတင်ဆန္ဒမဲလက်မှတ်များပေးပို့မှုဆောင်ရွက်ခြင်းအား အသိပေးခြင်း

၂၀၁၅ ၊ အောက်တိုဘာ ၁

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပသို့ရောက်ရှိနေသော ကြိုတင်ဆန္ဒမဲပေးရန် ပုံစံ(၁၅)ဖြင့် တောင်းခံထားသည့် မဲဆန္ဒရှင်များအတွက် ကြိုတင်ဆန္ဒမဲလက်မှတ်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာသံရုံးအသီးသီးသို့ အချိန်မီပေးပို့နိုင်ရန်ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင် သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးမှ ကြိုတင်ဆန္ဒမဲလက်မှတ်များကို တာဝန်ခံ၍ထုတ်ပေးမည့်သူများက အောက်တိုဘာ ၃ ရက်မှ စတင်ပြီး ကြိုတင်ဆန္ဒမဲလက်မှတ်များတွင် လက်မှတ်ရေးထိုးခြင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတံဆိပ်တုံးရိုက်နှိပ်ခြင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လွှဲပြောင်း/လက်ခံခြင်းတို့ကို ဆောက်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ပြည်တွင်းပြည်ပရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့် မီဒီယာများအနေဖြင့် လာရောက်လေ့လာနိုင်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**




## ကုလသမဂ္ဂထူထောင်ခြင်း နှစ်(၇၀)ပြည့်အထိမ်းအမှတ် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ ကြေညာချက်ထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၁**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘောအစည်းအဝေး၊ အာဆီယံနှင့် ကုလသမဂ္ဂအကြား ဝန်ကြီးအဆင့်အစည်းအဝေး၊ အာဆီယံ-အမေရိကန် နိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘောအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်သည်။ **(အပေါ်ပုံ)**

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘောအစည်းအဝေးကို စက်တင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီက နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပခဲ့ပြီး အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအနေဖြင့် "ကုလသမဂ္ဂထူထောင်ခြင်း နှစ်(၇၀)ပြည့်မြောက်အထိမ်းအမှတ်အဖြစ် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ ကြေညာချက်" တစ်ရပ်ကို ထုတ်ပြန်သည်။

ယင်းအစည်းအဝေးအပြီးတွင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် အကြိမ်(၇၀)မြောက် ကုလသမဂ္ဂအထွေထွေညီလာခံဥက္ကဋ္ဌတို့အကြား နှစ်စဉ်ကျင်းပသည့် အာဆီယံ-ကုလသမဂ္ဂဝန်ကြီးအဆင့်အစည်းအဝေးကို ကုလသမဂ္ဂဌာနချုပ်၌ ဆက်လက်ကျင်းပသည်။ အစည်းအဝေးအပြီးတွင် အာဆီယံ-ကုလသမဂ္ဂအစည်းအဝေး၏ ပူးတွဲသတင်းကြေညာချက်ကို ထုတ်ပြန်သည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီး မစ္စတာဂျွန်ကယ်ရီတို့အကြား ကျင်းပသည့် အာဆီယံ-အမေရိကန်ပြည်ထောင်စုအလွတ်သဘော ဝန်ကြီးအဆင့်အစည်းအဝေးကို စက်တင်ဘာ ၃၀ ရက်က နယူးယောက်မြို့ ပဲလေ့စ်ဟိုတယ်၌ ကျင်းပသည်။

အထက်ပါအစည်းအဝေးများအပြင် အာဆီယံနှင့် အခြားသော ဒေသဆိုင်ရာ အဖွဲ့အစည်းများအကြား ကျင်းပသည့် အစည်းအဝေးများအနက် ဒုတိယအကြိမ် အာဆီယံနှင့် ပစိဖိတ်မဟာမိတ်များအဖွဲ့အကြား အစည်းအဝေးကို စက်တင်ဘာ ၂၈ ရက် နံနက်က ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပသည်။

**(သတင်းစဉ်)**

## သတင်းအတတ်ပညာ ကျောင်းသား၊ ကျောင်းသူများ အလုပ်သင်လက်တွေ့စတင်

**ရန်ကုန် အောက်တိုဘာ ၁**

ရန်ကုန်မြို့ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် နောက်ဆုံးနှစ် သတင်းအတတ်ပညာသင်တန်းမှ ကျောင်းသားကျောင်းသူများသည် ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့သတင်းစဉ်(ပြည်တွင်း)မှစတင်ကာ အလုပ်သင်လက်တွေ့သင်တန်း (On Job Training) ဆင်းကြသည်။

အလုပ်သင်လက်တွေ့သင်တန်းဆင်းခြင်းမှာ ယခုနှစ်အပါအဝင် ငါးကြိမ်မြောက်ရှိပြီး စာသင်နှစ် လေးနှစ်ပြီးဆုံးပြီးနောက် လက်တွေ့ကွင်းဆင်းလေ့လာခြင်းဖြစ်သည်။ လက်တွေ့ကွင်းဆင်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရှိ မြန်မာ့သတင်းစဉ်၊ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတိုက်သို့ လည်းကောင်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဌာနသို့ လည်းကောင်း သုံးလတာ လက်တွေ့ကွင်းဆင်းလေ့လာသင်ယူကြမည်ဖြစ်ကြောင်း သိရသည်။ **ဆုမြတ်ပိုင်**

## Nepal Tourism Promotion Event 2015 အခမ်းအနားကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁**

Nepal Tourism Promotion Event 2015 ကို ယမန်နေ့ညပိုင်းက ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပရာ အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး H.E.Mr. Paras Ghimire တို့က ဆီမီးတိုင်ထွန်းညှိပြီး Nepal Tourism Promotion Event 2015 ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် သံအမတ်ကြီး H.E.Mr. Paras Ghimire က Nepal Tourism Promotion Event 2015 ကို ကျင်းပခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ ကုန်သွယ်မှု၊ ခရီးသွားလာမှုများတိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် နီပေါရိုးရာယဉ်ကျေးမှု အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ပြီး လုမ္ဗိနီဥယျာဉ်နှင့် နီပေါနိုင်ငံရှိ ဗုဒ္ဓဘာသာဆိုင်ရာနေရာများကို ဗီဒီယိုပြကွက်ဖြင့်ပြသပြီး ဧည့်သည်တော်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

## တာချီလိတ်မြို့မှ အသက် ၁၂၀ ခန့်ရှိ အဘိုးအား ငွေကျပ် ၁၀ သိန်းလှူဒါန်း

**ကျိုင်းတုံ အောက်တိုဘာ ၁**

အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့အခမ်းအနားကို အောက်တိုဘာ ၁ ရက် ညနေ ၃ နာရီက ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက်နေ အသက် ၁၁၈ နှစ်ရှိ အဘိုး ဦးအိုက်ခမ်းအတွက် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေး ဗဟိုကော်မတီက ချီးမြှင့်သော ဂုဏ်ပြုငွေကျပ် ၁၀ သိန်းကို ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးခိုင်ထွန်းဦးက ပေးအပ်ရာ အဘိုးကိုယ်စား မိသားစုဝင်တစ်ဦးက လက်ခံယူကြောင်း သိရသည်။

အခမ်းအနားတွင် အသက် ၁၁၀ နှစ်ရှိ အဘိုးဦးအုံးဖေက ဆုပေးသြဝါဒစကား ပြောကြားသည်။ အဘိုးအဘွားများအား အာဟာရကျွေးမွေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်ခြင်းများ ဆောင်ရွက်ပေးကာ ကျိုင်းတုံမြို့နယ်၌ အသက် ၉၀ အထက် အဘိုးအဘွား ၇၃ ဦးရှိရာ အဘိုး ၁၃ ဦးနှင့် အဘွား ၂၀ တက်ရောက်ကြပြီး မတက်ရောက်နိုင်သော အဘိုးအဘွားများအတွက် အလှူငွေနှင့်ပစ္စည်းများ အိမ်တိုင်ရာရောက် သွားရောက်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

## ပြည်သူ့အငှားအိမ်ရာစီမံကိန်းများ လက်ရှိဘဏ္ဍာရေးနှစ်အတွင်း အပြီးတည်ဆောက်မည်



မုံရွာမြို့နေ ဝန်ထမ်းများအတွက် အငှားချပေးထားသော နန္ဒဝန်အိမ်ရာကို တွေ့ရစဉ်။

**မုံရွာ အောက်တိုဘာ ၁**

သတင်းနှင့်ဓာတ်ပုံ
မြတ်မွန်ထွေး(မြန်မာ့အလင်း)

အိုးအိမ်မဲ့မိသားစုပြည်သူများကို အသက်သာဆုံးဈေးနှုန်းဖြင့် ငှားရမ်းနေထိုင်ခွင့်ပြုပေးနိုင်မည့် ပြည်သူ့အငှားအိမ်ရာစီမံကိန်းကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မုံရွာမြို့နှင့် ရွှေဘိုမြို့တို့၌ ပြီးခဲ့သည့် သြဂုတ်လ တတိယပတ်က စတင်အကောင်အထည်ဖော်တည်ဆောက်လျက်ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အပြီးတည်ဆောက်မည်ဖြစ်ပြီး ဝင်ငွေနည်းမိသားစုများအတွက် နေရာချထားပေးနိုင်တော့မည်ဖြစ်ကြောင်း တိုင်းဒေသကြီးမြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးမှ သိရသည်။

"မုံရွာမှာ ၁၂ ခန်းတွဲ ငါးထပ်နဲ့ ရွှေဘိုမှာ ၁၂ ခန်းတွဲ ငါးထပ် အားလုံး လေးလုံးတည်ဆောက်နေပါတယ်။ စုစုပေါင်း တိုက်ခန်း ၂၄၀ ရပါမယ်။ အိမ်မဲ့ဝန်းမဲ့ပြည်သူတွေ၊ အိမ်မဲ့ပင်စင်စားဝန်ထမ်းတွေ၊ မသန်စွမ်းထိခိုက်ဒဏ်ရာရ စစ်သည်ဝန်ထမ်းတွေကို ဦးစားပေးနေရာချထားပေးမှာပါ" ဟု အဆိုပါရုံးမှ ညွှန်ကြားရေးမှူး ဦးရွှေဝင်းကပြောသည်။

အဆိုပါစီမံကိန်းအတွက် နိုင်ငံတော်သမ္မတရန်ပုံငွေထဲမှ တည်ဆောက်ရေးခွင့်ပြုငွေ နှစ်ဘီလီယံ ခွင့်ပြုချက်ရထားပြီး တည်ဆောက်နေခြင်းဖြစ်ကြောင်းနှင့် အိုးအိမ်မဲ့ ပြည်သူများအတွက် ဈေးနှုန်းသက်သာသော အငှားစနစ်ဖြင့် နေရာချပေးနိုင်မည်ဖြစ်ပြီး အမှန်တကယ် လက်ရှိအိမ်ငှားနေရသူများကို အဓိကထားငှားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"အိမ်မဲ့ဝင်းမဲ့ ဝင်ငွေနည်းပြည်သူတွေ အတွက်ပါ။ အိမ်ငှားဖို့ စည်းကမ်းသတ်မှတ်ချက်အနေနဲ့ တိကျတဲ့မူဝါဒ လောလောဆယ်မချမှတ်ရသေးပါဘူး။ အိမ်ငှားစည်းကမ်းအတိုင်း လိုက်နာနိုင်မယ်။ အိမ်လခ လစဉ်ပေးဆောင်နိုင်မယ့် ပုံမှန်ဝင်ငွေရှိသူလည်း ဖြစ်မယ်ဆိုရင်တော့ ရနိုင်ပါတယ်။ လက်ရှိက တည်ဆောက်ဆဲကာလဆိုတော့ အိမ်ရာအငှားချဖို့ လျှောက်လွှာခေါ်နိုင်ရင် တစ်လပိုင်းလောက်မှပဲဖြစ်နိုင်ပါမယ်" ဟု အဆိုပါရုံးမှ ဦးစီးအရာရှိ ဦးနိုင်လင်းက ပြောသည်။

မုံရွာမြို့မြောက်ပိုင်း မြို့သစ်ရပ်ကွက် မြို့သစ်ဈေးအနောက်ဘက်ရှိ စည်ပင်သာယာအဖွဲ့ပိုင်မြေပေါ်တွင် အဆိုပါ အငှားချအိမ်ရာစီမံကိန်း ၁၂ ခန်းတွဲ ငါးထပ်ရှိတိုက်နှစ်လုံးတည်ဆောက်လျက်ရှိပြီး မုံရွာမြို့မှာပင် တိုက်ခန်း ၁၂၀ မိသားစု ၁၂၀ စုအတွက် အိမ်ရာချထားပေးနိုင်မည်ဖြစ်သည်။ ရွှေဘိုမြို့ မင်းကျောင်းကျေးရွာ၌လည်း အလားတူ ၁၂ ခန်းတွဲ ငါးထပ်တိုက် နှစ်လုံးတည်ဆောက်လျက်ရှိရာ ရွှေဘိုမြို့ပတ်ဝန်းကျင်တွင် နေထိုင်လျက်ရှိသော အိုးအိမ်မဲ့မိသားစု ၁၂၀ တို့ကို နေရာချထားပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

# ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းများပို့ဆောင်လျက်ရှိ

**နေပြည်တော်　အောက်တိုဘာ　၁**

ဘဘာဝဘေးအန္တရာယ် ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်များဖြင့် ဆက်လက်ပေးပို့လျက်ရှိရာ ယနေ့တွင် ပြည်တွင်းလေကြောင်းလိုင်းဖြစ်သည့် ကမ္ဘောဇလေကြောင်းမှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ ခေါက်ရေတစ်ခေါက်ဖြင့် ကျောက်စိမ်းပိတ်စလိပ်များကို ပေးပို့ခဲ့သည်။

ထို့ပြင် သဘာဝဘေးအန္တရာယ် ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် စက်တင်ဘာ ၃၀ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းသည့် Waterpump အလုံး ၁၃၀၀ နှင့် Mosquito net ၂၂၃၆ လုံး စုစုပေါင်းကုန်တန်ချိန် ၁၀၃၄၃၀ ကီလိုဂရမ်ကို Uni-Top Airlines B 747-200F လေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ရာ အဆိုပါပစ္စည်းများကို ကျန်းမာရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပြီး ဆက်လက်၍ ဖြန့်ဝေပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရေကြီးရေလျှံခဲ့သော ကျေးရွာများ၌ ကလေးပျော်နေရာများ ပြုလုပ်လျက်ရှိ

**ကောလင်း အောက်တိုဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ ရေကြီးရေလျှံခဲ့သော ကျေးရွာများ၌ ကလေးပျော် နေရာများ ပြုလုပ်ဆောင်ရွက်လျက်ရှိသည်။ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးရဲမြတ်တင့်သည် စက်တင်ဘာ ၂၉ ရက်က လူမှုဝန်ထမ်းဦးစီးဌာနနှင့် ကုလသမဂ္ဂနိုင်ငံတကာ ကလေးများအရေးပေါ်ရန်ပုံငွေအဖွဲ့ (UNICEF) တို့ ပူးပေါင်း၍ ကလေးပျော်နေရာပြုလုပ်နေသော ရေကန်သာကျေးရွာသို့ သွားရောက်၍ ကလေးများအား ပုံပြောခြင်း၊ ပုံဆွဲခြင်း၊ ပုံများ ဆေးခြယ်ခြင်း ပြုလုပ်နေမှုကို ကြည့်ရှုအားပေးပြီးနောက် ကလေးများကို ပုံဆွဲစာအုပ်များနှင့် ရောင်စုံခဲတံများကို ပေးအပ်ခဲ့သည်။ ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာနက အမျိုးသမီးများအား နှစ်သိမ့်ပညာပေးဆွေးနွေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။



**ကိုကိုမောင်(ကောလင်း)**

# တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မိုးရွာသွန်းမည့်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ အောက်တိုဘာ ၂ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာနိုင်သည်။ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတို့တွင် နေရာကွက်ကျားမိုးရွာနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**(မြန်မာ့အလင်း)**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁**

ရေကြီး၊ ရေလျှံမှုနှင့် မြေပြိုမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း ပြည်ပအစိုးရများ၊ အဖွဲ့အစည်းများ၊ ပြည်သူများက အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိရာ နေပြည်တော်(ရုံးချုပ်)၌ ယနေ့တွင် အလှူငွေလက်ခံရရှိမှုမရှိသော်လည်း ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ပန်းဘဲတန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က ငွေကျပ် ၄၀၀၀၀၊ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း (ဗိုလ်တထောင်) ကျောင်းသား ကျောင်းသူများက ငွေကျပ် ၃၆၄၀၀၀ တို့ကို လက်ခံရရှိသည်။

သို့ဖြစ်၍ ဇူလိုင် ၂၉ ရက်မှ အောက်တိုဘာ ၁ ရက်အထိ အလှူရရှိငွေစုစုပေါင်းမှာ ၇၉၉၉၈၁၇၁၁၃ ကျပ် ၆၁ ပြား၊ အမေရိကန်ဒေါ်လာ ၃၁၉၀၇၂၀ ဒသမ ၈၀၊ ယူရို ၃၀၀ ဖြစ်ပြီး အဆိုပါ လက်ခံရရှိသော အလှူငွေနှင့် ပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကချင်နှင့် ချင်းပြည်နယ်တို့တွင် လမ်းအဆင့်မြှင့်တင်တည်ဆောက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးစီမံချက်အတွက် သဘောတူစာချုပ်လက်မှတ်ရေးထိုး

နေပြည်တော် အောက်တိုဘာ ၁

**ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောင်ရွက်သော ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် လမ်း အဆင့်မြှင့်တည်ဆောက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးစီမံချက်အတွက် ထောက်ပံ့ရေးသဘောတူစာချုပ် Grant Agreement လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို အောက်တိုဘာ ၁ ရက် မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က အမှာစကား ပြောကြားသည်။

ထို့နောက် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှ Chief Representative Mr. Keiichiro NAKAZAWA က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဖေနှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) မှ Chief Representative Mr. Keiichiro NAKAZAWA တို့က ထောက်ပံ့ရေးသဘောတူစာချုပ် Grant Agreement ကို လက်မှတ်ရေးထိုးပေးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်လင်းက ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသော လမ်းပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယနေ့ကျင်းပသည့် Grant Agreement လက်မှတ်ရေးထိုးခြင်းသည် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအင်ဂျင်စီ (JICA) အနေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော ကချင်ပြည်နယ် ရွှေဘို- မြစ်ကြီးနားလမ်း (နန့်စီးအောင်-မြစ်ကြီးနားအပိုင်း) ၁၄၁ ကီလိုမီတာနှင့် ချင်းပြည်နယ် ကလေး-ဖလမ်း-ဟားခါးလမ်း(ဖလမ်းအပိုင်း) ၁၀၉ ကီလိုမီတာတို့ကို လမ်းအဆင့်မြှင့်တင်တည်ဆောက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး စီမံချက်အတွက် Ledger Management System ၊ စက်မှုသင်တန်းကျောင်းသုံးစက်ငါးမျိုး အစီး ၂၀၊ လမ်း၊ တံတားသုတေသနသုံး Test Equipment များနှင့် စက်၊ ယာဉ်၊ ယန္တရား ၂၃ မျိုး ၁၇၉ စီးဝယ်ယူရန်အတွက် စုစုပေါင်း ဂျပန်ယန်း သန်း ၂၇၄၀ ကို ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) က အထောက်အပံ့ပေးခြင်းဖြစ်ပြီး ယခင်နှစ်တွင်လည်း ကရင်ပြည်နယ်အတွက် ဂျပန်ယန်း ၇၅၉ သန်းဖြင့် စက်၊ ယာဉ်၊ ယန္တရား ၁၈ မျိုး စုစုပေါင်း ၆၃ စီးကို လည်းကောင်း၊ ယခုနှစ် ရခိုင်ပြည်နယ်အတွက် ထောက်ပံ့ငွေ ဂျပန်ယန်း ၇၃၈ သန်းဖြင့် ယာဉ်၊ ယန္တရား ၁၈ မျိုး စုစုပေါင်း ၅၄ စီးအတွက် လည်းကောင်း ထောက်ပံ့ပေးခဲ့ရာ ယနေ့ကျင်းပသည့် ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့၌ ထောက်ပံ့မှုမှာ တတိယအကြိမ် ထောက်ပံ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ဂန့်ဂေါ-ကလေးလမ်း မိုင်(၇၈/၃-၇၈/၄)ကြားရှိ ဇင်းကလင်းတံတား မူလ ပေ ၁၁၀ မှ ချဉ်းကပ်လမ်းပြတ်ပါသွားသည်ကို တွေ့ရစဉ်။

(ဆောက်လုပ်ရေး)



ဂန့်ဂေါ-ကလေးလမ်း မိုင်(၇၈/၃-၇၈/၄)ကြားရှိ ဇင်းကလင်း(၃/၇၉) မူလ ပေ ၁၁၀ မှ ချဉ်းကပ်လမ်းရေတိုက်စားသွားသည့်အပိုင်းကို ပေ ၁၀၀ ဘေလီတံတား ထပ်ထိုးတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက် ပြီးစီး၍ ယာဉ်များ ဖြတ်သန်းသွားလာနေသည်ကို တွေ့ရစဉ်။ (ဆောက်လုပ်ရေး)

## နိုင်ငံ့အဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

# သက်ကြီးရွယ်အိုများတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် လူမှုအခွင့်အရေးများကို လူ့အသိုက်အဝန်းတစ်ခုလုံးက သိရှိပြည့်ဆည်းပေးရန် လိုအပ်



**နေပြည်တော် အောက်တိုဘာ ၁**

**ဘိုးဘွားအားလုံးပါဝင်ဖို့၊ ရေရှည်တည်အောင်ကြိုးပမ်းစို့** ဟူသောဆောင်ပုဒ်ဖြင့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို ယနေ့တွင် နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟို ဌာန-၂ ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနား၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်မြတ်မြတ်အုန်းခင်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံလူမှုကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်အရ သက်ကြီးရွယ်အိုများအတွက် လူမှုရေးပင်စင် ထောက်ပံ့ပေးခြင်းနှင့် သက်ကြီးသူချင်းကူညီစောင့်ရှောက်ရေး အဖွဲ့များအား ထောက်ပံ့ပေးခြင်း လုပ်ငန်းများအပါအဝင် လူမှုရေးအရ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်အုပ်စုများကို သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် တစ်ဆင့်ပြီးတစ်ဆင့် ထောက်ပံ့ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

သက်ကြီးရွယ်အိုများ၏ လူမှုရေးအရ အထီးကျန်ဆန်ခြင်းနှင့် သက်ကြီးရွယ်အိုများ၏ အခန်းကဏ္ဍများကို ပိုမိုတိုးမြှင့်နိုင်ရန်အတွက် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းနှင့် ပါရမီလမ်းထောင့် အမှတ်(၆၄)တွင် နိုင်ငံတော်အနေဖြင့် အခမဲ့ ပထမဆုံး သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်မှုဂေဟာကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၀ ရက်က ဖွင့်လှစ်ခဲ့ပြီး အသက် ၇၀ နှစ်အထက် အဘိုးအဘွား ၁၀၀ ကျော်ကို အစိုးရရုံးပိတ်ရက်များမှအပ နေ့စဉ်ပြုစုစောင့်ရှောက်ပေးလျက်ရှိပါကြောင်း။

မိမိတို့ ဝန်ကြီးဌာနက ယခုအချိန်အထိ အသိအမှတ်ပြုထားပြီးသည့် ပထမအဆင့် ဘိုးဘွားရိပ်သာ ၃၃ ခု၊ ဒုတိယအဆင့် ဘိုးဘွားရိပ်သာ ၁၅ ခု၊ တတိယအဆင့် ဘိုးဘွားရိပ်သာ ၂၃ခု စုစုပေါင်းဘိုးဘွားရိပ်သာ ၇၁ခုတို့သို့ ယခုနှစ်ဘဏ္ဍာရေးနှစ်အတွင်း စုစုပေါင်း ထောက်ပံ့ငွေကျပ်သိန်း ၁၃၈၀ ကျော်ကို ထောက်ပံ့ပေးခဲ့ပါကြောင်း။

မြန်မာနိုင်ငံသည်လည်း အခြားအရှေ့တောင်အာရှ နိုင်ငံများကဲ့သို့ သက်ကြီးရွယ်အိုဦးရေ လျင်မြန်စွာ တိုးပွားနေသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ထုတ်ပြန်ချက်အရ မိမိတို့နိုင်ငံတွင် လူဦးရေ သန်း ၅၀ ကျော်အနက် ၄ ဒသမ ၅ သန်းသည် အသက် ၆၀ နှင့်အထက် သက်ကြီးရွယ်အိုများဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ၁၉၉၉ ခုနှစ်ကစပြီး အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုနှစ်သည် ၁၇ နှစ်မြောက်ဖြစ်ပါကြောင်း၊ သက်ကြီးရွယ်အိုများတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် ဆင်းရဲမှု၊ ကျန်းမာရေးမပြည့်စုံမှု၊ လူမှုရေးအထီးကျန်ဆန်မှုနှင့် လူမှုအခွင့်အရေးများကို လူ့အသိုက်အဝန်းတစ်ခုလုံးက သိရှိပြည့်ဆည်းပေးနိုင်ရန်နှင့် အနာဂတ်တွင် တိုးပွားများပြားလာမည့် သက်ကြီးရွယ်အိုများ၏ အရေးကိစ္စများကို ကြိုတင်တွေးဆ ဆောင်ရွက်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပရခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

အခမ်းအနားတွင် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်က ပေးပို့ခဲ့သော သဝဏ်လွှာကို UN Resident and Humanitarian Coordinator ဖြစ်သူ ဒေါက်တာ ဂျန်ဒီကူနာက ဖတ်ကြားသည်။

ထို့နောက် တစ်နိုင်ငံလုံးတွင် အသက်အကြီးဆုံး အဘိုးဖြစ်သူ ရှမ်းပြည်နယ် တာချီလိတ်မြို့နယ်မှ အသက် ၁၁၈ နှစ်အရွယ် အဘိုးဦးအိုက်ခမ်းနှင့် တစ်နိုင်ငံလုံးတွင် အသက်အကြီးဆုံး အဘွားဖြစ်သူ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်မှ အသက် ၁၂၃ နှစ်အရွယ် အဘွားဒေါ်မြကြည်တို့ နှစ်ဦးကိုယ်စား အဘိုးတစ်ဦးအား ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်သည်။

ရပ်ရွာအခြေပြု သက်ကြီးရွယ်အိုစောင့်ရှောက်ရေးနှင့် ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့ (မြန်မာ)မှ အဘွားဒေါ်ခင်နန်းကြည်က ရှင်းလင်းတင်ပြသည်။

ထို့နောက် ယနေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် အဘိုးအဘွားများအား ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဆေးဝါးပစ္စည်းနှင့် အလှူငွေများပေးအပ်ခဲ့ပြီး အဘိုးအဘွားများကိုယ်စား နေပြည်တော်ကောင်စီနယ်မြေ ဗလသိဒ္ဓိရပ်ကွက်မှ အဘိုးဦးမောင်မောင်ခင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**(သတင်းစဉ်)**

## နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံခြားပညာတော်သင် စေလွှတ်

၁။ နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် နိုင်ငံတကာအတွေ့အကြုံများ ရရှိပြီး မိခင်နိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်အခါ ဌာနအတွက် အကျိုးရှိစွာ အသုံးချနိုင်ရန် ရည်ရွယ်လျက် ပြည်ပအဖွဲ့အစည်းများ၏ ပညာသင်ဆုကမ်းလှမ်းမှု အစီအစဉ်အရ ပညာသင်ဆုများကို ဝန်ကြီးဌာနများနှင့် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးသို့ စနစ်တကျ ခွဲဝေ သတ်မှတ်ပေးပြီး အဆိုပြုချက်များကိုစိစစ်၍ နိုင်ငံခြားပညာတော်သင်များ စေလွှတ်ပေးလျက်ရှိပါသည်။

၂။ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလအတွင်း ပါရဂူဘွဲ့၊ မဟာသိပ္ပံ / ဝိဇ္ဇာဘွဲ့၊ ဒီဂရီ၊ ဒီပလိုမာသင်တန်းသို့ ပညာသင် ၁၉၈ ဦးနှင့် ဘွဲ့မယူသောသင်တန်း (Training)သို့ ပညာသင် ၃၈၈ ဦး၊ စုစုပေါင်း ပညာသင် ၅၈၆ ဦးကို ပြည်ပနိုင်ငံ ၂၉ နိုင်ငံသို့ သွားရောက်ပညာသင်ယူဆည်းပူးနိုင်ရေး စီမံဆောင်ရွက်ပေးခဲ့ပါသည်။ စက်တင်ဘာလအတွင်း နိုင်ငံ့ဝန်ထမ်းများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ ပညာသင်အများဆုံး စေလွှတ်ခဲ့ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**နိုင်ငံခြားပညာတော်သင်စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီ**
**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

## မိုးလေဝသအခြေအနေ

၁-၁၀-၂၀၁၅

### မှတ်သားဖွယ်ရာမိုးရေချိန်များ

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျောက်တော်မြို့တွင် ၃ ဒသမ ၉၄လက်မ၊ ပျော်ဘွယ်မြို့တွင် ၂ ဒသမ ၈၀လက်မ၊ မြောက်ဦးမြို့တွင် ၂ ဒသမ ၄၈ လက်မ၊ နေပြည်တော်(တပ်ကုန်း)တွင် ၁ ဒသမ ၇၇ လက်မ၊ လှိုင်ကော်မြို့တွင် ၁ ဒသမ ၆၉ လက်မနှင့် မချမ်းဘောမြို့တွင် ၁ ဒသမ ၅၄ လက်မတို့ ဖြစ်ကြသည်။

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလား ပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

### မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

### မိုးထစ်ချုန်းရွာမည်

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ **(မိုး/ဇလ)**

## ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်ဖိတ်ခေါ်ခြင်း

၁။ ရေကြီးနစ်မြုပ်မှုဒဏ်ခံခဲ့ရသည့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်နှင့် တမူးခရိုင်များတွင် နေအိမ်များ လုံးဝပျက်စီးသွားသည့် ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရက သင့်လျော်သည့် တန်ဖိုးသင့်အိမ်များကို ပြန်လည်ဆောက်လုပ်ပေးရန် စီစဉ်လျက်ရှိပါသည်။

၂။ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းအနေဖြင့်ဖြစ်စေ နိုင်ငံတော်အစိုးရနှင့်အတူ ပါဝင်ကူညီဆောင်ရွက်နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ ပြန်လည်ဆောက်လုပ်ပေးမည့် တန်ဖိုးသင့်အိမ်များ၏ ခန့်မှန်းတန်ဖိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ ဆောက်လုပ်ရေးပစ္စည်းများ လှူဒါန်းမှုအပေါ်မူတည်၍ ခန့်မှန်းတန်ဖိုးထက် ပိုမိုလျှော့နည်းနိုင်ပါသည်။

(က) မိသားစုငါးဦးနှင့်အထက်အတွက် အိပ်ခန်းနှစ်ခန်းပါ ပျဉ်ထောင်သွပ်မိုးအိမ်(၆၄၀ စတုရန်းပေ) ၄၄ ဒသမ ၄ သိန်း

(ခ) မိသားစုသုံးဦးအတွက် အိပ်ခန်းနှစ်ခန်းပါ ပျဉ်ထောင်သွပ်မိုးအိမ်(၅၄၀ စတုရန်းပေ) ၃၇ ဒသမ ၄ သိန်း

**ဆက်သွယ်လှူဒါန်းရန်-**

**ဦးခင်မောင်ရီ**
**အမြဲတမ်းအတွင်းဝန်**
**ရုံး(၂၈)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်**
**သစ်တောရေးရာဝန်ကြီးဌာန**
**ဖုန်း- ၀၆၇-၄၀၅၀၁၃၊ ၀၉-၂၀၀၇၄၅၄**

**တန်ဖိုးသင့်အိမ်ပုံစံ (၆၄၀ စတုရန်းပေ)**



**တန်ဖိုးသင့်အိမ်ပုံစံ (၅၄၀ စတုရန်းပေ)**



**ရေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့ (၅၁)နှစ်မြောက် နှစ်ပတ်လည်နေ့ ဂုဏ်ပြု မှတ်တမ်းဓာတ်ပုံများ

ဓာတ်ပုံမှတ်တမ်း - သတင်းစဉ်အဖွဲ့

နေပြည်တော်၌ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၂ ရက်မှ ၁၃ ရက်အထိ (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပခဲ့ရာ နိုင်ငံတကာခေါင်းဆောင်များ၏ ယာဉ်တန်းလုံခြုံရေး ဆောင်ရွက်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။






နိုင်ငံတော်နှင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးအတွက် ကာကွယ်စောင့်ရှောက်ပေးမည့် ရဲတပ်ဖွဲ့ဝင်များ မွေးထုတ်ပေးရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ သင်တန်းဆင်းအခမ်းအနားတစ်ခုကို တွေ့ရစဉ်။



နိုင်ငံတော်လုံခြုံရေးအတွက် နယ်စပ်ခြံစည်းရိုးတစ်လျှောက် ကင်းလှည့်နေသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။



ကျောင်းသူ ကျောင်းသားများ၏ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် စောင့်ရှောက်ကူညီပေးသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ယာဉ်ထိန်းရဲမေတစ်ဦးကို တွေ့ရစဉ်။



ကရင်ပြည်နယ်(အပေါ်ပုံ)နှင့်ပဲခူးတိုင်းဒေသကြီးအတွင်း(အောက်ပုံ)မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားရာ ပြည်သူများဘေးအန္တရာယ်ကင်းရေးအတွက် ကူညီဆောင်ရွက်ပေးသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ။




မြန်မာနိုင်ငံရဲတပ်ဖွဲ့ (၅၁)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပရာ ခင်းကျင်းပြသထားသည့် ဂုဏ်ပြုမှတ်တမ်းဓာတ်ပုံများကို ကျောင်းသား ကျောင်းသူများ ကြည့်ရှုလေ့လာကြစဉ်။



# ရွေးကောက်ပွဲအား လွတ်လပ်မျှတပြီးတည်ငြိမ်အေးချမ်းအောင်မြင်စွာ ကျင်းပနိုင်ရေးသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏အဓိက ရည်မှန်းချက်တာဝန်ဖြစ်



**နေပြည်တော် အောက်တိုဘာ ၁**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ (၅၁) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ် Grand Ballroom ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို၊ ဦးဝင်းမြင့်၊ ဒေါက်တာ ဒေါ်ခင်စန်းရီ၊ ဦးဝင်းရှိန်၊ ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၊ သံရုံးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲအရာရှိကြီးများ၊ တာဝန်ရှိသူများနှင့်ထူးချွန်ဆုရရှိကြသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လူ့အဖွဲ့အစည်းအတွင်း ပိုမိုထိရောက်ပြီး အကျိုးရှိသည့် ရဲတပ်ဖွဲ့လုပ်ငန်းဖြစ်သည့် ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ်ကို ဖော်ဆောင်ရာတွင် ပြည်သူတို့ယုံကြည်ကိုးစားမှုကို အခြေခံအုတ်မြစ်အဖြစ် တည်ဆောက်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်၊ မှုခင်းဖြစ်လာမှ တုံ့ပြန်ခြင်းထက် မဖြစ်ခင်ကတည်းက ကြိုတင်ကာကွယ်မှုများ ပြုလုပ်ခြင်းကို ဦးတည်ဆောင်ရွက်သွားကြရန်၊ လူတစ်ဦးချင်း အဆင့်မှသည် နိုင်ငံတော်အဆင့်ထိ ဦးစားပေးကာကွယ်ရမည့် မှုခင်းပြဿနာများကို ရှာဖွေ၍ မှုခင်းအန္တရာယ် ထိခိုက်နိုင်ခြေအများဆုံးသော ဒေသများ၊ ကဏ္ဍများပါဝင်သည့် မှုခင်းကြိုတင် ကာကွယ်ရေးဆိုင်ရာ အစီအစဉ်များကို ရေးဆွဲဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ပြည်သူက လေးစားယုံကြည်မှုပိုမိုရရှိလာစေရန် ရဲတပ်ဖွဲ့ဝင်များသည် အဂတိတရား ကင်းရှင်းကြရမည့်အပြင် တပ်ဖွဲ့ စည်းကမ်းနှင့် ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်းပြီး လူမှုအဖွဲ့အစည်းတစ်ရပ်လုံးကိုလည်း ဥပဒေနှင့်အညီ လုံခြုံမှုအကာအကွယ်ပေးသွားကြရမည်ဖြစ်ကြောင်း မီဒီယာများမှတစ်ဆင့် ပြည်သူလူထုသို့ အသိပေးခြင်းသည် ပွင့်လင်းမြင်သာမှုဟူသည့် တောင်းဆိုမှုကို ဖြည့်ဆည်းပေးနိုင်ရန် ထိရောက်မှုအရှိဆုံးသော နည်းလမ်းဖြစ်သည့်အတွက် မီဒီယာနှင့် ရဲတပ်ဖွဲ့ဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်ပြီး ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုကို တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် နိုင်ငံတစ်ဝန်းလုံး တစ်ပြိုင်တည်း ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီး အောင်အောင်မြင်မြင် ပြီးမြောက်နိုင်ရေးအတွက် ဖြစ်နိုင်ခြေရှိသည့် စိန်ခေါ်မှုများ၊ ကြုံတွေ့လာမည့် အခက်အခဲများကို ကြိုတင်သုံးသပ်အဖြေထုတ်ပြီးစီမံချက်များ၊ အစီအမံများချမှတ်ကာ အကောင်းဆုံးပြင်ဆင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ရွေးကောက်ပွဲအကြိုကာလမှ စတင်၍ ရွေးကောက်ပွဲလွန်ကာလအထိ အခြားတာဝန်ရှိသည့် ဌာနများနှင့် ပူးပေါင်း၍ လုံခြုံရေးအမြင်၊ လုံခြုံရေးသတိ၊ လုံခြုံရေးအသိတို့ဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အောင်မြင်အောင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ရွေးကောက်ပွဲအား လွတ်လပ်မျှတပြီး တည်ငြိမ်အေးချမ်းစွာဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရေးသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အဓိက ရည်မှန်းချက်တာဝန် ဖြစ်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့စံပြဆုရရှိသူ ရဲအုပ်ဇင်မင်းကိုအား စံပြရဲဂုဏ်ပြုစလွယ်နှင့် တစ်ဆင့်မြင့် ရာထူးတံဆိပ်တပ်ဆင်ပေးပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က စံပြရဲဆုရ ဒုရဲအုပ်ဇော်ဇော်အောင်နှင့် ရဲအရာခံမျိုးသန့်တို့အား စံပြရဲဂုဏ်ပြုစလွယ်နှင့် တစ်ဆင့်မြင့် ရာထူးတံဆိပ်တပ်ဆင်ပေးသည်။

ယင်းနောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် Video Clip ပြသသည်။

ထို့နောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ်က မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် အမှာစကားပြောကြားပြီး တာဝန်များကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် တပ်ဖွဲ့ဝင်များကို တစ်ဆင့်မြင့်ရာထူးတိုးမြှင့်တပ်ဆင်ပေးခြင်း၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းပါဝင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည့် မှုခင်းဆိုင်ရာ DNA ဓာတ်ခွဲခန်းဖြစ်မြောက်ရေးနှင့် စမ်းသပ်စစ်ဆေးရေးတွင် အကြံဉာဏ်နှင့် နည်းပညာများ ပံ့ပိုးကူညီခြင်းများ ဆောင်ရွက်ပေးခဲ့သည့် ဒေါက်တာနေဝင်း၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်မှ ဒေါ်စန်းစန်းနွယ်၊ မွန်ပြည်နယ် ကျုံဖိုက်ကျေးရွာ ကံကလေး မူလတန်းကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းချို၊ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းကျေးရွာမှ ဦးဝင်းဦးနှင့် မွန်ပြည်နယ် မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက် ဈေးကြီး တောင်ပေါ်တန်းရပ်မှ ဒေါ်ရင်မြတို့အား ရဲချုပ်၏ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တာဝန်ရှိသူများက ရုံးဝန်ထမ်း ထူးချွန်ဆု၊ အမျိုးသမီး စွမ်းဆောင်ရှင်ဆု၊ အားကစားထူးချွန်ဆုများအား တစ်ဆင့်မြင့်ရာထူး၊ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် အမှုထမ်းကောင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။ **(သတင်းစဉ်)**

# လာမယ့်နှစ်တွေမှာလည်း တာဝန်ကိုကျေပွန်အောင်ထမ်းဆောင်ပြီး အကောင်းဆုံးကြိုးစားဆောင်ရွက်သွားမှာပါ

ရန်ကုန် အောက်တိုဘာ ၁

**(၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်၏ အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁ ရက် နံနက် ၇ နာရီခွဲက ကျင်းပခဲ့သည်။**

အဆိုပါအခမ်းအနားတွင် မှုခင်းများကို စွမ်းစွမ်းတမံဖော်ထုတ်ခဲ့သောတပ်ဖွဲ့ဝင်များ၊ လုပ်ငန်းတာဝန်များကို ကြိုးပမ်းဆောင်ရွက်ခဲ့သည့် တပ်ဖွဲ့ဝင်များ၊ သင်တန်းများတွင် ထူးချွန်ဆု ရရှိခဲ့သော တပ်ဖွဲ့ဝင်များနှင့် ကျဆုံးတပ်ဖွဲ့ဝင်တို့၏ဇနီးများအား ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ခြင်းများအပြင် နေအိမ်လိုင်းခန်းဆုများကို ပေးအပ်ချီးမြှင့်ခဲ့ရာ ဂုဏ်ပြုမှတ်တမ်းနှင့် ဆုရရှိသူ အချို့၏ စကားသံများကို ဖော်ပြပေးလိုက်ပါသည်။

**ဒုရဲအုပ် အောင်မြင့်သိန်း**
**(မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနစု)**

ဒီတစ်နှစ်လုံးမှာ ကျွန်တော်တို့ ဖော်ထုတ်ခဲ့တဲ့အမှုတွေနဲ့ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ရဲ့ ဂုဏ်ပြုလက်မှတ်ရရှိခဲ့တာပါ။ အင်းစိန်မြို့နယ်နဲ့ ရွှေပြည်သာမြို့နယ်တို့မှာ ဖြစ်ပွားခဲ့တဲ့ လုယက်မှု သုံးမှုအပြင် မရမ်းကုန်းမြို့နယ်က ဆိုင်ကယ်ခိုးမှုတွေနဲ့ ပတ်သက်ပြီး ဂုဏ်ပြုခံရတာပါ။ မနှစ်ကလည်း တိုင်းတပ်ဖွဲ့မှူး ချီးမြှင့်တဲ့ အမှုထမ်းကောင်းလက်မှတ် ရခဲ့တယ်။ အခုလိုဆောင်ရွက်ခဲ့တဲ့ အပေါ်မှာလည်း ကျေနပ်ပါတယ်။ လာမယ့်နှစ်တွေမှာလည်း တာဝန်ကိုကျေပွန်အောင် ထမ်းဆောင်ပြီး အကောင်းဆုံး ကြိုးစားဆောင်ရွက်သွားမှာပါ။

**ဒုရဲအုပ် ကျော်ဝင်းနိုင်**
**(ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းအကူရဲတပ်ဖွဲ့)**

ရွှေအတုနဲ့ လိမ်လည်ခဲ့တဲ့ တရုတ်နိုင်ငံသား သုံးဦးကို ငွေကျပ်သိန်း ၁၂၀၀ အပြင် အမေရိကန်ဒေါ်လာ တစ်သိန်းနဲ့အတူ ဖမ်းဆီးရမိခဲ့တဲ့အတွက် ဂုဏ်ပြုဆုရရှိခဲ့တာပါ။ ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှုကြောင့် ရရှိလာတဲ့ သတင်းကို အတည်ပြုပြီးဆောင်ရွက်ခဲ့လို့ အခုလိုရရှိခဲ့တာပါ။ ရဲတပ်ဖွဲ့မှာ တာဝန်ထမ်းဆောင်နေသူ တစ်ယောက်ဖြစ်လို့ကိုယ့်ရဲ့ ရည်မှန်းချက်တာဝန်ကို အကောင်းဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်သွားမှာပါ။

**ဒုရဲအုပ် စည်သူ**
**(သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏနယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင်)**

ကျွန်တော်က ပြင်ဦးလွင်မှာ ဖွင့်တဲ့ နယ်ထိန်းအရာရှိသင်တန်းမှာ စံပြဆုရရှိခဲ့တဲ့အတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက ထပ်မံ ဂုဏ်ပြုခံရတာပါ။ နယ်ထိန်းအရာရှိသင်တန်းမှာ စိတ်ဓာတ်၊ စည်းကမ်းပိုင်းနဲ့ ကြံ့ခိုင်မှုပိုင်းတွေအပြင် စာပေမှာပါ သူများထက်သာအောင် ကြိုးစားခဲ့လို့ အခုလို ဂုဏ်ပြုခံရတာပါ။ ကျွန်တော့်အနေနဲ့ကတော့ ပေးအပ်လာတဲ့ တာဝန်ကို ကျေပွန်စွာထမ်းဆောင်သွားမှာပါ။ ရဲတပ်ဖွဲ့ဝင် တစ်ယောက်ဖြစ်ဖို့ဆိုတာ လွယ်တဲ့ကိစ္စမဟုတ်ပါဘူး။ နိုင်ငံတော်ကပေးတဲ့ တာဝန်ကို ကျတဲ့နေရာမှာ ကျေပွန်အောင်ထမ်းဆောင်နိုင်ဖို့ အရေးကြီးပါတယ်။

**ဒုတပ်ကြပ် ဟိန်းဇော်**
**(မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက် နယ်ထိန်း)**

လူသတ်မှုကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့လို့ အခုလိုဂုဏ်ပြုဆုရရှိခဲ့တာပါ။ ညအချိန်မှာ အခင်းဖြစ်တာဆိုတော့ ကျူးလွန်သူကို ဖမ်းဆီးဖို့ အခက်အခဲအချို့တော့ရှိခဲ့ပါတယ်။ ဒါပေမယ့် ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှုကြောင့် ညတွင်းချင်း ရှာဖွေဖမ်းဆီးနိုင်ခဲ့တာပါ။ ဒုစရိုက်မှု ဖြစ်လာရင် ပြည်သူတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုက အလွန်အရေးပါတယ်။ အခုလို ဂုဏ်ပြုခံရတဲ့အတွက် ကိုယ့်ရဲ့ ဆောင်ရွက်မှုကို ပီတိဖြစ်ရသလို ပူးပေါင်းဆောင်ရွက်ခဲ့တဲ့ ပြည်သူတွေကိုလည်း ကျေးဇူးတင်ပါတယ်။ နောက်ထပ်လည်း တပ်ဖွဲ့ရဲ့ လုပ်ငန်းပိုင်းတွေအပြင် ပြည်သူ့အကျိုးကိုလည်း ကြိုးစားဆောင်ရွက်သွားမှာပါ။ ပြည်သူလူထုအနေနဲ့မှုခင်းပိုင်းတွေအပြင် လူမှုရေးပိုင်းတွေမှာပါ ပူးပေါင်းဆောင်ရွက်သွားဖို့လိုပါတယ်။ ဒုစရိုက်မှု ဖြစ်ရင် ပြည်သူတွေအနေနဲ့ မထိမ်ချန်ဘဲ အမြင်သက်သေ၊ အကြားသက်သေတွေကြောင့် အောင်မြင်မှုရရှိခဲ့တာတွေရှိပါတယ်။

**ရဲတပ်ကြပ် နေဦး**
**(ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းအကူရဲတပ်ဖွဲ့)**

ရန်ကုန်တိုင်းဒေသကြီးမှာ ဖြစ်ပွားတဲ့မှုခင်းသတင်းတွေကို အချိန်နဲ့ တစ်ပြေးညီ ဖော်ထုတ်နိုင်ခဲ့တဲ့အတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးက ဂုဏ်ပြုဆုချီးမြှင့်ခဲ့တာပါ။ သုံးနှစ်ဆက်တိုက်မှုခင်းဖော်ထုတ်မှု ဆုတွေ ရရှိခဲ့တာပါ။ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တွေ တာဝန်ထမ်းဆောင်နေတဲ့ ကာလပတ်လုံး ကြိုးစားပမ်းစား ဆောင်ရွက်သွားမှာပါ။ ပြည်သူတွေဘက်ကလည်း ရဲတပ်ဖွဲ့ကို အချိန်နဲ့ တစ်ပြေးညီ ပူးပေါင်းပါဝင်ဆောင်ရွက်စေချင်ပါတယ်။ မှုခင်းဖော်ထုတ်မှုအနေနဲ့ လက်ရှိဖော်ထုတ်နေမှု အပေါ်ကိုလည်း အားရကျေနပ်ပါတယ်။ နောက်ထပ်မှုခင်းတွေကိုလည်း ဆက်လက်ဖော်ထုတ်သွားမှာပါ။ ကျွန်တော် တာဝန်ထမ်းဆောင်နေသမျှ ကာလပတ်လုံး ပြည်သူအတွက် အလုပ်အကျွေးပြုသွားမှာပါ။



ဒုရဲအုပ် အောင်မြင့်သိန်း



ဒုရဲအုပ် ကျော်ဝင်းနိုင်



ဒုရဲအုပ် စည်သူ



ဒုတပ်ကြပ် ဟိန်းဇော်



ရဲတပ်ကြပ် နေဦး

**သတင်းနှင့်ဓာတ်ပုံ**
**ဇော်ကြီး (ပဏီတ)**

# မဟာသကျရုံသီရုပ်ရှင်တော်မြတ်ကြီးကို ဘုရားဖူးပြည်သူများ ဖူးမြော်နိုင်တော့မည်

**နေပြည်တော် အောက်တိုဘာ ၁**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ရွှေချီ (၂)လမ်းမှ မြို့သစ်(၄)လမ်းသို့ ဆက်သွယ်ပေးမည့် ငလိုက်ချောင်းကူးတံတား ပန္နက်တော်တင်နှင့် တွင်းတော်ဝန်းမဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်တက်ရောက်၍ ရတနာပန္နက်တော်အား စိုက်ထူပေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က မင်္ဂလာအချိန်တွင် ငလိုက်ချောင်းကူးတံတား အမှတ်(၁)ပန္နက်တော်ဌာန၌ ရတနာပန္နက်တော်အား စိုက်ထူပေးသည်။

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ကို အနောက်မှ အရှေ့ဘက်သို့ ဖြတ်သန်းစီးဆင်းလျက်ရှိသည့် ငလိုက်ချောင်းတွင် နှစ်လမ်းသွား သံပေါင်ကွန်ကရစ်တံတားတစ်စင်း၊ တစ်လမ်းသွား ဘေလီသံပေါင်တံတားသုံးစင်း ဆောက်လုပ်ထားရှိသော်လည်း မြို့ပြဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ယာဉ်နှင့်လူသွားလာမှု တိုးတက်များပြားလာသဖြင့် ငလိုက်ချောင်းကူးတံတားတစ်စင်း ထပ်မံတည်ဆောက်ရန် လိုအပ်သည့်အတွက် ဦးစိုးတင့်-ဒေါ်ရီရီမာ(စိုးလှျပ်စစ်)မိသားစုက ပျဉ်းမနားမြို့ ရွှေချီ(၂)လမ်းမှ မြို့သစ်(၄)လမ်းသို့ ဆက်သွယ်ပေးမည့် ခန့်မှန်းကုန်ကျငွေကျပ်သိန်း ၄၈၀၀ ခန့်ဖြင့် ငလိုက်ချောင်းကူးတံတားကို ဆောက်လုပ်လှူဒါန်းသွားမည်ဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၆)မှ တာဝန်ယူဆောက်လုပ်သွားမည်ဖြစ်သည်။

အဆိုပါ တံတားသည် နှစ်လမ်းသွား သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး အရှည်ပေ ၁၅၀၊ ယာဉ်သွားလမ်း ၂၄ ပေနှင့် လူသွားလမ်း တစ်ဖက်သုံးပေစီ ပါဝင်မည်ဖြစ်ကာ တန် ၆၀ ရှိ မော်တော်ယာဉ်များ ဖြတ်သန်းအသုံးပြုသွားလာနိုင်မည် ဖြစ်သည်။

အဆိုပါ တံတားပြီးစီးပါက ရွှေချီ(၆)လမ်းရှိ လက်ရှိ တစ်လမ်းသွား ဘေလီ



သံပေါင်တံတားကိုလည်း အရှည်ပေ ၁၄၀၊ တန် ၆၀ ခံနိုင်ဝန်ရှိသည့် နှစ်လမ်းသွား သံကူကွန်ကရစ်တံတားအဖြစ် အသစ်ပြန်လည်ဆောက်လုပ်ရန် ဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် ဥတ္တရသီရိမြို့နယ် အောင်မောဠိတောင်ညွန့်ပေါ်၌ တည်ထားကိုးကွယ်သော မဟာသကျရုံသီရုပ်ရှင်တော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(ဓါတ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အဝေးမှနေ၍ မဟာသကျရုံသီရုပ်တော်မူရုပ်ရှင်တော်မြတ်ကြီး၏ ပြုံးတော်မူဟန်မျက်နှာတော်ကိုလည်းကောင်း၊ အနီးမှနေ၍ တည်ကြည်ဟန်မျက်နှာတော်ကို လည်းကောင်း သတ်မှတ်နေရာများမှ ဖူးမြော်ကြည်ညိုကြပြီး ရင်ပြင်တော်မှနေ၍ နေပြည်တော်တစ်ခွင်ရှုခင်းများကိုကြည့်ရှုကာ မဟာသကျရုံသီရုပ်ရှင်တော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက်တော်နှင့် ပလ္လင်တော်တည်ဆောက်ရေးလုပ်ငန်းများ အမြန်ပြီးစီးရေး မှာကြားခဲ့ကြောင်း သိရသည်။

ယခုအခါ ရုပ်ရှင်တော်မြတ်ကြီး တည်ထားတော်မူမည့် ကန္ဓကုဋိတိုက်ကြီး တည်ဆောက်ရေးလုပ်ငန်းများကို အပြီးသတ်ဆောင်ရွက်လျက်ရှိသည့်အတွက် မကြာမီကာလအတွင်း အောင်မောဠိတောင်ညွန့်ထက်၌ မဟာသကျရုံသီရုပ်ရှင်တော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ ကြည်ညိုဖူးမြော်နိုင်ကြမည်ဖြစ်သည့်အပြင် တောင်ညွန့်ထက်မှနေ၍ နေပြည်တော်တစ်ခွင်လေ့လာကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ လုပ်သက်ရင့်အရာရှိ၊ စစ်သည်များအား ဂုဏ်ပြုချီးမြှင့်သောအားဖြင့် ရာထူးအဆင့်တိုးမြှင့်ခန့်အပ်

**နေပြည်တော် အောက်တိုဘာ ၁**

ယနေ့လျှောက်လှမ်းလျက်ရှိသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန်အတွက် နိုင်ငံတော်နှင့် တပ်မတော်အပေါ် တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် နှစ်ကာလကြာရှည်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပြစ်မှုကင်းရှင်းသော တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ လုပ်သက်ရင့် အရာရှိ၊ စစ်သည်များအား ဂုဏ်ပြုချီးမြှင့်သောအားဖြင့် ယနေ့အောက်တိုဘာ ၁ ရက်တွင် ရာထူးအဆင့်များ တိုးမြှင့်ပေးခဲ့သည်။

ယင်းသို့ ဂုဏ်ပြုချီးမြှင့်ရာတွင် တပ်သားအဆင့်မှ ဒုတိယတပ်ကြပ်အဆင့်သို့ ၁၉၂၀ ၊ ဒုတိယတပ်ကြပ်အဆင့်မှ တပ်ကြပ်အဆင့်သို့ ၃၇၂၀၊ တပ်ကြပ်အဆင့်မှ တပ်ကြပ်ကြီးအဆင့်သို့ ၂၀၃၀ ၊ဗိုလ်ကြီးအဆင့်မှ ယာယီတပ်ခွဲမှူး(ဗိုလ်မှူး) အဆင့်သို့ ၁၁၈ ဦးတို့အား ရာထူးအဆင့်များ တိုးမြှင့်ပေးခဲ့သည်။

အဆင့်တိုးမြှင့်ခြင်းခံရသည့် စစ်သည်များအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် နယ်မြေအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဆင့်တံဆိပ်များကို ကိုယ်တိုင်ဂုဏ်ပြုတပ်ဆင်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



# (၃၂)ကြိမ်မြောက် ၁-၁၀-၂၀၁၅ ရက်နေ့တွင် အောင်ဘာလေသိန်းဆုဌာနခွဲမှ ထွက်ပေါ်လာသော ဆုမဲများ

**အထူးဆုကြီးတစ်ဆု ကျပ်သိန်း (၁၅၀၀)**

ဝ-၄၇၇၅၂၄

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၁၀၀၀)**

ဃ-၉၄၁၈၃၃၊ ပ-၇၇၀၀၃၃

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၅၀၀)ဆုများ**

ဠ-၈၈၁၉၃၇၊ က-၁၅၅၂၁၅၊
ရ-၂၃၆၂၄၃၊ ခ-၈၉၄၈၄၄၊ ရ-၂၈၀၈၄၇

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၃၀၀) ဆုများ**

ဗ-၈၃၄၂၈၃၊ ည-၄၈၃၁၇၁၊
ကခ-၅၄၄၃၇၀၊ တ-၄၃၂၆၆၆၊
ဠ-၂၄၂၈၆၉၊ န-၈၁၂၀၂၃

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၂၀၀)ဆုများ**

မ-၉၇၈၃၇၅၊ ဇ-၆၈၄၁၈၃၊
ကင-၃၃၁၁၈၇၊ ဂ-၉၅၈၄၆၀၊
တ-၃၇၅၀၄၈၊ ကဃ-၂၆၄၂၈၇၊ မ-၆၈၈၅၃၇

**ဆုတစ်ဆုချင်း ကျပ်သိန်း(၁၀၀) ဆုမဲများ**

င-၁၈၈၄၇၉၊ မ-၂၆၄၀၈၈၊ ဗ-၆၃၈၅၂၈၊
ရ-၁၃၉၀၃၂၊ အ-၄၄၂၄၀၀၊ ဘ-၃၅၄၈၆၉၊
ဏ-၈၄၈၈၀၃၊ ဖ-၄၈၃၇၇၄၊ ဠ-၃၅၃၀၈၀၊
ဗ-၆၈၀၂၆၇၊ ဂ-၇၉၉၉၄၁၊ ထ-၆၄၉၄၀၇၊
ကစ-၄၉၉၆၈၀၊ ကက-၂၀၃၉၃၈၊ ဠ-၉၅၉၂၃၂၊
တ-၈၇၇၂၁၉၊ ဆ-၈၂၃၁၀၆၊ ရ-၁၄၆၆၈၉

**(သတင်းစဉ်)**

# ထရန်စဖော်မာများ အစားထိုးတပ်ဆင်မည်ဖြစ်ရာ ဓာတ်အားယာယီပြတ်တောက်မည်

၁။ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ သစ္စာလမ်းခွဲရုံးတွင် လက်ရှိတပ်ဆင်ထားသော 33/11-6.6 KV ,10 MVA ထရန်စဖော်မာမှ ပြည်သူများဓာတ်အား ပိုမိုသုံးစွဲနိုင်ရေးအတွက် 15 MVA ထရန်စဖော်မာဖြင့် အစားထိုးတပ်ဆင်ရာ (၂-၁၀-၂၀၁၅)ရက်နေ့ နံနက် ၄ နာရီမှ ၁၀နာရီအထိ ဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယင်းလုပ်ငန်းစဉ်များဆောင်ရွက်စဉ် တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ (၅၊ ၆၊ ၇၊ ၁၀၊ ၁၄/၁၊ ၁၄/၂၊ ၁၄/၃၊ ၁၅)ရပ်ကွက်တို့တွင် ဓာတ်အားယာယီပြတ်တောက်နေမည်ဖြစ်ပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စမ်းချောင်းမြို့နယ် မြေနီကုန်းရှိ ရှင်စောပုဓာတ်အားခွဲရုံတွင် လက်ရှိတပ်ဆင်ထားသော 33/11-6.6 KV ,5 MVA ထရန်စဖော်မာမှ ပြည်သူများဓာတ်အားပိုမိုသုံးစွဲနိုင်ရန် 10 MVA ထရန်စဖော်မာဖြင့် အစားထိုးတပ်ဆင်ခြင်းလုပ်ငန်းကို (၂-၁၀-၂၀၁၅)ရက်နေ့ နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအထိ ဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယင်းလုပ်ငန်းဆောင်ရွက်စဉ် စမ်းချောင်းမြို့နယ်အတွင်းရှိ လင်းလွန်း(တောင်)၊ ရှင်စောပုလမ်း၊ ကျွန်းတော(တောင်)၊ ကျွန်းတော(လယ်)၊ အောင်ချမ်းသာ Dagon Center (2)၊ စမ်းချောင်း(တောင်)၊ စမ်းချောင်း(မြောက်)နှင့် ဗဟန်းမြို့နယ်အတွင်းရှိ (သူရဲကောင်းဗိမာန်)တို့တွင် ဓာတ်အားပြတ်တောက်နေမည်ဖြစ်ပါသည်။

၃။ ယင်းသို့ ဓာတ်အားဖြတ်တောက်၍ ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများ စွမ်းဆောင်ရည်မြင့်မားစေရန် ဆောင်ရွက်ရခြင်းဖြစ်သဖြင့် ယာယီဓာတ်အားပြတ်တောက်မှုကြောင့် အဆင်မပြေမှုများ၊ အခက်အခဲများဖြစ်ပေါ်လာပါက နားလည်ခွင့်လွှတ်ပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများသို့ လေးစားစွာဖြင့် အသိပေးပန်ကြားအပ်ပါသည်။

**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

# အောက်တိုဘာ ၁ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၁ ရက်၊ ကြာသပတေးနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၀၆၀၀ မှ ၅၀၀၀၀ |
| ၂ | ဧရာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဆန်စပါးကုန်စည်ဒိုင်ဘုရင့်နောင် | ၁၉၀၀၀ မှ ၂၄၀၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဆန်စပါးကုန်စည်ဒိုင် ဘုရင့်နောင် | ၁၉၅၀၀ မှ ၂၁၅၀၀ |
| ၄ | မြီးတိုး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၉၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၇၀၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၄၀၀၀ မှ ၃၆၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၃၀၀၀၀ |
| ၈ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၃၆၅ မှ ၂၅၀၀ |
| ၉ | ကြက်သွန်နီ | ဆိပ်ဖြူ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၉၀၀ မှ ၁၃၇၅ |
| ၁၀ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၅၀ မှ ၂၅၆၀ |
| ၁၁ | ကြက်သွန်ဖြူ | တောင်ကြီး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၆၀၀ မှ ၃၃၅၀ |
| ၁၂ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၆၄၀ မှ ၈၇၀ |
| ၁၃ | ကျွဲကောသီး | မော်လမြိုင် | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၆၀၀ မှ ၁၆၀၀ |
| ၁၄ | သြဇာသီး | | တစ်တောင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၂၈၀၀ မှ ၄၅၀၀ |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။

# ထိုင်းနိုင်ငံ လိပ်ကျွန်းလူသတ်မှု အစွပ်စွဲခံ မြန်မာလုပ်သားနှစ်ဦး ခိုင်လုံမှုမရှိသည့် သက်သေခံအထောက်အထားများကြောင့် လွတ်မြောက်နိုင်ဖွယ်ရှိ

**ရန်ကုန် အောက်တိုဘာ ၁**

ထိုင်းနိုင်ငံတောင်ပိုင်း စူရတ်ဌာနီခရိုင်အတွင်းရှိ ကော့တောင် (လိပ်ကျွန်း)၌ ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၅ ရက်က ဗြိတိန်ကမ္ဘာလှည့်ခရီးသည်နှစ်ဦး သတ်ဖြတ်မှုဖြင့် အစွပ်စွဲခံ( တရားစွဲဆိုခံ)ထားရသည့် မြန်မာရွှေ့ပြောင်းလုပ်သားနှစ်ဦးမှာ ထိုင်းနိုင်ငံရဲတပ်ဖွဲ့မှ တင်ပြထားသည့် သက်သေခံအထောက်အထားများနှင့် ဒီအင်န်အေစစ်ဆေးချက်များမှ ကွဲလွဲမှုတချို့တို့ကြောင့် ပြန်လည်လွတ်မြောက်နိုင်ဖွယ်ရှိကြောင်း ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ Orchid Hotel ၌ ကျင်းပသည့် အဆိုပါအမှုနောက်ဆုံးအခြေအနေသတင်းစာရှင်းလင်းပွဲတစ်ရပ်မှ သိရသည်။

"ကျွန်တော် အခု ဒီကိုရောက်တုန်း အမှုနဲ့ပတ်သက်ပြီး နောက်ဆုံးအမှုအခြေအနေကို မြန်မာမီဒီယာတွေသိစေချင်လို့ အခုလို သတင်းစာရှင်းလင်းပွဲလုပ်ဖြစ်တာပါ။ အမှုကတော့ ဒီလ ၁၁ ရက်မှာ မြန်မာနိုင်ငံအမှုသည်ဘက်က ရှေ့နေတွေနဲ့ အစွပ်စွဲခံ မြန်မာလုပ်သားနှစ်ဦး နောက်ဆုံးအနေနဲ့ တွေ့ဆုံဖို့ရှိပါတယ်။ အဲဒါပြီးရင် ထိုင်းနိုင်ငံတရားရုံးရဲ့ တရားစီရင်ချက်ကိုပဲ စောင့်ရုံပါ။ အမှုနောက်ဆုံးအခြေအနေအရ လွတ်မြောက်ဖို့များပါတယ်။ ဘာကြောင့်ဒီလိုပြောနိုင်တာလဲဆိုရင် ထိုင်းနိုင်ငံရဲတပ်ဖွဲ့ဘက်က စစ်ဆေးထားတဲ့ ဒီအင်န်အေနဲ့ အင်္ဂလန်နိုင်ငံက စစ်ဆေးတွေ့ရှိချက် ဒီအင်န်အေက တော်တော်လေးကွဲပြားမှုရှိ နေပါတယ်။ ပြောရရင်တော့ ထိုင်းနိုင်ငံရဲတပ်ဖွဲ့ဘက်က စစ်ဆေးထားတဲ့ ဒီအန်အေအဖြေရလဒ်က တိကျခိုင်မာမှုမရှိတဲ့အပြင် နည်းစနစ်လည်း မကျဘူးဆိုတာကို အခိုင်အမာသိရှိထားပါတယ်" ဟု အဆိုပါအမှုမှန်ပေါ်ပေါက်ရေးအတွက် ထိုင်းနိုင်ငံရှိ မြန်မာသံရုံးမှဖွဲ့စည်းထားသော စုံစမ်းစစ်ဆေးရေးအဖွဲ့၌ ပါဝင်သည့် ဦးထူးချစ်က ပြောသည်။

"လိပ်ကျွန်းအမှုကိစ္စ အခုလို့ အခြေအနေထိဖြစ်လာတာ လူတစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုတည်းက ဆောင်ရွက်တာမဟုတ်ဘဲ မိမိတို့အဖွဲ့အစည်းအပါအဝင် အစိုးရမဟုတ်တဲ့အဖွဲ့အစည်းတွေ၊ ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားတွေ၊ လူမှုကွန်ရက်တွေ၊ ထိုင်းလူ့အခွင့်အရေးကော်မရှင်နဲ့ ရှေ့နေများကောင်စီအဖွဲ့ဝင်တွေ ဝိုင်းဝန်းဆောင်ရွက်နေတာဖြစ်ပါတယ်။ အဓိကအားဖြင့် မြန်မာအစိုးရရဲ့စိတ်ဝင်တစားနဲ့ အဘက်ဘက်က ထောက်ပံ့အကူအညီပေးတာတွေကြောင့် လိပ်ကျွန်းအမှု အခုလိုအခြေအနေရောက်ခဲ့တာပါ။ မြန်မာအစိုးရအနေနဲ့ သံတမန်နည်းလမ်းများအပါအဝင် မိမိတို့လုပ်ပိုင်ခွင့်အတွင်းက စနစ်တကျထပ်မံပြီး လုပ်ပေးမယ်ဆိုရင် ဒီမြန်မာလုပ်သားနှစ်ဦးဟာ သေချာပေါက် လွတ်မြောက်မှာဖြစ်ပါတယ်" ဟု ဦးထူးချစ်က မီဒီယာများအား ထပ်မံရှင်းပြခဲ့သည်။ **(မြန်မာ့အလင်း)**

**သတင်း – မောင်စိန်လွင်**

# ပျောက်ဆုံး ကျောင်းသား ကျောင်းသူလူငယ်များအား ပြန်လည်ရှာဖွေ၍ မိဘများထံအပ်နှံ

**နေပြည်တော် အောက်တိုဘာ ၁**

စက်တင်ဘာ ၂၉ ရက်က ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ ဦး--- မှ ၎င်း၏သမီး မ---သည် ကျောင်းနေဘက်သူငယ်ချင်းများဖြစ်သည့် ကျားတစ်ဦး၊ မသုံးဦးတို့နှင့်အတူ နေအိမ်မှပျောက်ဆုံးသွားကြောင်းနှင့် ကူညီစုံစမ်းရှာဖွေပေးရန် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူးရုံးသို့ ဖုန်းဆက်အကြောင်းကြား သတင်းပေးခဲ့သည်။

သတင်းရလျှင်ရချင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ လိုက်လံစုံစမ်းခဲ့ရာ အဆိုပါပျောက်ဆုံးနေသော ကျောင်းသား ကျောင်းသူများသည် စက်တင်ဘာ ၂၈ ရက် ညက ရန်ကုန်မှပြင်ဦးလွင်သို့ အာကာသယာဉ်လိုင်း ယာဉ်အမှတ် 6D /---- ဖြင့် လိုက်ပါခဲ့ကြကာ စက်တင်ဘာ ၂၉ ရက် နံနက် ၆ နာရီ ၁၅ မိနစ်က ပြင်ဦးလွင်မြို့ သီရိပဒေသာကားဝင်းသို့ ရောက်ရှိလာခဲ့ကြပြီး နံနက် ၇ နာရီ ၁၀ မိနစ်တွင် ယင်းကားဝင်းမှ ထွက်ခွာသွားခဲ့ကြကြောင်း သိရသည်။ အဆိုပါပျောက်ဆုံးမှုကို ဆက်လက်စုံစမ်းနေစဉ် စက်တင်ဘာ ၃၀ ရက်က ပြင်ဦးလွင်မြို့ရှိ လက်ဖက်ရည်ဆိုင်တစ်ခု၌ အသက် ၁၆ နှစ်အရွယ် ကျောင်းသူနှစ်ဦးသည် တစ်လငွေကျပ်ငါးသောင်းဖြင့် စားပွဲထိုးလုပ်နေကြောင်း သတင်းရရှိသဖြင့် အမှတ်(၁၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မန္တလေး)လက်အောက်ရှိ ပြင်ဦးလွင် (ဆန့်ထုတ်) မှ ရဲတပ်ဖွဲ့ဝင်များသည် နယ်မြေခံရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ သွားရောက်ရှာဖွေခဲ့ရာ ပျောက်ဆုံးကျောင်းသား ကျောင်းသူများအနက်မှ နှစ်ဦးကိုတွေ့ရှိခဲ့ရပြီး ၎င်းတို့ငါးဦးသည် ပြင်ဦးလွင်မြို့ ရေချမ်းအိုးကျေးရွာရှိ နေအိမ်တစ်ခု၌ ငှားရမ်းနေထိုင်လျက်ရှိကြောင်း စုံစမ်းဖော်ထုတ်နိုင်ခဲ့သဖြင့် အဆိုပါကျောင်းသား ကျောင်းသူ ငါးဦးအား ခေတ္တစောင့်ရှောက်ရန် ပြင်ဦးလွင်မြို့ အမျိုးသမီးရေးရာအဖွဲ့ထံ အပ်နှံခဲ့သည်။ ထို့နောက် အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီခွဲတွင် ပြင်ဦးလွင်မြို့မှတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများရှေ့၌ အဆိုပါပျောက်ဆုံးကျောင်းသား ကျောင်းသူငါးဦးအား ၎င်းတို့၏မိဘဆွေမျိုးများထံ ပြန်လည်အပ်နှံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# ကျောင်းသူညီအစ်မနှစ်ဦး ယာဉ်တိုက်မှုဖြစ်ပွား

**ကျောက်တံခါး အောက်တိုဘာ ၁**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အောင်မင်္ဂလာကျေးရွာအနီး ရန်ကုန်- မန္တလေးကားလမ်းဟောင်း မိုင်တိုင်အမှတ် ၁၁၄/၂ နှင့် ၁၁၄/၃ အကြား အောင်မင်္ဂလာတံတားအမှတ် ၁၁၅/၁ တွင် စက်တင်ဘာ ၃၀ ရက် မွန်းလွဲ ၁၂ နာရီခွဲက ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်း ဦးစန်းဦး (၅၅နှစ်) မောင်းနှင်သည့် ခရီးသည်တင်ယာဉ်ခြောက်ဘီးယာဉ်မှာ တံတားထိပ်အရောက်တွင် ရှေ့မှမောင်းနှင်နေသော ယာဉ်ကိုကျော်တက်စဉ် တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိပြီး မအနီသား(၁၅နှစ်) သတ္တမတန်းကျောင်းသူနှင့် မဆုနီသား (၁၃နှစ်) ဆဋ္ဌမတန်းကျောင်းသူ တို့တွင် ဒဏ်ရာများရရှိခဲ့၍ ကျောက်တံခါးမြို့ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ကျောက်တံခါးမြို့မရဲစခန်းက ယာဉ်မဆင်မခြင်မောင်းနှင်သူ ဦးစန်းဦးအား အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ခင်ကို (ကျောက်တံခါး)**

# တရားမဝင်သစ်များ ဖမ်းဆီးရမိ

**ကျောက်တံခါး အောက်တိုဘာ ၁**

စက်တင်ဘာ ၃၀ ရက် နံနက် ၈ နာရီက ရန်ကုန်-မန္တလေးကားလမ်းဟောင်း မိုင်တိုင်အမှတ် ၁၀၉/၀ သာယာကုန်းကျေးရွာအနီး မန္တလေးမှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ဇော်လင်းအောင်(၃၉ နှစ်)နှင့် ယာဉ်ပေါ်ပါ ဦးအေးဝင်း (၄၈ နှစ်) တို့လိုက်ပါလာသည့် ၁၂ ဘီးယာဉ်ကိုရှာဖွေစစ်ဆေးရာ ယာဉ်ပေါ်၌ တရားမဝင် တင်ဆောင်လာသော ပျဉ်းကတိုးသစ်နှင့် အခြားသားသစ်ခွဲသားဆိုက်စုံစုစုပေါင်း ၁၅၁ ချောင်း (၄ ဒသမ ၄၇) တန်ကိုတွေ့ရှိခဲ့၍ ယာဉ်ကိုကျောက်တံခါးမြို့နယ် သစ်တောရုံးသို့မောင်းနှင်ကာ သစ်များကို သိမ်းဆည်းခဲ့သည်။ **(အပေါ်ပုံ)**

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းဇော်လင်းအောင်နှင့် ယာဉ်ပေါ်ပါ ဦးအေးဝင်းတို့ကို တရားစွဲဆိုတင်ပို့နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**

# မလှိုင်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြား ဖမ်းမိ

**မလှိုင် အောက်တိုဘာ ၁**

မလှိုင်မြို့၌ စက်တင်ဘာ ၂၉ ရက် နံနက် ၈ နာရီက WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၄၉ ပြား ဖမ်းဆီးမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ သက်ဆိုင်ရာတာဝန်ရှိသူများသည် သတင်းအရ မလှိုင်မြို့မဈေး အရှေ့ဘက် လမ်းမပေါ်၌ စောင့်ဆိုင်းနေစဉ် ဆိုင်ကယ် မောင်းနှင်လာသူ မျိုးသက်နိုင်(ခ) မျိုးသန့်အား မသင်္ကာ၍ ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းစီးလာသောဆိုင်ကယ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၉ ပြား၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေကျပ် ၃၀၂၅၀ ကို တွေ့ရှိသဖြင့် မလှိုင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကျော်ကျော်(မလှိုင်)**


**ဂန္ထဝင်ရွှေပုဂံ Travels & Tours**

| | | | | | |
|---|---|---|---|---|---|
| ဘန်ကောက် | (၆)ရက် | USD 560 | တူရကီ | (၁၁)ရက် | USD 2200 |
| စင်ကာပူ | (၄)ရက် | USD 850 | ဂျာမနီ၊ ချက်၊ ဟန်ဂေရီ၊ ပိုလန် | (၁၀)ရက် | USD 3900 |
| ဟောင်ကောင် | (၅)ရက် | USD 1000 | ပြင်သစ်၊ အီတလီ၊ ဆွစ်ဇာလန် | (၁၀)ရက် | USD 3800 |
| ပီကင်း၊ ရှန်ဟိုင်း | (၆)ရက် | USD 1200 | ဥရောပနိုင်ငံကြီး (၆) နိုင်ငံ | (၁၀)ရက် | USD 3800 |
| ဂယာ | (၁၅)ရက် | ၁၂ သိန်း | အမေရိကန် | (၁၅)ရက် | USD 6700 |
| လာအို | (၅)ရက် | USD 1300 | အမေရိကန် | (၁၀)ရက် | USD 4700 |
| ဗီယက်နမ် | (၆)ရက် | USD 850 | သြစတြေးလျ | (၁၁)ရက် | USD 4500 |
| ကမ္ဘောဒီးယား | (၅)ရက် | USD 700 | ဒူဘိုင်း | (၆)ရက် | USD 1700 |
| ကိုရီးယား | (၈)ရက် | USD 1900 | ဘူတန် (တင်ပို့ပါရှိ) | (၄)ရက် | USD 2300 |
| ဂျပန် | (၈)ရက် | USD 2900 | ရုရှား | (၉)ရက် | USD 3800 |

ကုမ္ပဏီ၊ အဖွဲ့အစည်းများအား Corporate နှုန်းဖြင့် ရောင်းပေးနေပါသည်။ လူကြီးမင်းတို့ သီးသန့် စိတ်ကြိုက်ပုံဖော်ခရီးစဉ်များကို ဂန္ထဝင်ရွှေပုဂံ၏ အတွေ့အကြုံများဖြင့် အမှန်ကန်ဆုံး လမ်းကြောင်းရွေးပေးပါသည်။ ကမ္ဘာအနှံ့ခရီးစဉ်များနှင့်ပတ်သက်၍ မိမိသလိုသမျှကို အချိန်မရွေး မေးမြန်းနိုင်ပါသည်။

အမှတ် ၆၇၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်။ ရန်ကုန်မြို့။
Ph - 01 500191, 510491, 2304645,09-252281456
အမှတ် ၈၁၊ ၃၃ နှင့် ၃၄ လမ်းကြား၊ မန္တလေးမြို့။
Ph - 09 31693339, 09 730 13856

Hot Line
09 - 73003772


**အမည်ပြောင်း**

ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ ပန်းမြောင်းကျေးရွာအုပ်စု၊ ပန်းမြောင်းကျေးရွာ၊ ရွာဟောင်းရပ်ကွက်နေ ဦးတင်အောင်မြင့်၏သမီး မပြည့်မြိုးခိုင် (၁၁/မပန (နိုင်) ၀၉၂၇၂၇) အား မသက်သက်နိုင်ဟုပြောင်းလဲ ခေါ်ဆိုပါရန်။ မသက်သက်နိုင်

**တစ်ဦးတည်းဖြစ်ပါကြောင်း**

တိုက်ကြီးမြို့နယ်၊ ရေတွင်းဖြူအုပ်စု၊ စာဖြူစုကျေးရွာနေ ဦးဝက်စမောင်း၏သား ဦးမျိုးမြင့် ၁၂/တကန(နိုင်)၀၆၀၅၇၂နှင့် ဦးအောင်မျိုးမြင့်သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။ **ဦးမျိုးမြင့်(ခ)ဦးအောင်မျိုးမြင့်**

**အမည်ဖြည့်စွက်ခေါ်ဆိုပါရန်**

ဦးလှအောင် ၅/စကန(နိုင်)၀၄၉၂၇၁၏သား ၁၂/ဗဟန(နိုင်)၁၀၄၇၉၁ ကိုင်ဆောင်ထားသူ မောင်ရဲမင်းဦးအား မောင်ရဲမင်းဦး(ခ)မောင်ရဲမင်းအောင်ဟု အမည်ဖြည့်စွက် ခေါ်ဆိုပါရန်။
**မောင်ရဲမင်းဦး(ခ)မောင်ရဲမင်းအောင်**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၂၊ ဧရိယာ ခန့်မှန်းခြေ ၁ ဒသမ ၈၃၆ ဧကရှိ မြေကွက်အမှတ် ၂၇ အမည်ရှိ အထွေထွေစက်မှုလုပ်ငန်းအတွက် အဆောက်အအုံဆောက်လုပ်အသုံးပြုရန် ခွင့်ပြုချက်ရရှိထားသော ဝင်းခြံမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်အကျိုးခံစား စီမံခန့်ခွဲလျက်ရှိပြီး ၎င်းက လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည့် အထူးကိုယ်စားလှယ်လွှဲစာရရှိထားသည်ဟု အဆိုပြုသူ ဒေါ်ကြူလန်(ခ)ဟော်ကျူလန် ၁၃/လရန(နိုင်)၀၈၄၄၀၇ထံမှ ကျွန်ုပ်၏မိတ်ဆွေက နည်းလမ်းတကျ စာချုပ်ချုပ်ဆို၍ အပြီးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါခြံမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ဥပဒေအရ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်း အပြည့်အစုံနှင့်တကွ ကျွန်ုပ်တို့ထံလာရောက် ဆက်သွယ်ပြသကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အထက်ပါအရောင်းအဝယ်ကို အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးရည်နိုင်ထွန်း | ဒေါ်မျိုးမမခင် | ဦးအေးမြငြိမ်း |
|---|---|---|
| စဉ်-၃၁၈၂၆ | စဉ်-၃၆၅၄၉ | စဉ်-၄၃၆၈၀ |
| ဖုန်း-၀၉-၄၂၁၀၈၈၉၀၄ | ဖုန်း-၀၉-၃၂၂၀၈၀၆၀ | ဖုန်း-၀၉-၃၁၂၆၄၄၃၉ |

**အထက်တန်းရှေ့နေများ**

အမှတ် ၁၃၇၉/က၊ ရွှေယင်းမာ ၃ လမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်

**ပျောက်ဆုံးကြောင်း**

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ အိန္ဒူကျေးရွာနေ ဦးရန်ကင်း၏သား စောမျိုးမျိုးမင်း ၃/ဘအန(နိုင်)၂၂၃၆၁၆ ပတ်စ်ပို့နံပါတ် (အမ်မ်-၃၃၂၅၀၂)မှာ ပျောက်ဆုံးသွားပါကြောင်း။

**ပျောက်ဆုံးကြောင်း**

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့၊ (၄)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ ဦးတင်ဦး၏သမီး မသီတာဦး ၃/ကကရ (နိုင်)၀၇၁၇၈၁ ပတ်စ်ပို့နံပါတ်(ပီပီ-၀၄၀၂၀၁)မှာ ပျောက်ဆုံးသွားပါကြောင်း။

**ပျောက်ဆုံးကြောင်း**

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ သာမညကျေးရွာနေ ဦးရွှေတင်၏သမီး နန်းအိဖြူ ၃/ဘအန(နိုင်)၃၄၅၂၄၄ (ပတ်စ်ပို့နံပါတ်မမှတ်မိ)မှာ ပျောက်ဆုံးသွားပါကြောင်း။

# လက်ရှိချန်ပီယံ ရတနာပုံအသင်း ဂိုးပြတ်နိုင်ပွဲရယူ

**ရန်ကုန် အောက်တိုဘာ ၁**

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၆) နောက်ဆုံးအဖြစ် ရတနာပုံအသင်းနှင့် ဧရာဝတီအသင်းတို့သည် ယနေ့ညနေပိုင်းက ဗထူးကွင်း၌ ယှဉ်ပြိုင်ကစားရာ ရတနာပုံအသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက် ဗိုလ်လုပွဲအပြီး လေးရက်အကြာတွင် ပြန်လည်တွေ့ဆုံသည့်ပွဲတွင် ရတနာပုံအသင်းမှာ ခြေစွမ်းပြပြီး ဂိုးပြတ်အနိုင်ယူကာ ရှုံးကြွေးပြန်ဆပ်ခဲ့သည်။ ခြေစွမ်းပိုင်းအရလည်း ရတနာပုံအသင်းမှာ သိသိသာသာအသာရခဲ့ပြီး ယခုရာသီ၌ ဧရာဝတီအသင်းနှင့် လေးကြိမ်မြောက်တွေ့ဆုံမှုတွင် ပထမဆုံးနိုင်ပွဲရယူနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။ ဧရာဝတီအသင်းမှာ MNL အမှတ်ပေးပြိုင်ပွဲတွင် နောက်ဆုံးပွဲစဉ်များ၌ ခြေစွမ်းပိုင်းကျဆင်းနေပြီး ဂိုးပြတ်ရှုံးပွဲအချို့ကြုံတွေ့နေကာ စတုတ္ထနေရာ၌ ဆက်လက်ရပ်တည်နေခဲ့သည်။

ရတနာပုံအသင်းမှာ ပွဲထွက်လူစာရင်းကို အနည်းငယ်အပြောင်းအလဲပြုလုပ်ခဲ့ပြီး ဧရာဝတီအသင်းမှာမူ အမာခံကစားသမားအများစုဖြင့် ရင်ဆိုင်ခဲ့သည်။ ရတနာပုံအသင်းမှာ ပွဲစကတည်းက ခြေအသာဖြင့်ဖိကစားနိုင်ခဲ့ပြီး လေးမိနစ်တွင် အသင်းခေါင်းဆောင် မက်ဆီမင်က အဖွင့်ဂိုး စတင်သွင်းယူခဲ့သည်။ ဂိုးရရှိသွား၍ ရတနာပုံအသင်းကစားပုံပိုကောင်းလာပြီး မိနစ် ၃၀ တွင် တိုက်စစ်မှူး မာတူနာက ဒုတိယဂိုး သွင်းယူခဲ့သည်။ ပထမပိုင်းတွင် ကစားပုံပျက်နေသည့် ဧရာဝတီအသင်းမှာ ဒုတိယပိုင်းအစတွင် လာဇာကိုထည့်ကာ တိုက်စစ်အားမြှင့်ခဲ့သော်လည်း ၄၆ မိနစ်တွင် ဂိုးထပ်ပေးခဲ့ရသည်။ ရတနာပုံအတွက် တတိယဂိုးကို အောင်သူက သွင်းယူပေးခဲ့ပြီး ယင်းနောက်ပိုင်းတွင် ဧရာဝတီအသင်း ပြန်ဖိကစားနိုင်ခဲ့သည်။ ၆၆ မိနစ်တွင် လယ်လူဆင်မ်က ဧရာဝတီအတွက် ချေပဂိုးတစ်ဂိုး ပြန်သွင်းခဲ့သော်လည်း ရတနာပုံအတွက် စတုတ္ထဂိုးကို ၇၅ မိနစ်တွင် ယွန်ဂျီဆောင်က သွင်းယူပေးခဲ့သည်။

MNL အမှတ်ပေးပြိုင်ပွဲကို ယခုပွဲစဉ်အပြီးတွင် ခေတ္တရပ်နားမည်ဖြစ်ပြီး အောက်တိုဘာ ၁၇ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိန်း**
**ဓာတ်ပုံ-စိုင်းညီလေး**





# (၆)ကြိမ်မြောက် ဂျပန်ဖလားကရာတေးဒိုပြိုင်

**ရန်ကုန် အောက်တိုဘာ ၁**

(၆)ကြိမ်မြောက် ဂျပန်ဖလားကရာတေးဒို တံခွန်စိုက်ပြိုင်ပွဲဖွင့်ပွဲကို အောက်တိုဘာ ၁ ရက်က ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E.Mr .Tateshi Higuchi က ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ပထမနေ့ပွဲစဉ်တွင် အမျိုးသားအမျိုးသမီးတစ်ဦးချင်း၊ အသင်းလိုက် “ခတ” ပြိုင်ပွဲများ၊ အမျိုးသားအမျိုးသမီးအသင်းလိုက် Kihon Waza၊ အမျိုးသား အမျိုးသမီးတစ်ဦးချင်း Kihon Waza၊ Heian Tekki Shondan၊ WKF Lndikata ပြိုင်ပွဲများ အမျိုးသမီး-၅၀၊ -၅၅၊ -၆၁၊ -၆၈၊ ကီလို “ကုမိတဲ့ ” ပြိုင်ပွဲများ၊ အမျိုးသား -၆၀၊ -၆၇၊ -၇၅၊ -၈၄၊ + ၈၄ ကီလိုကုမိတဲ့ ပြိုင်ပွဲများ ပြိုင်ပွဲအလိုက် ယှဉ်ပြိုင်ကစားကြပြီး ကလပ်အသင်းပေါင်း ၂၄ သင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)**

■ *ကျောဖုံးမှ*

မြန်မာယူ -၁၉ အသင်းသည် အဖွင့်ပွဲတွင် ဘရူနိုင်းအသင်းကို လေးဂိုးပြတ် အနိုင်ရရှိခဲ့သော်လည်း ခြေစစ်ပွဲအောင်မြင်ရေးအတွက် လက်ကျန်သုံးပွဲစလုံးမှာ အရေးပါလျက်ရှိသည်။ မြန်မာအသင်းနှင့် ကစားရမည့် တီမောအသင်းမှာ နှစ်ပွဲကစားလေးမှတ်ရရှိထားသည့် အသင်းဖြစ်ပြီး ပုံစံကောင်းရရှိနေသည့်အသင်းဖြစ်သည်။ မြန်မာအသင်းအနေဖြင့် ပထမပွဲထက် ပိုမိုကောင်းမွန်အောင် ကစားရန်လိုအပ်သလို အဆုံးသတ်ပိုင်းကောင်းမွန်မှသာ ရလဒ်ကောင်းရရှိနိုင်မည်ဖြစ်သည်။ တတိယနေ့ပွဲစဉ်များမှာ အသင်းတိုင်းအတွက် အရေးပါလျက်ရှိပြီး နှစ်ပွဲဆက်ရှုံးထားသည့် ဘရူနိုင်းအသင်းမှာလည်း ယခုပွဲထပ်မံရှုံးခဲ့ပါက ခြေစစ်ပွဲမှ ထွက်ရမည်ဖြစ်သည်။ ဒုတိယနေ့ပွဲစဉ်များအပြီးတွင် တီမောအသင်းက နှစ်ပွဲကစားလေးမှတ်၊ မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့က တစ်ပွဲကစားသုံးမှတ်စီ၊ ဟောင်ကောင်အသင်းက နှစ်ပွဲကစားတစ်မှတ်ရရှိထားပြီး ဘရူနိုင်းအသင်းက နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

မြန်မာယူ-၁၉အသင်းသည် ဘရူနိုင်းအသင်းနှင့်ပွဲတွင် ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့ သော်လည်း ခြေစွမ်းပိုင်းမှာ အကောင်းဆုံးအနေအထားမရှိသေးသလို အဆုံးသတ်ဂိုးသွင်းမှုအပိုင်း အားနည်းနေဆဲဖြစ်သည်။

မြန်မာအသင်းအတွက် သတင်းကောင်းမှာ ဒဏ်ရာရကစားသမားမရှိခြင်းဖြစ်ပြီး ခြေစစ်ပွဲမတိုင်မီက ဒဏ်ရာနှင့် ကျန်းမာရေးပြဿနာများကြုံတွေ့ခဲ့ရသော်လည်း ကစားသမားအားလုံး ကောင်းမွန်နေပြီဖြစ်သည်။

ဘရူနိုင်းနှင့်ပွဲတွင် ပရိသတ်များ ကြည့်ရှုခွင့်မရခဲ့သော်လည်း ယနေ့ပွဲတွင် ပြန်လည်ကြည့်ရှုနိုင်မည်ဖြစ်ရာ မြန်မာယူ- ၁၉ အသင်းမှာ ပရိသတ်၏အားပေးမှုနှင့်အတူ ကစားနိုင်မည်ဖြစ်သည်။

❍ *ကျောဖုံးမှ*

ပထမပိုင်းတွင် မန်ယူအသင်း ဘောလုံးပိုင်ဆိုင်မှု အသာစီးရရှိပြီး ဂိုးပေါက်ကန်သွင်းခွင့် အများဆုံးရရှိကာ ဂိုးအဖြစ်ပြောင်းလဲခြင်းမရှိခဲ့ပေ။ ဒုတိယပိုင်းပွဲချိန် ၅၃ မိနစ်တွင် ဝုဖ်ဘတ်ဂိုးဧရိယာအတွင်း မာတာက နောက်ပေါက်ဖြင့်တင်ပေးရာမှ မန်ယူနောက်တန်းကစားသမားစမောလင်းကန်သွင်းခဲ့ပြီး အိမ်ရှင်မန်ယူအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်စေခဲ့သည်။

ဝုဖ်ဘတ်နည်းပြဒိုင်တာ ဟက်ကင်းသည် ချေပဂိုးရရှိရန် ပရီမီယာလိဂ်ကစားသမားဟောင်းဖြစ်သော အန်ထရီရှာရယ်နှင့် ဘန်တနာတို့ကို လူစားလဲမှုပြုလုပ်ခဲ့ပြီး ဖိအားပေးတိုက်စစ်မြှင့်ခဲ့သော်လည်း ချေပဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ပွဲပြီးချိန်တွင် ဝုဖ်ဘတ်အသင်း နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

မန်ယူပါဝင်သော အုပ်စု(ခ)တွင် နှစ်ပွဲကစားအပြီး လေးသင်းစလုံး ရမှတ် သုံးမှတ်စီရရှိကာ အမှတ်တူညီနေသည်။

တခြားအုပ်စု ပွဲစဉ်များအဖြစ် အုပ်စု(က)တွင် ပီအက်စ်ဂျီအသင်းမှာ အိမ်ရှင်ရှက်တာ ဒိုးနက်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိပြီး ရီးရဲမက်ဒရစ်အသင်းသည် အဝေးကွင်းတွင် မယ်လ်မိုအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ မန်ယူပါဝင်သောအုပ်စု(ခ)မှ CSKA မော်စကိုသည် သုံးဂိုး-နှစ်ဂိုးဖြင့် PSV ကို အနိုင်ရရှိခဲ့သည်။

အုပ်စု(ဂ)တွင် အက်စ်တာနာနှင့် ဂါလာတာစာရေးအသင်းမှာ တစ်ဖက်နှစ်ဂိုးစီသရေရလဒ်ဖြင့် ပြီးဆုံးပြီး အက်သလက်တီကိုအသင်းသည် ဘင်ဖီကာကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ အုပ်စု(ဃ) မှ ဂျူဗင်တပ်စ်သည် ဆီဗီလာကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အင်္ဂလန်ကလပ် မန်စီးတီးမှာ ဂျာမန်ကလပ်မိုချန်ဂလာဘတ်ကို အဝေးကွင်းတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ဗိုလ်မှူးမင်းညွန့်(ငြိမ်း)-ဒေါ်လှမြင့်ကြည်(ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)တို့၏သားကြီး

**ဗိုလ်မှူးကျော်ဇော်ဇော်**
**B.A. (Hist.) (D.S.A)**
**P.G.D.A.A., M.P.A (Thesis)**

နှင့်

ရန်ကုန်မြို့နေ ဗိုလ်မှူးကြီးခင်မောင်မြင့်(ငြိမ်း)-ဒေါ်အေးအေးသန်းတို့၏ တစ်ဦးတည်းသောသမီး

**မယုသန္တာမြင့်**
**Bachelor of Fashion Design**
**(Raffles College of Design and Commerce, Australia)**
**Raffles Design Institute in Singapore**

တို့သည် ၂၆-၉-၂၀၁၅ရက်(စနေနေ့)တွင် နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်မှူးကျော်ဇော်ဇော်-မယုသန္တာမြင့်**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ဆွေဆွေမြင့် ၁၂/မဂတ(နိုင်)၀၁၃၈၈၄ ၏ နိုင်ငံကူးလက်မှတ် 535599 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၃၀၅၆၆၀၄**

## အမည်မှန်

အထ(၄)အလုံ တက္ကသိုလ်ဝင်တန်း(ခ)တွင် ပညာသင်ကြားနေသော (ဘ)ဦးကျော်အောင် ၁၂/ကမတ(နိုင်)၀၀၈၆၇၁၏သား ဖြစ်သူ အမည်မှန်မှာ မောင်ဇင်ကိုကိုကျော် ဖြစ်ပါသည်။ **မောင်ဇင်ကိုကိုကျော်**

## ဖခင်အမည်မှန်

ပညာနန်းတော်ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်အုံမော်ဦး ၏ဖခင်မည်မှန်မှာ ဦးအောင်ကျော်ထူး ဖြစ်ပါသည်။

**ဦးအောင်ကျော်ထူး**

## ဖခင်အမည်မှန်

မလှိုင်မြို့နယ် နှောကန် အထက တက္ကသိုလ်ဝင်တန်း(C)မှ မဇင်မာဖြိုး၏ဖခင်အမည်မှန်မှာ ဦးမောင်စိန် ၉/နထက(နိုင်) ၀၄၉၀၂၅ ဖြစ်ပါကြောင်း။

**ဦးမောင်စိန်**

## ဖခင်အမည်မှန်

ကျောက်တန်းမြို့နယ်၊ မြိုင်သာယာ အထက(ခွဲ) သတ္တမတန်း(က)မှ ကျောင်းဝင်အမှတ်(၇၄/၁၃) မောင်အာကာမျိုး၏ ဖခင်အမည်မှန်မှာ ဦးမျိုးသန်းလွင် ၁၂/ကတန(နိုင်)၀၇၁၇၇၄ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့၊ အမှတ်(၁)အထက၊ တက္ကသိုလ်ဝင်တန်း(B)မှ မောင်သန်းငွေအောင်၏ဖခင်အမည်မှန်မှာ ဦးဆန်းဦးဝင်း ၉/ကပတ(နိုင်) ၂၃၈၈၂၁ ဖြစ်ပါကြောင်း။ **ဦးဆန်းဦးဝင်း**

## စက်မှုဝန်ကြီးဌာန
## အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း အမှတ် ၃၆ အကြီးစားစက်ရုံ၊ မှန်ထုတ်လုပ်ရေးဌာန(ပုသိမ်)ပိုင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ (၁၁)ရပ်ကွက်၊ တဲကြီးကုန်းလမ်း၊ ဦးပိုင်အမှတ် ၂၆/၂ရှိမြေနှင့် နှစ်ထပ်တိုက် အဆောက်အအုံအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

၂။ **တင်ဒါစည်းကမ်းနှင့်လျှောက်လွှာပုံစံ ရောင်းချမည့်ရက်၊ နေရာ** - ၂၈-၉-၂၀၁၅ ရက်မှ ၁၉-၁၀-၂၀၁၅ ရက်အထိ
(က) အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်
(ခ) အမှတ် ၃၆၊ အကြီးစားစက်ရုံ၊ မှန်ထုတ်လုပ်ရေးဌာန(ပုသိမ်)၊ ဘဏ္ဍာရေးဌာန

၃။ **တင်ဒါတင်သွင်းရမည့်ရက်၊ အချိန်နှင့် နေရာ** - ၁၉-၁၀-၂၀၁၅ ရက် ၁၀း၀၀ နာရီမှ ၁၂း၀၀ နာရီအထိ အမှတ် ၃၆၊ အကြီးစားစက်ရုံ၊ မှန်ထုတ်လုပ်ရေးဌာန(ပုသိမ်)၊ ဘဏ္ဍာရေးဌာန

၄။ **တင်ဒါဖွင့်မည့်ရက်၊ အချိန်၊ နေရာ** - ၁၉-၁၀-၂၀၁၅ ရက် ၁၃း၀၀နာရီ အမှတ် ၃၆၊ အကြီးစားစက်ရုံ၊ မှန်ထုတ်လုပ်ရေးဌာန(ပုသိမ်)၊ ဘဏ္ဍာရေးဌာန

၅။ တင်ဒါစည်းကမ်းချက်နှင့် ပုံစံများကို အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ် ၄၁၊ နေပြည်တော်နှင့် အမှတ် ၃၆ အကြီးစားစက်ရုံ၊ မှန်ထုတ်လုပ်ရေးဌာန(ပုသိမ်)၊ ဘဏ္ဍာရေးဌာနတို့တွင် ဝယ်ယူနိုင်ပြီး စပေါ်ငွေကို မှန်ထုတ်လုပ်ရေးဌာန(ပုသိမ်)သို့ ပေးသွင်းပြီးမှသာ (စည်းကမ်းချက်၊ ပုံစံဝယ်ယူသူနှင့် အဖော်တစ်ဦးသာ) လေလံတင်ရောင်းချရက်မတိုင်မီ ရုံးချိန်အတွင်း ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ (၁၁)ရပ်ကွက်၊ တဲကြီးကုန်းလမ်း၊ ဦးပိုင်အမှတ် ၂၆/၂ရှိ မြေနှင့် နှစ်ထပ်တိုက်အဆောက်အအုံအား သွားရောက်ကြည့်ရှုနိုင်ပါသည်။ ဖုန်း-၀၆၇-၄၀၈၃၆၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရောင်းချရေးအဖွဲ့**
**အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း**

## ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်**
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ) အမြို့မြို့ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
အောက်တိုဘာ (၃/၅/၇)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
**Speaking** နှင့် ၄ မှ ၈ တန်းထိ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅၊ နတ်ရေကန် ၃လမ်း၊ မြေကွက်အမှတ် ၆၈၃(ခ)၊ အလျား ပေ၂၀×အနံ ပေ၆၀ အကျယ်အဝန်းရှိ ဦးသိန်းလွင် (AA-၀၃၄၂၂၇) အမည်ပေါက် နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်အုတ်ညှပ် အိမ်အပါအဝင် မြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဦးဇော်လင်းစိုး ၇/ရကန(နိုင်)၀၄၅၃၅၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် စရန်ငွေပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်ကြောင်းစာချုပ်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဆန်နီ (ပျဉ်းမနား)**
**အထက်တန်းရှေ့နေ (စဉ်-၁၆၉၅၁)**
**၁၀၃၇၊ သင်းဝင် ၅ လမ်း၊ ၃၄ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၃၀၄၆၉၀၆၊ ၀၉-၉၇၆၇၁၃၈၂၀**

# ပြည်သူချစ်ကြည် ရဲဇာနည်

မောင်မောင်(ယထ)

**တရားဥပဒေစိုးမိုးရေးတာဝန်ထမ်းဆောင်သည့် ရဲတပ်ဖွဲ့ဝင်အချို့ တာဝန်ထမ်းဆောင်စဉ် အသက်စွန့်ခဲ့ကြရသည့် ဖြစ်စဉ်များကို နေ့စဉ်ထုတ်သတင်းစာများ၊ ဂျာနယ်များ၊ စာစောင်များတွင်ပါရှိပြီးဖြစ်သဖြင့် အကျယ်တဝင့်ဖော်ပြနေလျှင် တန်ဖိုးရှိသောအချိန်များ ဖြုန်းတီးရာရောက်မည်ဟု ယူဆပါ၍ မတင်ပြတော့ပါ။ ယင်းကိစ္စကို အဖြေရှာနိုင်ရန်နှင့် ပြည်သူချစ်ကြည် ရဲဇာနည်များအဖြစ် ရပ်တည်နိုင်ရန် ပြည်သူအချို့နှင့် ရဲတပ်ဖွဲ့ဝင်အချို့ထံ နှံ့နှံ့စပ်စပ်ထဲထဲဝင်ဝင် သွားရောက်စုံစမ်းမေးမြန်း ဆောင်ရွက်ခဲ့ပါသည်။ ယခုလေ့လာသိရှိရသမျှ အချက်များကို ပြည်သူအကျိုးပြုအနေဖြင့် တင်ပြသွားပါမည်။**

ရဲတပ်ဖွဲ့ဝင်များသည် ရဲလုပ်ငန်းကို ထိရောက်စွာဆောင်ရွက်ရေး၊ ရပ်ရွာအကျိုးပြု ရဲလုပ်ငန်း ဆောင်ရွက်ရာတွင် ပြည်သူလူထုလက်တွဲပါဝင်လာရေး၊ မှုခင်းတားဆီးနှိမ်နင်းရေးကို နေ့စဉ်ဆောင်ရွက်နေကြရပါသည်။ ပြည်သူလူထုအပေါ် စေတနာထားခြင်း၊ ရဲလုပ်ငန်းအပေါ် စိတ်ဝင်စားခြင်းတို့ ရှိစေရန် သင်တန်းတွင် လေ့ကျင့်ပေးခဲ့သည်။ သင်ကြားပေးခဲ့သည်။

ယနေ့ ကမ္ဘာပေါ်တွင် တစ်နေ့တခြားကြီးထွားကျယ်ပြန့်လာနေသော နိုင်ငံဖြတ်ကျော်မှုခင်းများ၊ အုပ်စုဖွဲ့ကျူးလွန်သည့် မှုခင်းများ၊ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုများ၊ လူကုန်ကူးမှုများ၊ အကြမ်းဖက်မှုများစသည့် ဒုစရိုက်လုပ်ငန်းများကို နိုင်ငံတကာအသိုင်းအဝိုင်းက ဝိုင်းဝန်းတားဆီးနှိမ်နင်းရန်လိုအပ်လာသည်။ ကမ္ဘာပြည်သူတစ်ရပ်လုံးကို ဆင်းရဲချမ်းသာမရွေး ဒုက္ခပေးလျက်ရှိသော အဆိုပါ ဒုစရိုက်ဂိုဏ်းကြီးများကို ဖြိုခွင်းရာတွင် နိုင်ငံတကာရဲတပ်ဖွဲ့သည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်။ နိုင်ငံတကာ ရဲတပ်ဖွဲ့တွင် အဖွဲ့ဝင်တစ်ဦးဖြစ်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည်လည်း နိုင်ငံတကာမှုခင်းများကို ဝိုင်းဝန်းတားဆီးနှိမ်နင်းရန် တာဝန်ရှိလာကြောင်း သိရှိရသည်။

သို့ဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အား နိုင်ငံတကာအဆင့်မီ ရဲတပ်ဖွဲ့ကြီးတစ်ခုဖြစ်လာအောင် လေ့ကျင့်ပေးရေးမှာ အရေးကြီးလာကြောင်း သိရ၏။ အရည်အချင်းပြည့်ဝပြီး ထူးချွန်ထက်မြက်သောပြည်သူ့အကျိုးပြု ရဲတပ်ဖွဲ့ဝင်များ၊ ယုံကြည်ချက်၊ ခံယူချက် ခိုင်မာပြီး စိတ်ဓာတ်ကောင်းမွန်သည့် ရဲတပ်ဖွဲ့ဝင်များ များစွာပေါ်ပေါက်လာရန်ပြုစုပျိုးထောင်လေ့ကျင့်ပေးရန် မရှိမဖြစ်လိုအပ်လာ၍ လေ့ကျင့်ပေးလျက်ရှိသည်ဟု သိရပါသည်။

သို့မှသာ ပြည်သူကို အလုပ်အကျွေးပြုမည့် စေတနာနှင့် ရဲလုပ်ငန်းများကို ဂုဏ်သိက္ခာပြည့်ဝစွာ ဆောင်ရွက်မည့် ထူးချွန်ထက်မြက်သော ရဲတပ်ဖွဲ့ဝင်များ ရွေးချယ်မွေးထုတ်ပေးနိုင်မှသာ "ပြည်သူချစ်ကြည်ရဲဇာနည်" အဖြစ် တက်လှမ်းနိုင်ကြလိမ့်မည်ဟု ပြည်သူတို့က ယုံကြည်လျက်ရှိသည်ဟု သိရ၏။

ရဲတပ်ဖွဲ့ဝင်တို့သည် တရားဥပဒေစိုးမိုးရေးအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုရန် ရွေးချယ်ခဲ့ကြ၏။ သူတို့တပ်ဆင်ရမည့် ရာထူးတံဆိပ်သည် သူတို့အား မှီခိုအားထားကြမည့်သူများအပေါ် တုံ့ပြန်ရမည့် ကတိကဝတ်များကို ဖော်ပြနေကြောင်း သိရ၏။ ရဲရင့်ခြင်း၊ ယုံကြည်အားထားနိုင်ခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊ စွမ်းအားနှင့် တရားနည်းလမ်းကျခြင်း စသည့် ပုဂ္ဂိုလ်ရေး အရည်အချင်းများကို ဖော်ညွှန်းပြဆိုသည်ဟု သိရသည်။ သူ၏ရည်မှန်းချက်ကို စည်းကမ်းနည်းလမ်းအတိုင်း လူသိရှင်ကြား ဖော်ထုတ်ပြသရာရောက်သည်ဟု သိရသည်။ လက်မောင်းတံဆိပ်သည် ပြည်သူတို့၏ ယုံကြည်ကိုးစားမှုသင်္ကေတဖြစ်ပြီး ရဲတပ်ဖွဲ့ဝင်၏ ကိုယ်ကျင့်တရားကိုလည်း ပြည်သူက လေးစားအားကျစရာ စံနမူနာတစ်ရပ်ဟု တပ်ဖွဲ့ဝင်တို့က ခံယူသည်ဟု သိရသည်။

တပ်ဖွဲ့ဝင်သည် သာမန်ပြည်သူက ပေါက်ဖွားလာသော ပြည်သူ့ရင်သွေးအရပ်သားဘဝမှ တရားဥပဒေစိုးမိုးရေးရဲတပ်ဖွဲ့ဝင်တစ်ဦးအဖြစ် အသက်မွေးဝမ်းကျောင်းပြုပြီး အောင်မြင်လာပြီဆိုလျှင် တပ်ဖွဲ့ဝင်၏ အောင်မြင်မှုကို သူ့အပေါ် ဂရုအစိုက်ဆုံး ဖြစ်သည့် သူ့မိသားစုနှင့်အတူ မျှဝေခံစားနိုင်ပြီဖြစ်သည်။ မိသားစု၏ ဂုဏ်သိက္ခာအပေါ် တန်ဖိုးထားတတ်မှုကလည်း သူ့အသက်မွေးဝမ်းကျောင်းအလုပ်တွင် အောင်မြင်မှုရလာစေရန် တွန်းအားပေးလိမ့်မည်ဟု ပြည်သူတို့က မြင်ကြသည်။ ပြည်သူတို့ကလိုလားသည်မှာ ရာထူးတံဆိပ်၊ လက်မောင်းတံဆိပ်တို့ကို ဂုဏ်ယူစွာ တပ်ဆင်ပါ။ ဥပဒေကိုကာကွယ်စောင့်ရှောက်ပါ။ အရည်အချင်းပြည့်မီအောင် ကြိုးစားပါ။ အရည်အချင်းကို တန်ဖိုးထားပါ။ အရည်အသွေးတောက် ပြောင်အောင် ကြိုးစားပါ။ ရာထူးတံဆိပ်၊ လက်မောင်း တံဆိပ်၊ ဦးထုပ်တံဆိပ်၊ အဆောင်အယောင်သည် မျှော်လင့်ချက်၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့ကို ထင်ဟပ်နေသည်။ တပ်ဖွဲ့ဝင်သည် ရာထူးတံဆိပ်ကို လေးစားပါ။ အခြားပြည်သူလူထုကလည်း ရဲတပ်ဖွဲ့ဝင်၏ ရာထူးတံဆိပ်ကို လေးစားကြပါလိမ့်မည်ဟူ၍ ပြည်သူ့အသံကို ကြားရသည်။



ဓာတ်ပုံ-သူရိန်(မန်း)

ရဲတပ်ဖွဲ့တို့ထံမှ အသံများကိုလည်း ဆက်လက်နားထောင်၍ ကြားရ၏။ အနီတို့မှာ တရားဥပဒေစိုးမိုးရေးတာဝန်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူများအဖို့ ထူးခြားပြောင်မြောက်သော အရည်အသွေး ရှိရန်လိုအပ်သည်။ ရဲလုပ်ငန်းတွင် အခြားအသက်မွေးဝမ်းကျောင်းအလုပ်များနှင့် မတူသည့်အချက်မှာ စိန်ခေါ်မှုနှင့် ဆုလာဘ် တွဲနေခြင်းဖြစ်သည်။ ဆုပေး၊ ဒဏ်ပေးစနစ်ရှိ၏။ အကျင့် စာရိတ္တပျက်ပြားစေနိုင်သည်။ အလုပ်တာဝန် ဖိစီးမှုဒဏ်ခံရလိမ့်မည်။ ရဲတပ်ဖွဲ့ဝင်အဖို့ အလုပ်တာဝန်ထမ်းဆောင်ရာတွင် ဆိုးရွားပြင်းထန်သော ရာသီဥတု၊ ပင်ပန်းခက်ခဲသည့် အလုပ်ချိန်၊ အသက်အန္တရာယ် ခြိမ်းခြောက်မှု စသည့်တို့ ရင်ဆိုင်ရပေမည်။ တရားဥပဒေစိုးမိုးရေးအလုပ်ကို ရွေးချယ်ပါက တပ်ဖွဲ့ဝင်၏ ပခုံးပေါ် လက်မောင်းပေါ်တွင် ရာထူးတံဆိပ်မတပ်ဆင်မီ "အချိန်" နှင့် "အင်အား" တို့ကို ရင်းနှီးမြှုပ်နှံရန် ဆုံးဖြတ်လိုက်ပါ၊ ပြီးမှ မိသားစုနှင့် မိတ်ဆွေ သူငယ်ချင်းတို့ကို အသိပေးပါဟူသည်။ တပ်ဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်မည့် လူငယ်များ နည်းပါးရခြင်း၊ တပ်သားသစ်နည်းပါးရခြင်းမှာ ရဲလုပ်ငန်းသည်သူ့အနေဖြင့် "သင့်လျော်သော အလုပ်ဖြစ်သည်" ဟု မှားယွင်းစွာ ယုံကြည်ခဲ့သောကြောင့်ဖြစ်၏။ ရဲလုပ်ငန်းသည် လူတိုင်းနှင့်သင့်လျော်သည့် အလုပ်မဟုတ်ပါ။ အခြားလုပ်ငန်းများကဲ့သို့ လွယ်လွယ်ကူကူ လုပ်၍မရပါ။ စိတ်ကူးယဉ်ဆန်ဆန်လည်း လုပ်၍မရ။ သို့ဖြင့် ရဲလုပ်ငန်း၏ သဘောသဘာဝကို နားလည်လက်ခံနိုင်မည့် ပြင်းပြသော စိတ်ထားနှင့် ရည်မှန်းချက်ရှိသူများသာ ယင်းရဲလုပ်ငန်းကို လျှောက်ထားသင့်ကြောင်း တပ်ဖွဲ့ဝင်များထံမှ သိရသည်။

လူငယ်များ ရဲလုပ်ငန်း၏အတိုင်းအတာအစအဆုံးကို သေချာစွာစဉ်းစားဆုံးဖြတ်ပြီး တပ်ဖွဲ့ဝင်အသစ်လျှောက်ထားမည်ဆိုပါက ရဲတပ်ဖွဲ့မှ လက်ခံသင့်မသင့် အကဲဖြတ်မည်။ ယှဉ်ပြိုင်မှုကြုံတွေ့ရမည်။ စမ်းသပ်စစ်ဆေးမှုကို ကြံ့ကြံ့ခံနိုင်ရမည်။

ရဲတပ်ဖွဲ့လေ့ကျင့်ရေးဌာနအနေဖြင့်လည်း အရည်အသွေးမြင့်သည့် တပ်ဖွဲ့ဝင်သစ်များ စုဆောင်းရေးအတွက် ဆွဲဆောင်မှု ပြုလုပ်ရမည်ဟူ၍ သိရသည်။ တပ်ဖွဲ့ဝင်သစ်များကို လုပ်ရည်ကိုင်ရည်ရှိပြီး တပ်ဖွဲ့အတွက် မျက်နှာလွှဲရသူများဖြစ်လာအောင် စနစ်တကျလေ့ကျင့်ရည်ဝအောင် ဒူပေနာပေခံနိုင်အောင်၊ စိတ်ဓာတ်မြင့်မားအောင် လေ့ကျင့်ပေးရန်လိုအပ်ကြောင်း သိရသည်။

ဥပဒေစိုးမိုးရေး တာဝန်ထမ်းဆောင်နေကြသည့် ရဲတပ်ဖွဲ့ဝင်များ၏ လုပ်ငန်းသဘာဝများကို ဖော်ပြခဲ့ပါသည်။ အထူးသဖြင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များသည် နေပူမိုးရွာမရှောင် လမ်းပေါ်တွင် တာဝန်ထမ်းဆောင်နေကြသည်။ လမ်းကြိုလမ်းကြား၊ ကားကြိုကားကြား၊ အင်အားအနည်းဆုံးဖြင့် ကားမှထုတ်လွှတ်သော ကာဗွန်ဒိုင်အောက်ဆိုက်အဆိပ်ငွေ့ကို တစ်ဝကြီးရှူရှိုက်နေကြရ၏။ သူတို့ကပြောပြကြ၏။ "ကျွန်တော်တို့လည်း ပြည်သူလူထုကပေါက်ဖွားလာကြတာပါ။ ပြည်သူ့ရင်သွေးများပါ။ ကျရာတာဝန်ထမ်းဆောင်နေတာပါ၊ တရားဥပဒေစိုးမိုးရေးနဲ့ ပြည်သူလူထုလုံခြုံရေးကို ထမ်းဆောင်နေကြတာပါ။ "လုံခြုံရေးတာဝန်ယူထားသည့် ပြည်သူ့ဝန်ထမ်းများ လုံခြုံမှုမရှိတော့လားခင်ဗျား" ဟူသော အသံကို ရင်နင့်ဖွယ်ကြားရ၏။ သူတို့၏ တရားဥပဒေစိုးမိုးရေး ရဲတပ်ဖွဲ့ဝင်တစ်ဦးအဖြစ် လွယ်လွယ်နှင့်မွေးဖွားလာရန် မလွယ်ကူကြောင်းဆိုခဲ့ပါ အတိုင်းတင်ပြခဲ့ပါ၏။ ပြည်သူတို့က သူတို့အပေါ် နားလည်မှု၊ စာနာမှု၊ ပူးပေါင်းပါဝင်ဖို့လိုအပ်မည်ဟုယူဆပါ၏။

ထိုနည်းတူ တပ်ဖွဲ့ဝင်များကလည်း တရားဥပဒေစိုးမိုးရေးနှင့်အညီ တပ်ဖွဲ့စည်းမျဉ်းစည်းကမ်းအတိုင်း တရားမျှတစွာ ပြည်သူအပေါ် "ခြေသုတ်ပုဆိုး၊ မြွေစွယ်ကျိုး" ကဲ့သို့ လိမ္မာပါးနပ်ယဉ်ကျေးပျူငှာစွာ နှလုံးသားဖြင့် စေတနာအဆစ်ပေးပြီး ဆက်ဆံကြရန် လိုအပ်မည်၊ သို့မှ ပြည်သူကြည်ဖြူမည့် ပြည်သူချစ်ကြည်ရဲဇာနည်ဟုယူဆ ပါကြောင်း စေတနာမွန်ဖြင့် ဆန္ဒပြုဆုမွန်ခြွေတင်ပြလိုက်ပါရစေ။

## ၂၀၁၅ ခုနှစ်တွင် အသစ်ပြဋ္ဌာန်းလိုက်သည့် မော်တော်ယာဉ် ဥပဒေနှင့်ပတ်သက်၍ ထပ်ဆင့်ရှင်းလင်း

**နေပြည်တော် အောက်တိုဘာ ၁**

ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၅၅ မှ အတည်ပြုပြဋ္ဌာန်းလိုက်သည့် ၂၀၁၅ ခုနှစ် မော်တော်ယာဉ် ဥပဒေအသစ်နှင့်ပတ်သက်၍ ယာဉ်မောင်းသူ ယာဉ်စီးနင်းသူများ သိရှိစေရန် ထပ်ဆင့်ရှင်းလင်းပွဲကို စက်တင်ဘာ ၂၉ ရက်က ပျဉ်းမနားမြို့ ဘောဂသီရိကားဝင်းအတွင်းရှိ တော်ဝင်ယာဉ်ရပ်နားစခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့ အမှတ် (၁) ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲ (နေပြည်တော်) ကွပ်ကဲမှုအောက်ရှိ အမှတ် (၅) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (ဇေယျာသီရိမြို့နယ်)မှ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူးမြင့်မိုးက ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၅ မှ အတည်ပြုပြဋ္ဌာန်းလိုက်သည့် ၂၀၁၅ ခုနှစ် မော်တော်ယာဉ် ဥပဒေအသစ်နှင့်ပတ်သက်၍ အခန်း (၉)၊ အခန်း (၁၀) မှ တားမြစ်ချက်နှင့် ပြစ်ဒဏ်များအကြောင်းကို ရှင်းလင်းပြောကြားပြီး ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ နေပြည်တော်ကောင်စီနယ်မြေအတွင်း လေးနှစ်တာ ယာဉ်မတော်တဆဖြစ်ပွားမှုအခြေအနေ၊ ဒဏ်ရာရသေဆုံးမှု နှိုင်းယှဉ်ချက်၊ ၂၀၁၅ ခုနှစ် ဩဂုတ်လအထိ ယာဉ်မတော်တဆဖြစ်ပွားမှုနှင့် ဖြစ်ပွားရသည့် အကြောင်းရင်းများ၊ ယာဉ်မောင်းသူများ၊ ယာဉ်စီးနင်းသူများ လိုက်နာရမည့် စည်းကမ်းချက်များကို ပရိုဂျက်တာဖြင့် ရှင်းလင်းခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

## ယာဉ်အန္တရာယ်ကင်းရှင်းရေး ယာဉ်ထိန်းတပ်ဖွဲ့ ကူညီ

**နတ်မောက် အောက်တိုဘာ ၁**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့တွင် မော်တော်ယာဉ်မျိုးစုံနှင့် မော်တော်ဆိုင်ကယ်အသွားအလာများပြားလာသဖြင့် မြို့တွင်းလမ်းများကျဉ်းမြောင်းခြင်း၊ မြို့ရှောင်လမ်းမရှိခြင်း၊ ကုန်တင်မော်တော်ယာဉ်ကြီးများ မြို့တွင်းလမ်းဘေးဝဲယာတွင်စည်းကမ်းမဲ့စွာရပ်နားသွားလာခြင်းကြောင့် မြို့တွင်းရှိ အထက၊ အလကနှင့်အမက ကျောင်းများမှ ကျောင်းသားကျောင်းသူများ ကျောင်းသွားကျောင်းပြန်ခရီးတွင် ယာဉ်အန္တရာယ်စိုးရိမ်နေရသည်။

သို့ဖြစ်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် စာသင်ကျောင်းများတွင် မှုခင်းကျဆင်းရေး၊



ယာဉ်စည်းကမ်းအသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းစသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုဆောင်ရွက်နေသည့် နတ်မောက်မြို့ ယာဉ်ထိန်းတပ်ဖွဲ့ မြို့မရဲတပ်ဖွဲ့ တာဝန်ခံတပ်ကြပ်ကြီးတင်မောင်ရင်ဦးစီးသည့်အဖွဲ့က အမှတ်(၂) အထက ကျောင်းသား၊ ကျောင်းသူကလေးငယ်များ ကျောင်းတက်ကျောင်းဆင်းအချိန်များတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် စေတနာထား၍ ကူညီစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။

**လှဝင်း (ပြန်/ဆက်)**

# ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် အတိုးနည်း၊ အတိုးမဲ့ချေးငွေများ ဆောင်ရွက်ပေးရန်လိုအပ်

**နေပြည်တော် အောက်တိုဘာ ၁**

ဆင်းရဲနွမ်းပါးမှု အကြောင်းအရာများတွင် အသက်မွေးဝမ်းကျောင်း အလုပ်အကိုင် အခွင့်အလမ်းမရှိခြင်း၊ ဝင်ငွေလုံလောက်မှုမရှိခြင်းနှင့် ကြွေးမြီများပြားခြင်း၊ ပိုင်ဆိုင်မှုနည်းပါးခြင်း၊ သတင်းအချက်အလက်နှင့် အခြေခံဝန်ဆောင်မှု ရပိုင်ခွင့်၊ သုံးပိုင်ခွင့်နည်းပါးခြင်းတို့မှာ အဓိကအကြောင်းအရာများဖြစ်ကြောင်း ကျေးလက်ဒေသများတွင် ဆင်းရဲနွမ်းပါးမှု၊ ထိခိုက်လွယ်မှုနှင့် လူမှုကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ သုတေသနစစ်တမ်းအရ သိရသည်။

"ဆင်းရဲနွမ်းပါးမှု အများဆုံးဖြစ်တာဟာ ထိခိုက်လွယ်တဲ့ အိမ်ထောင်စုတွေမှာ ပိုပြီးဖြစ်နိုင်ခြေများပါတယ်။ ဖြည့်ဆည်းမှုနည်းလမ်းတွေနဲ့ ဆောင်ရွက်လို့ရပါတယ်။ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုတာ နိုင်ငံတကာမှာတော့ ပုံစံတကျ ဖွင့်ဆိုထားတာရှိပါတယ်။ မြန်မာနိုင်ငံမှာကတော့ များသောအားဖြင့် လူမှုရေးအခက်အခဲတွေ ရင်ဆိုင်ရတဲ့အခါမှာ သူတို့နည်းလမ်းနဲ့သူတို့ ဖြေရှင်းကြတယ်။ အများအားဖြင့် အရေးပေါ်ကျန်းမာရေးကိစ္စတွေပေါ်လာတဲ့အခါမှာ အသုံးစရိတ်ကို အကြွေးယူကြရတယ်။ အတိုးမဲ့ ချေးငွေမရကြဘူး။ အတိုးနဲ့ပဲ ယူကြရတယ်။ အတိုးနဲ့ဆိုတော့ ပြန်ဆပ်ဖို့အတွက် ပိုပြီး အခက်အခဲတွေ ဖြစ်လာတယ်။ မကျန်းမာလို့ အလုပ်မလုပ်နိုင်လို့ ဝင်ငွေမရှိတဲ့အတွက် ဆုံးရှုံးမှုက နှစ်ဆဖြစ်သွားတာပါ။ ဒါ့ကြောင့် ကျေးလက်ဒေသမှာရှိတဲ့ ပြည်သူတွေအတွက် လူမှုရေးအကူအညီတွေ ဖန်တီးပေးဖို့က အရေးကြီးတဲ့ အပိုင်းတစ်ပိုင်း ဖြစ်ပါတယ်" ဟု လူမှုဆိုင်ရာသုတေသနအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မိုက်ခ်ဂရစ်ဖစ်က ပြောသည်။

ထိခိုက်လွယ်သော အိမ်ထောင်စုများသည် ဆင်းရဲနွမ်းပါးမှုဖြစ်နိုင်ခြေများပြီး အမျိုးသမီးဦးစီးသော၊ ကျပန်းအလုပ်ဖြင့် အဓိကဝင်ငွေ ရှာဖွေသော၊ မြေယာပိုင်ဆိုင်မှု မရှိသော၊ မသန်စွမ်းသောသူများ ပါဝင်သော၊ ငါးလုပ်ငန်း အဓိကလုပ်ကိုင်သော အိမ်ထောင်စုများဖြစ်ကြောင်း သုတေသနစစ်တမ်းတွင် ဖော်ပြပါရှိသည်။ ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုတွင် ချင်းပြည်နယ်သည် ရာခိုင်နှုန်းအများဆုံးဖြစ်ကြောင်း စစ်တမ်းအရ သိရှိရသည်။

သုတေသနအခြေပြုချက်မှရရှိသည့် သတင်းအချက်အလက်များအရ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စီမံကိန်းများတွင် လူမှုကာကွယ်စောင့်ရှောက်မှု စီမံကိန်းများကိုပါ ထည့်သွင်းဆောင်ရွက်ခြင်းအားဖြင့် အကျိုးထိရောက်မှု မြင့်မားကြောင်း သုတေသနစစ်တမ်း၌ ဖော်ပြထားသည်။

တာရှည်စွာ အမြစ်စွဲနေခဲ့သည့် ဆင်းရဲနွမ်းပါးမှုကြောင့် ထိတ်လန့်တုန်လှုပ်ဖွယ်ရာဖြစ်ရပ်များ၊ ဘေးအန္တရာယ်စွန့်စားရမှုများသည် ဆင်းရဲနွမ်းပါးပြည်သူများအား ပိုမိုဒုက္ခရောက်စေပြီး ဆင်းရဲတွင်းသို့ ပြန်လည်ကျရောက်စေနိုင်သည့် ထောင်ချောက်များလည်းဖြစ်ကြောင်း သုတေသနစစ်တမ်းက ဖော်ပြသည်။

"ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပေါင်းပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် သုတေသနစစ်တမ်းကောက်တယ်။ ကောက်တဲ့အခါမှာ ထိခိုက်လွယ်တဲ့အုပ်စုတွေကို ဘာတွေလုပ်ဆောင်ပေးရမလဲ၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဆောင်ရွက်တဲ့အခါ လူမှုကာကွယ်စောင့်ရှောက်ရေးကို ဘယ်လိုလုပ်ဆောင်ပေးရမလဲဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီစစ်တမ်းကို ကောက်ယူခဲ့တာဖြစ်ပါတယ်။

စစ်တမ်းကောက်တဲ့အခါမှာ မြို့နယ်ပေါင်း ၅၉ မြို့နယ်ကို အခြေခံပြီး ကျေးရွာပေါင်း ၁၆၀ က အိမ်ထောင်စုပေါင်း ၂၂၀၀၀ ကို စစ်တမ်းကောက်ခဲ့တယ်။ ဘာကြောင့် ဆင်းရဲတာလဲ၊ ထိခိုက်လွယ်တဲ့ အုပ်စုတွေက ဘယ်သူတွေလဲ၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးမှာ လူမှုကာကွယ်စောင့်ရှောက်ရေးအပိုင်းတွေ ဘာတွေဆောင်ရွက်ပေးရမယ်ဆိုတဲ့ မေးခွန်းတွေကိုမေးခဲ့တယ်" ဟု ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က လေ့လာဆန်းစစ်ခဲ့မှု အခြေအနေများကို ရှင်းပြသည်။

"အဲဒီလိုမေးတဲ့အခါမှာ ဝင်ငွေတိုးလုပ်ငန်းတွေ မရှိတာ၊ ထိခိုက်လွယ်တဲ့အုပ်စုတွေမှာဆိုရင် အမျိုးသမီးတွေ၊ မသန်စွမ်းတွေ၊ ငါးလုပ်ငန်းလုပ်တဲ့သူတွေဟာ ထိခိုက်လွယ်တဲ့ မိသားစုတွေဖြစ်တယ်ဆိုတာ တွေ့ရတယ်။ သူတို့မှာ လိုအပ်တဲ့ အရင်းအနှီးတွေမရှိဘူး။ လယ်စိုက်ဖို့ လယ်ပိုင်ယာပိုင်မရှိဘူး။ ဝင်ငွေတိုးလုပ်ငန်း လုပ်ဖို့ ဆိုရင် အတိုးမဲ့၊ အတိုးနည်းတွေ ဆောင်ရွက်ပေးဖို့ လိုတယ်။ လုပ်နိုင်ကိုင်နိုင်တဲ့ လူငယ်တွေကို အလုပ်အကိုင် ဖန်တီးပေးဖို့လိုတယ်။ အတိုးနည်း၊ အတိုးမဲ့ လုပ်ဆောင်ပေးဖို့ ၇၅ ရာခိုင်နှုန်းလောက် တွေ့ရတယ်။ အသက်မွေးဝမ်းကျောင်းအတွက် ၄၇ ရာခိုင်နှုန်းကို လုပ်ဆောင်ပေးဖို့ တွေ့ရတယ်။ အသေးစားကုန်ထုတ်လုပ်ငန်းတွေလုပ်ဖို့အတွက် လုပ်ဆောင်ပေးဖို့ ခုနစ်ရာခိုင်နှုန်းလောက် တွေ့ရတယ်၊ လူမှုကာကွယ်ရေးစောင့်ရှောက်မှုတွေကို ဖွံ့ဖြိုးရေးလုပ်ငန်းတွေနဲ့တွဲပြီး လုပ်ပေးသင့်တယ်" ဟု စစ်တမ်းတွေ့ရှိချက်အပေါ် ညွှန်ကြားရေးမှူးချုပ်က ဆက်လက်ပြောကြားသည်။

ထိခိုက်လွယ်ပြီး မြေယာပိုင်ဆိုင်မှုမရှိသော အိမ်ထောင်စုများသည် ကြွေးမြီနှင့်ပတ်သက်သော အသုံးစရိတ်တို့ကြောင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ယင်းတို့ကို လယ်ယာမြေ ပိုမိုသုံးစွဲနိုင်အောင် စီစဉ်ဆောင်ရွက်သင့်ကြောင်း သုတေသနစာတမ်းက ထောက်ပြထားသည်။

ကျေးလက်အိမ်ထောင်စုများတွင် အများအားဖြင့် စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်း ရပ်တည်လျက်ရှိကြပြီး ပျမ်းမျှအားဖြင့် အိမ်ထောင်စု သုံးစု တွင် တစ်စုသည် ကျပန်းအလုပ်ဖြင့် ရပ်တည်ကြသည့် မိသားစုဝင်များက ၅၀ ရာခိုင်နှုန်းကျော်ရှိကြောင်း သိရသည်။

ထိခိုက်လွယ်သော အိမ်ထောင်စုများသည် လူမှုရေးဆိုင်ရာ အကူအညီအထောက်အပံ့ကို အစိုးရထံမှ သော်လည်းကောင်း၊ အာမခံ အစီအစဉ်မှသော်လည်းကောင်း ရရှိရန်နည်းပါးလျက်ရှိပြီး အကူအညီအထောက်အပံ့ရရှိလျှင်လည်း ကြွေးမြီစနစ်ဖြင့်သာ ရရှိနိုင်ခြေပိုများသည်ကို ကျေးလက်ဒေသများ၌တွေ့ရကြောင်းကို သုတေသနစစ်တမ်း၌ ဖော်ပြထားသည်။

**မျိုးမြင့်၊ ဟန်နီဝင်း**



ရန်ကုန် အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းရှိ အမှတ် (၁) အထက်တန်းကျောင်းတွင်အသက် ၁၀နှစ်ပြည့် ကျောင်းသား ကျောင်းသူများကို စက်တင်ဘာလစတုတ္ထပတ်က မိုးပွင့်အထူးစီမံချက် အပိုင်း-၂ ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးစဉ်။ (မြန်မာ့အလင်း)

## လယ်ယာသုံးစက်ကိရိယာများ အရစ်ကျရောင်းချမည်

**ရန်ကုန် အောက်တိုဘာ ၁**

ကိုရီးယားသမ္မတနိုင်ငံ Daedong လယ်ယာသုံးစက်ကိရိယာများ စက်စွမ်းရည် ရှင်းလင်းဆွေးနွေးပွဲကို စက်တင်ဘာ ၂၈ ရက်က သန်လျင်မြို့နယ် သမဝါယမဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်သမဝါယမဦးစီးဌာနဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်းက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဒေါ်အေးသူမြင့်က လယ်ယာစိုက်ပျိုးလုပ်ကိုင်သောအသင်းသားတောင်သူများ ခေတ်မီလယ်ယာသုံးစက်ကိရိယာများ အသုံးပြု၍ စက်မှုလယ်ယာစနစ်သို့ လျင်မြန်စွာကူးပြောင်းနိုင်ရေး၊ ရာသီချိန်အမီ စိုက်ပျိုးနိုင်ရေး၊ ဆင်းရဲမှုလျှော့ချရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ Daedong ကုမ္ပဏီနှင့် သမဝါယမဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် လက်တွန်းထွန်စက်များ၊ ထွန်စက်ကြီးအမျိုးမျိုးရိတ်သိမ်း ခြွေလှေ့စက်များကို အသင်းဝင်တောင်သူများအား အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း ရှင်းလင်းဆွေးနွေးသည်။ **တင်စိုး(မြန်မာ့အလင်း)**

## သောက်သုံးရေစစ်တမ်းကောက်ယူခြင်း ဆင့်ပွားသင်တန်းဖွင့်

**ရွှေကူ အောက်တိုဘာ ၁**

ကချင်ပြည်နယ် ဗန်းမော်ခရိုင်ရွှေကူမြို့၌ စက်တင်ဘာ ၂၉ ရက်က ပြည်သူလူထုအခြေပြု သောက်သုံးရေစစ်တမ်းကောက်ယူခြင်း ဆင့်ပွားသင်တန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများတက်ရောက်ကြပြီး မြို့နယ်ဦးစီးမှူး ဦးသိန်းလင်းက မြို့နယ်အတွင်းရှိ ကျေးရွာများ၏ သောက်သုံးရေရရှိမှုနှင့် ရေမီတာသုံးရေပေးရေးစနစ်ဆောင်ရွက်နိုင်မှုအခြေအနေ စစ်တမ်းကောက်ယူခြင်းလုပ်ငန်းဆိုင်ရာများကို သင်တန်းပို့ချခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## မြေငှားဂရန်ပေးအပ်ပွဲ အခမ်းအနားကျင်းပ

**နောင်ချို အောက်တိုဘာ ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် တောင်ရှည်ကျေးရွာအုပ်စု တောင်ရှည်ကျေးရွာရှိ တောင်သူ ၃၇ ဦးအတွက် ကျေးရွာမြေငှားဂရန်ပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၉ ရက်က နောင်ချိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အားမာန်အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟဝမ်းဖေက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးထွန်းက တောင်သူများအတွက် မြေငှားဂရန်ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တောင်ရှည်ကျေးရွာအုပ်စု တောင်ရှည်ကျေးရွာ ဒေသခံတောင်သူ ၃၇ ဦးအတွက် ကျေးရွာမြေငှားဂရန်များကို မြို့နယ်အုပ်ချုပ်ရေးမှူးက ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဝဇိ)**

## စုပေါင်းသွေးလှူဒါန်းခြင်းနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်

**တောင်ကြီး အောက်တိုဘာ ၁**

(၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် စက်တင်ဘာလတတိယပတ်က တောင်ကြီးမြို့နယ် တောင်လေးလုံး အထက‌ခွဲကျောင်းနှင့် ရွှေညောင်တိုက်နယ် ဆေးရုံတို့တွင် အမှတ်(၈) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲမှူး ရဲမှူးကြီး လှိုင်တင့်နှင့် အမှတ် (၂၆) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူး ယာယီဒုရဲမှူးကြီး အောင်မိုးဦးတို့ကကြီးကြပ်၍ တပ်ဖွဲ့ဝင်အရာရှိ အခြားအဆင့် ၂၁၅ ဦးတို့သည် ချုံနွယ်များရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ အမှတ်(၈) လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့ခွဲရုံးနှင့် အမှတ်(၂၆) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှတပ်ဖွဲ့ဝင် ၈၉ ဦး၊ မိသားစုနှစ်ဦး စုစုပေါင်း ၉၁ ဦးတို့ကို တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

## မင်းဘူးမြို့တွင် ကျောင်းကြက်ခြေနီရှေးဦးပြုစုခြင်း သင်တန်းဆင်းပွဲကျင်းပ

**မင်းဘူး အောက်တိုဘာ ၁**



မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက်တို့ ပူးပေါင်း ဖွင့်လှစ် သည့် ကျောင်းကြက်ခြေနီ ရှေးဦးပြုစုခြင်း (အခြေခံ) သင်တန်းဆင်းပွဲကို စက်တင်ဘာ ၂၉ ရက်က မင်းဘူးမြို့၌ ကျင်းပသည်။**(ယာပုံ)**

သင်တန်းဆင်းပွဲတွင် မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာအောင်ကိုမင်းက အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့သည်။ အဆိုပါသင်တန်းတွင် မြို့နယ်ရှိ အထက(၁)၊ အထက(၂)၊ အထက(ခွဲ) မြို့မ၊ အလက(ရွှေရောင်တော်) ကျောင်းများရှိ ကျောင်းသား ကျောင်းသူ ၅၀ ကို မြို့နယ်ကြက်ခြေနီ နည်းပြဆရာ ဆရာမ ၁၀ ဦးက စက်တင်ဘာ ၂၆ ရက်မှ ၂၉ ရက်အထိ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

## ကမ္ဘာ့ခွေးရူးပြန်ရောဂါနေ့အထိမ်းအမှတ် ခွေးရူးပြန်ကာကွယ်ဆေး အခမဲ့ထိုးနှံ

**မန္တလေး အောက်တိုဘာ ၁**

၂၀၁၅ခုနှစ် ကမ္ဘာ့ခွေးရူးပြန်ရောဂါနေ့ အထိမ်းအမှတ်အဖြစ် မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီး တိရစ္ဆာန်ဆေးကု ဆရာဝန်များအသင်းနှင့် တိရစ္ဆာန်ဆေးကု ဆရာဝန်များ (မန္တလေး)တို့ပူးပေါင်းပြီး စက်တင်ဘာ ၂၇ ရက် နံနက်မှစတင်၍ မြို့နယ်များနှင့် ရပ်ကွက်များတွင် ခွေး၊ ကြောင်များအားခွေးရူးပြန် ကာကွယ်ဆေးများ အခမဲ့ ထိုးနှံပေးခဲ့ကြောင်းသိရသည်။

"တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ် ၁၂မြို့နယ်ကခွေး၊ ကြောင်တွေအားလုံးကို ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးတွေကို နှစ်စဉ်အခမဲ့ ထိုးနှံပေးခဲ့ပါတယ်။ ဒီနှစ်မှာလည်းပဲ ခွေး၊ ကြောင်ကောင်ရေ ၁၀၀၀၀ ပြည့်မီအောင် နှစ်ရက်ကြာ လိုက်လံထိုးနှံပေးခဲ့ပါတယ်။

နောက်တစ်ခုက မန္တလေးမြို့တွင်းမှာသတ်မှတ်ထားတဲ့တိမွေးကုဆေးခန်းသုံးခုမှာလည်း သွားရောက်ထိုးနှံနိုင်ပါတယ်"ဟု တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ ရန်နိုင်ထွန်းက ပြောသည်။ ကမ္ဘာ့ခွေးရူးပြန်ရောဂါနေ့အထိမ်းအမှတ်အဖြစ် ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့ရုံး(OIE)၏ပံ့ပိုးမှုဖြင့် တိုင်းဒေသကြီးအတွင်းရှိ ခွေး၊ ကြောင်များအား ခွေးရူးပြန် ကာကွယ်ဆေး အလုံးရေ ၁၀၀၀၀ ပြည့်မီအောင် အခမဲ့ထိုးနှံ ပေးခဲ့ပြီး နောင်နှစ်များတွင်လည်း ဆက်လက်ထိုးပေးနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သူရိန်(မန်း)**

# သံဃာတော်နှင့်သီလရှင် အပါး၃၈၀၀ကျော်အား အရှုဏ်ဆွမ်းလောင်းလှူ

**ပုသိမ် အောက်တိုဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ပုသိမ်မြို့နယ်လုံးဆိုင်ရာ သာသနာ့အကျိုးတော်ဆောင်အဖွဲ့ကကြီးမှူး၍ ရွှေမုဋ္ဌောမဟာစေတီ အရှေ့မုခ်၊ ဝိသာခါ (ဒေါ်လှယာဉ်)မွေ့ရုံ၌ ရဟန်းသာမဏေ အပါး ၃၀၀၀ ကျော်နှင့် သီလရှင် အပါး ၈၀၀ ကျော်တို့အား ဝါတွင်း ကာလတစ်လျှောက်လုံး အရှုဏ်ဆွမ်းများနှင့် ဝါဆိုသင်္ကန်းများ၊ သီလရှင်ဝတ်စုံများကို လှူဒါန်းခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက် ဝါဆိုဦးဆွမ်းလောင်းဖွင့်ပွဲမှစ၍ မိုးကြယ်စင်ဆောက်လုပ်ရေးက ရဟန်းသာမဏေ အပါး ၃၀၀၀ ကျော်အတွက် ဝါဆိုသင်္ကန်းဒွိစုံများနှင့် သီလရှင် အပါး ၈၀၀ ကျော်အတွက် ဝတ်စုံများလှူဒါန်းပြီး ဝါဆိုဦးဆွမ်းလောင်းပွဲ စတင်ဖွင့်လှစ်ခဲ့သည့်ရက်မှ စက်တင်ဘာ ၂၈ ရက်အထိ ၃၇ ရက်တိုင်တိုင် အရှုဏ်ဆွမ်းများကို ဝတ္ထုပစ္စည်းစုံလင်စွာဖြင့် လှူဒါန်းခဲ့ကြောင်း၊ မိုးကြယ်စင်ဆောက်လုပ်ရေး မိသားစုက ပုသိမ်မြို့ကို ကျေးဇူးဆပ်သော အားဖြင့် မြို့လုံးကျွတ် ရဟန်း၊ သာမဏေနှင့် သီလရှင်များအား အရှုဏ်ဆွမ်းလောင်းလှူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ပုသိမ်မြို့၌ ပုသိမ်မြို့နယ်လုံးဆိုင်ရာ သာသနာ့အကျိုးတော်ဆောင်အဖွဲ့က ကြီးမှူး၍ မြို့လုံးကျွတ်သံဃာတော်နှင့် သီလရှင်များ၊ သာမဏေများအား နှစ်စဉ် ဝါတွင်းကာလတစ်လျှောက်လုံး အရှုဏ်ဆွမ်းများ လှူဒါန်းပြီး ဝါဆိုသင်္ကန်းနှင့် အခြားလှူဖွယ်ပစ္စည်းများကို လှူဒါန်းလျက်ရှိကြောင်း သိရသည်။ **ပုသိမ်လှကြည်**

# နောင်ချိုမြို့နယ်၌ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**နောင်ချို အောက်တိုဘာ ၁**

နောင်ချိုမြို့နယ် ကြိမ်ဂနိုင်ကျေးရွာကျောင်းသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ဂျပန်နိုင်ငံ နိပ္ပွန်ဖောင် ဒေးရှင်းစေတနာအဖွဲ့တို့က ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်းဆောက်လုပ်လှူဒါန်းသည့် ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို စက်တင်ဘာ ၂၄ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟဝမ်းဖေ၊ ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်းစေတနာရှင်အဖွဲ့မှ ဥက္ကဋ္ဌ ဦးတင်လေးတို့က အမှာစကားပြောကြားပြီး ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို မြို့နယ်လက်ထောက်ပညာရေးမှူး ဦးညီညီထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ ကျောင်းဆောင်သစ်ကို ငွေကျပ် ၃၂၆ သိန်းကျော်အကုန်အကျခံ၍ တည်ဆောက်ခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟဝမ်းဖေကလည်း ကျောင်းငွေပဒေသာပင် အလှူအဖြစ် ငွေကျပ် ၄၆ သိန်းကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့သို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ဗဓိ)**

# ရန်ကုန်မြစ်ရေကြီး၍ ကမ်းနားလမ်းသစ်နှစ်နေရာ၌ မြေထိန်းနံရံအက်ကွဲမှုဖြစ် ဘုရင့်နောင်ပွဲရုံဝင်းအတွင်း၌လည်း ရေဝင်၊ ရေကျော်မှုများ ဖြစ်ပွားခဲ့

**ရန်ကုန် အောက်တိုဘာ ၁**

ယခု ရက်ပိုင်းအတွင်း ရန်ကုန်မြစ်ရေကြီးသဖြင့် လမ်းမတော်မြို့နယ်အတွင်း ကမ်းနားလမ်းသစ်ပေါ်ရှိ မြေထိန်းနံရံနေရာနှစ်ခုတွင် အက်ကွဲမှုနှင့် လဲပြိုမှုများ စက်တင်ဘာ ၂၉ နှင့် ၃၀ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ကမ်းနားလမ်းသစ်နှင့် ဘုန်းကြီးလမ်းထိပ်ရှိ အနေ့းယာဉ်နှင့် လူဝင်ပေါက်အနီး မြေထိန်းနံရံလဲပြိုကျမှု စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် ဖြစ်ပွားခဲ့ပြီး ကမ်းနားလမ်းဘေးတွင် ရပ်နားထားသော ယာဉ်များ၊ ကမ်းနားလမ်းသစ်ဘေးတွင် ဈေးရောင်းသူများ ထိခိုက်ပျက်စီးမှုမရှိကြောင်းသိရသည်။ အဆိုပါ မြေထိန်းနံရံလဲပြိုကျသည့် ပေ ၇၀ ဝန်းကျင်ရှိနေရာတွင် ရှင်းလင်းခြင်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများက စက်တင်ဘာ ၃၀ ရက်နံနက်ပိုင်းတွင် ဆောင်ရွက်နေပြီး ပြန်လည်ပြုပြင်တည်ဆောက်ရန် ပြင်ဆင်လျက်ရှိသည်ကို တွေ့ရသည်။

စက်တင်ဘာ ၃၀ ရက်နံနက်ပိုင်း မြစ်ရေပြည့်ချိန်တွင်လည်း ကမ်းနားလမ်းသစ်နှင့် လမ်းမတော်လမ်းထိပ် ညောင်ပင်လေးဈေးအနီးရှိ မြေထိန်းနံရံတွင် အက်ကွဲမှုများဖြစ်ခဲ့ပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက လာရောက် ကြည့်ရှုစစ်ဆေးကာ ပြုပြင်ရန် စီစဉ်နေသည်ကို တွေ့ရသည်။

အဆိုပါ နေရာနှစ်ခုလုံးသည် ဘုန်းကြီးလမ်းမြစ်ရေ ဝင်ပေါက်ရေထိန်းတံခါးနှင့် လမ်းမတော် ရေထိန်းတံခါးများအနီးတွင် ရှိကြောင်း သိရသည်။ စဉ့်အိုးတန်းရေထိန်းတံခါး နေရာဝန်းကျင်တွင်မူ မြေထိန်းနံရံ ပြိုကျပျက်စီးမှုမရှိခဲ့ကြောင်း သိရသည်။

ယခုရက်ပိုင်းတွင် ရန်ကုန်မြို့တွင်း မြစ်ရေမြင့်တက်နေသဖြင့် ကမ်းနားနှင့်နီးသောနေရာများ၌ မြစ်ရေပြည့်ချိန်ဖြစ်သည့် နံနက်ပိုင်းနှင့် ညနေပိုင်းအချိန်များတွင် ရေကြီးမှုများကို မြင်တွေ့နေရသည်။ စက်တင်ဘာ ၂၉ ရက် နံနက် ၅ နာရီဝန်းကျင်ခန့် မြစ်ရေပြည့်သည့် အချိန်တွင် အဖွင့်အပိတ်ရေတံခါးကို ပိတ်ထားသဖြင့် ကမ်းနားလမ်းတစ်လျှောက် မြစ်ရေလျှံတက်မှုများဖြစ်ခဲ့ကြောင်း သိရသည်။



ရေထိန်းတံခါးနှစ်ခု အနီးတွင် ထူးကဲ ဒီရေတက်ချိန်၊ ရေတံခါးပိတ်ချိန်ဇယားများပါသည့် အသိပေးကြေညာချက်ကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက ချိတ်ဆွဲဖော်ပြထားသည်ကိုလည်း တွေ့ရသည်။ အဆိုပါ ကြေညာချက်တွင် တော်သလင်းလပြည့်ကျော် ၃ ရက်အထိ မြစ်ရေကြီးမှုဖြစ်နိုင်ကြောင်း၊ စက်တင်ဘာ ၃၀ ရက်၊ အောက်တိုဘာ ၁ ရက်နှင့် ၂ရက်တို့တွင် မြစ်ရေပြည့်ချိန်ဖြစ်သည့် နံနက်ပိုင်းနှင့် ညနေပိုင်းအချိန်များ၌ မိုးရွာသွန်းမှုနှင့် တိုက်ဆိုင်ပါက အဆိုပါကမ်းနားလမ်းပိုင်းတွင် ရေကြီးမှုဖြစ်နိုင်ကြောင်း ဖော်ပြထားသည်။



ရန်ကုန်မြင့်ရေ မြင့်တက်နေမှုကြောင့် ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်း ဝင်းအတွင်း၌လည်း စက်တင်ဘာ ၂၈ နှင့် ၂၉ ရက် နံနက်ပိုင်းနှင့် ညနေပိုင်းအချိန်များတွင် ရေကြီးမှုများဖြစ်ခဲ့ကြောင်း သိရသည်။ ပွဲရုံအချို့အတွင်းသို့ ရေဝင်ရောက်သဖြင့် ပျက်စီးမှုအချို့ရှိခဲ့ကြောင်း၊ ကုံကော်လမ်းမဘေးတွင် ဖွင့်လှစ်ထားသော စားသောက်ဆိုင်အချို့နှင့် ပွဲရုံအချို့သို့ ရေဝင်ရောက်ခဲ့ကြောင်း သိရသည်။

ပွဲရုံဝင်း၏ အဓိကဝင်ပေါက်လမ်းဖြစ်သော ကုံကော်လမ်းမကြီးပေါ်တွင်လည်း ခတ္တာလမ်းထိပ်မှ စိန်ပန်းလမ်းထိပ်အထိ ကြားလမ်းပိုင်းအချို့တွင် ရေကျော်ခဲ့သဖြင့် ယာဉ်များနှင့် လမ်းသွားလမ်းလာများမှာ ရေထဲမှ ဖြတ်သန်း သွားလာခဲ့ရကြောင်း ကုန်စည်ဒိုင်ရှိ **jGO** အဖွဲ့အစည်းမှ ဝန်ထမ်းတစ်ဦးက ပြောသည်။ ပိတောက်လမ်းသွယ် အတွင်းတွင်လည်း ပွဲရုံများရှေ့ ယာဉ်ရပ်နားရာနေရာများတွင် ကားဘီးတစ်ဝက်မြုပ်သည်အထိ ရေလျှံခဲ့ကြောင်း သိရသည်။

ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ရေတားအုတ်တံတိုင်း ရှိသော်လည်း ရေစိမ့်ဝင်မှုကြောင့် ပွဲရုံရှိ ကုန်ပစ္စည်းအချို့ ရေစိုပျက်စီးမှုများရှိခဲ့ကြောင်း၊ စက်တင်ဘာ ၃၀ မှ အောက်တိုဘာ ၂ ရက်အထိ မြစ်ရေကြီးမှု ဖြစ်ပွားနိုင်သဖြင့် ပွဲရုံပိုင်ရှင်များ ကြိုတင်ပြင်ဆင်မှုများပြုလုပ်နေကြကြောင်း ပိတောက်လမ်းသွယ်အတွင်းရှိ ပွဲရုံပိုင်ရှင်တစ်ဦး၏ ပြောကြားချက်အရသိရသည်။ **ခင်ဆိုင်**

# ကျန်းမာရေးအတွက် စားသုံးသင့်သည့် ဆေးဖက်ဝင်ဆီးဖြူသီး

မြန်မာတို့၏ ထမင်းဝိုင်းတွင် ဆီးဖြူသီးကို အစိမ်းတို့၍ လည်းကောင်း၊ သနပ်လုပ်၍လည်းကောင်း နှစ်သက်စွာ စားလေ့ရှိကြသည်။ ဆီးဖြူသီးသည် တို့စရာအဖြစ်သာမက ဆေးဖက်လည်း များစွာဝင်သည်။

ဆီးဖြူပင်သည် ပေသုံးဆယ်ခန့် မြင့်ပြီး ရွက်ကြွေပင်လတ်မျိုးဖြစ်သည်။ ကိုင်းများဖြာပြီး ပင်စည်တွင် အညိုရောင် အပွေးအခေါက်ရှိသည်။ အရွက်မှာရွက်လွှဲထွက်ပြီး အပွင့်မှာ စိမ်းဝါရောင်ရှိ၍ အဆုပ်လိုက်ပွင့်သည်။ အသီးမှာ ပြောင်ချော၍ အဝါနုရောင်ရှိသည်။ အသားထူပြီး ဒေါင်လိုက် အမြောင်းခြောက်မြောင့်၊ အစေ့တစ်စေ့သာပါရှိကာ သဘာဝအလျှောက် ပေါက်ရောက်သည်။ အထူးသဖြင့် မြန်မာနိုင်ငံ အထက်ပိုင်းဒေသ သမအအေးပိုင်းများတွင် အမြောက်အမြားပေါက်ရောက်သည်။

ဆီးဖြူသီးသည် ချဉ်၊ ချို၊ ဖန်၊ အေးသော အရသာရှိသည်။ ချဉ်သောကြောင့် လေကိုနိုင်ပြီး ချိုအေးသောကြောင့် သည်းခြေကိုနိုင်၏။ ဖန်သောကြောင့် သလိပ်ကိုနိုင်၏။ ဆီးဖြူသီးသည် အသက်ကို ရှည်စေ၏။ ချောင်းဆိုးရောဂါ၊ ပန်းနာရောဂါ၊ လေနာရောဂါ၊ အစာမကြေဖြစ်သော ဝေဒနာများနှင့် မျက်စိနာတို့ကို သက်သာစေသည်။ သွေးအန်ခြင်း၊ သွေးဝမ်းသွားခြင်းများကို ပျောက်ကင်းစေသည်။

အရေပြားရောဂါ များဖြစ်သော ပွေး၊ ညှင်း၊ တင်းတိပ်၊ ယားနာများကိုလည်း ပျောက်ကင်းစေသည်။ ဒူလာသွေးဝမ်းကျရောဂါနှင့် ဆီးချိုရောဂါများကို ကုသရာတွင်လည်း အသုံးပြုနိုင်သည်။ ဆီးဖြူသီးကို စားသုံးခြင်းဖြင့် ကိုယ်ခန္ဓာခုခံအားကိုလည်း မြင့်စေသောကြောင့် ကျန်းမာရေးအတွက် ဆီးဖြူသီးကို စားသင့်ပါကြောင်း ဖော်ပြအပ်ပါသည်။

**မြင့်ထွန်းမင်း(ကောလင်း)**



# အကျိုးဆောင်တောင်သူများအား စိုက်ပျိုးရေးသွင်းအားစုများ ထောက်ပံ့



**နတ်မောက် အောက်တိုဘာ ၁**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ ၂၀၁၅-၂၀၁၆ ခုနှစ်စိုက်ပျိုးရာသီအတွင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်အတူ စိုက်ပျိုးရေးပညာပေးလုပ်ငန်းများ၊ စံပြကွက်၊ စမ်းသပ်ကွက်များကို ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အကျိုးဆောင် တောင်သူများအား စိုက်ပျိုးရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် သွင်းအားစုများ ကူညီပံ့ပိုးဖြည့်ဆည်းပေးအပ်ပွဲကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ စက်တင်ဘာ ၂၉ ရက်က ကျင်းပခဲ့သည်။

သွင်းအားစုများ ဖြည့်ဆည်းပေးအပ်ပွဲတွင် စိုက်ပျိုးရေး ဦးစီးဌာန၏လုပ်ငန်းစဉ်များနှင့် ဒေသရေမြေသဘာဝအရ ဆောင်ရွက်သင့်သည့် သီးနှံစိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းရပ်များကို ဆွေးနွေးကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးအောင်က မြို့နယ်အတွင်း စိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းများအကြောင်းကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနနှင့်အတူ အကျိုးဆောင် တောင်သူများ ပူးပေါင်းဆောင်ရွက်သည့်လုပ်ငန်းရပ်များကို လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အကျိုးဆောင် တောင်သူများက ကျေးရွာအုပ်စုနှင့် နယ်မြေအလိုက် စိုက်ပျိုးရေးလုပ်ငန်းရပ်များ၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းပညာများအကြောင်းကို ဆွေးနွေးမေးမြန်းကြကာ စိုက်ပျိုးရေးအကျိုးဆောင်တောင်သူ ၃၃ဦးအား စိုက်ပျိုးရေးသွင်းအားစုများဖြစ်သည့် ကွန်ပေါင်းမြေဩဇာ ၃၃အိတ်၊ ဂျစ်ပဆန် (Gypsum)မြေဩဇာ ၃၃ အိတ်၊ အားဖြည့် ဇီဝစူပါ ၁၆၅ ဘူး၊ နေပီယာမြက်မျိုးများ၊ နေကြာမျိုးသန့်မျိုးစေ့များကိုဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။ သွင်းအားစုများ ဖြည့်ဆည်းပေးအပ်ပွဲသို့ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှူး ဦးခင်မောင်ဝင်း၊ ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် တိုင်းဒေသကြီးနှင့် ခရိုင် မြေအသုံးချရေး၊ သီးနှံကာကွယ်ရေး၊ မျိုးစေ့ တာဝန်ခံများ၊ နတ်မောက်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးအောင်နှင့် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ အကျိုးဆောင်တောင်သူများ တက်ရောက်ခဲ့ကြသည်။

**ဥမ္မာခင်**

## အရစ်ကျစနစ်ဖြင့် လယ်ယာသုံးထွန်စက်ဝယ်ယူသူ များပြားလာ

**ဆွာ အောက်တိုဘာ ၁**

ကျေးလက်ဒေသနေ တောင်သူများ၏လယ်ယာလုပ်ငန်းခွင်များ၊ စိုက်ပျိုးရေးကဏ္ဍများတွင် လုပ်သားရှားပါးခြင်းသည် အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်လာသည်။ အဆိုပါစိန်ခေါ်မှုကို ဖြေရှင်းဆောင်ရွက်နိုင်ရန်မှာ စက်ကိရိယာများကို အစားထိုးသုံးစွဲခြင်းဖြင့် ဆောင်ရွက်ရမည်ဖြစ်သည်။

လုပ်သားရှားပါးမှုအခက်အခဲကို ပြေလည်စေရန်အတွက် စက်ကိရိယာများကို စိုက်ပျိုးရေးလုပ်ငန်းများတွင် တောင်သူများလက်လှမ်းမီစွာအသုံးပြုနိုင်ရေးအတွက် ချေးငွေစနစ်ဖြင့်လည်းကောင်း၊ အရစ်ကျစနစ်ဖြင့်လည်းကောင်း ကုမ္ပဏီများနှင့် သမဝါယမအသင်းများက ရောင်းချပေးလျက်ရှိရာ ယခုအခါ လယ်ယာသုံး စက်ပစ္စည်းကိရိယာများကို တောင်သူများအနေဖြင့် ယခင်ကာလထက် ပိုမိုတွင်ကျယ်စွာသုံးစွဲနိုင်ကြပြီဖြစ်သည်။ ထိုသို့ ဝယ်ယူပိုင်ဆိုင်နိုင်ရန် အခွင့်အလမ်းများရှိလာသောကြောင့် တောင်သူများအနေဖြင့် လယ်ယာသုံးထွန်စက်များကို ဝယ်ယူအသုံးပြုမှုလည်း ပိုများလာကြောင်း သိရသည်။

တောင်သူများအနေဖြင့် လယ်ယာသုံးထွန်စက်များ ဝယ်ယူခြင်းဖြင့် မိမိပိုင်ဆိုင်သောလယ်ယာမြေများကို အချိန်တိုအတွင်း လုပ်ငန်းပြီးစီးအောင် ထွန်ယက်နိုင်ပြီး ကျန်တောင်သူများ၏လယ်ယာမြေများကို အခကြေးငွေဖြင့် လိုက်လံမောင်းနှင်နိုင်သည့်အတွက် ဝင်ငွေလည်းပိုမိုရရှိကြောင်း၊ ထို့ကြောင့် တစ်နှစ်ဝန်းကျင်တွင် စက်တန်ဖိုးငွေကို ပေးချေနိုင်ကြကြောင်း စက်ဝယ်ယူထားသည့် တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ကိုလွင်(ဆွာ)**



# ဖေ့စ်ဘွတ်ခ်ကွန်ရက်

နည်းပညာခေတ်ဖြစ်သော ၂၁ ရာစုနှစ်တွင် သတင်းအချက်အလက်နည်းပညာ (Information Technology)သည် အချိန်နှင့်အမျှ တိုးတက်လျက်ရှိပါသည်။ သတင်းအချက်အလက်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုကြောင့် တယ်လီဖုန်းဆက်သွယ်မှု၊ အင်တာနက် အသုံးပြုမှုများတွင် တိကျမြန်ဆန်စွာ စွမ်းဆောင်နိုင်မှုများနှင့်အတူ လူတို့၏ လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းပေးလာနိုင်ပါသည်။

၂၀ ရာစု ခေတ်တွင် မိုဘိုင်းတယ်လီဖုန်းများသည် စကားပြောခြင်း၊ စာသားပို့ခြင်းများကိုသာ ဆောင်ရွက်နိုင်သည့်အဆင့်မှ ယခု ၂၁ ရာစုနှစ်တွင် ရုပ်ပုံများ၊ ဗီဒီယိုဖိုင်များ ပေးပို့ကြည့်ရှုနိုင်ခြင်းများကိုပါ ဆောင်ရွက်လာနိုင်ပြီး အင်တာနက်နှင့် ချိတ်ဆက်ကာ ကမ္ဘာအနှံ့ဆက်သွယ်နိုင်မှုအထိ ရောက်ရှိခဲ့သည်။

ယနေ့တွင် ကွန်ပျူတာ၊ မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် လူတိုင်းအင်တာနက်ချိတ်ဆက်အသုံးပြုလာကြရာတွင် တွင်ကျယ်စွာသုံးနေကြသည်မှာ လူမှုကွန်ရက်တစ်ခုဖြစ်သည့် ဖေ့စ်ဘွတ်ခ်ဖြစ်သည်။ မိုဘိုင်းတယ်လီဖုန်းဆက်သွယ်မှုများ တိုးတက်လာပြီး မိုဘိုင်းတယ်လီဖုန်း အသုံးပြုနိုင်ရန် စရိတ်သက်သာလာသောခေတ်တွင် လူတန်းစားမရွေး တယ်လီဖုန်းကို အသုံးပြုနိုင်လာကြပြီဖြစ်ရာ ဖေ့စ်ဘွတ်ခ်ကိုလည်း မိုဘိုင်းတယ်လီဖုန်းသုံးစွဲသူ ရာနှုန်းများစွာက သုံးနေကြပြီဖြစ်ပါသည်။ တစ်ကမ္ဘာလုံးမှ သတင်းများ၊ အဖြစ်အပျက်များကို ဝက်ဘ်ဆိုက်များနှင့် ဖေ့စ်ဘွတ်ခ်မှတစ်ဆင့် အချိန်တိုအတွင်း လျင်မြန်လွယ်ကူစွာ သိရှိနိုင်ပြီဖြစ်သည်။

ဖေ့စ်ဘွတ်ခ်ကို အသုံးပြုရာတွင် နယ်ပယ်ကဏ္ဍများစွာအနက် မိမိလိုရာနယ်ပယ်သို့ ဆက်သွယ်ဝင်ရောက်ကာ အကျိုးရှိအောင်အသုံးပြုနိုင်ဖို့ လိုအပ်ပေသည်။ ပြည်တွင်းပြည်ပရှိ ပညာရပ်ဆိုင်ရာအဖွဲ့များ၊ စီးပွားရေးဆိုင်ရာအဖွဲ့များ၊ လူမှုရေး၊ ဘာသာရေးဆိုင်ရာ အသင်းအဖွဲ့များနှင့် ဆက်သွယ်ခြင်း၊ မိမိလုပ်ငန်းဆိုင်ရာများ၊ မိမိသိရှိလိုသော ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးစသည့်ကဏ္ဍများအတွက် အသုံးချခြင်းတို့ဖြင့် မိမိအတွက် သိရှိနားလည် အကျိုးရှိအောင် ဆောင်ရွက်နိုင်ပေသည်။

ဖေ့စ်ဘွတ်ခ်တွင် သတင်းထူး၊ သတင်းဦးများကိုလည်း အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ပေသည်။ ဖေ့စ်ဘွတ်ခ်ကိုအသုံးပြုခြင်းဖြင့် အသိမိတ်ဆွေများ တိုးပွားနိုင်သလို မိသားစုဆွေမျိုးများနှင့် ဆက်သွယ်ပြောဆိုရာတွင်လည်း လွယ်ကူမည်ဖြစ်သည်။

အသိမိတ်ဆွေများ၏ လူမှုရေး၊ သာရေး၊ နာရေးကိစ္စရပ်များကိုလည်း သတင်းစာမဖတ်၊ ဖုန်းဆက်စရာမလိုဘဲ ဖေ့စ်ဘွတ်ခ်မှတစ်ဆင့် လွယ်ကူစွာ သိရှိနိုင်သလို ထပ်ဆင့်၍ အသိပေးအကြောင်းကြားခြင်းများကိုပင် ဖေ့စ်ဘွတ်ခ်က လုပ်ပေးနိုင်ပါသေးသည်။

ဖေ့စ်ဘွတ်ခ် အသုံးပြုရာတွင် အသိမိတ်ဆွေတိုးပွားမှုသည် တစ်နွယ်ငင်တစ်စင်ပါဆိုသလို ဆပွားနည်းဖြင့် များပြားလာကြပါသည်။ ဖေ့စ်ဘွတ်ခ်ပေါ်က ရရှိသော အသိမိတ်ဆွေသစ်များသည် အရောင်အသွေးမျိုးစုံ၊ အကျင့်စရိုက်မျိုးစုံ၊ အဆင့်အတန်း မျိုးစုံ၊ လူမျိုးဘာသာမျိုးစုံ ဖြစ်နိုင်ပါသည်။ ဖေ့စ်ဘွတ်ခ်ကို သုံးခါစလူများသည် ဖေ့စ်ဘွတ်ခ်မှမိတ်ဆွေများက ဖော်ပြထားသော သတင်းများသည် သတင်းမှန်ဟုယူဆကာ ထင်မြင်သုံးသပ်ချက် Comments များ ဝင်ရေးတတ်ကြသည်။ ဖေ့စ်ဘွတ်ခ်သည် တရားဝင်သတင်းဌာနမဟုတ်သလို ဖေ့စ်ဘွတ်ခ်ပေါ်မှ သတင်းများမှာလည်း လူမျိုးစုံက တင်ထားသောသတင်းများဖြစ်ရာ အဆိုပါ သတင်းများအပေါ် စဉ်းစားဆင်ခြင်ဉာဏ်ဖြင့်ယုံကြည်ဖို့ လိုအပ်ပေသည်။ ဥပမာအားဖြင့် ကျန်းမာရေးအတွက် ဆေးနည်းမျိုးစုံကိုလည်း တွေ့ရှိရမည်ဖြစ်ရာ မှန်ကန်သော ဆေးနည်းမဟုတ်ခဲ့လျှင် ယုံကြည်လွယ်၍ အသုံးပြုခဲ့ပါက ဆိုးကျိုးများရရှိမည် ဖြစ်ပေသည်။

ဖေ့စ်ဘွတ်ခ်ပေါ်တွင် မိမိက ရေးသားတင်ပြလိုက်၊ သူများတင်ပြထားသည်များအား ဖတ်ရှုလိုက်၊ Comment များ ပြန်ရေးလိုက်နှင့် တစ်နေ့ထက်တစ်နေ့ အချိန်ပေးရမှုများလာကာ ကိုယ်ပိုင်အချိန်များသည် ဖေ့စ်ဘွတ်ခ်နှင့်သာ ကုန်သွားတော့သည်။ ဖေ့စ်ဘွတ်ခ်ကို စွဲမက်စွာ သုံးစွဲလာကြသည်မှာ နံနက်မိုးလင်းသည်နှင့် ဖေ့စ်ဘွတ်ခ်ဖွင့်၍ကြည့်ရှုခြင်း၊ ရုံးသွား၊ ကျောင်းသွား၊ ကားဂိတ်၊ မီးရထားဘူတာ၊ ကားပေါ်၊ မီးရထားပေါ်တွင်လည်း ဖေ့စ်ဘွတ်ခ်၊ ရုံးနှင့် ကျောင်းများတွင်လည်း အချိန်အားရရှိသည်နှင့် ဖေ့စ်ဘွတ်ခ်၊ အိမ်ပြန်စားသောက်ပြီးလည်း မိသားစုအတွက် အချိန်မပေးနိုင်တော့ဘဲ ဖေ့စ်ဘွတ်ခ်၊ ညစာစားပွဲများတွင်လည်း စကားမပြောနိုင်ကြဘဲ ဖေ့စ်ဘွတ်ခ် စသည်ဖြင့် မနက်မိုးလင်းမှ အိပ်ရာဝင်ချိန်အထိ အားလပ်သည့် အချိန်တိုင်းတွင် ဖေ့စ်ဘွတ်ခ်ကို စွဲမက်စွာအသုံးပြုနေကြသူ များစွာရှိနေကြသည်။ မိသားစုချင်းပင် စကားပြောချိန် မရ၊ သူငယ်ချင်းများနှင့်တွေ့လျှင်လည်း စကားပြောချိန်နှင့် ကျန်းမာရေးဆောင်ရွက်ချိန်များ မရအောင်ပင် ဖေ့စ်ဘွတ်ခ်က ဝင်ရောက်နေရာယူလျက်ရှိသည်။

အချိန်ရတိုင်း ဖေ့စ်ဘွတ်ခ်ကို အသုံးပြုသော သူငယ်ချင်းတစ်ယောက်က "ငါ့ဇနီးက စကားပြောချိန်မရလို့ မကျေနပ်ဘဲ မကြာခဏစကားများနေရတာ၊ ဒါနဲ့ သူ့ကို ဖေ့စ်ဘွတ်ခ်အကောင့်ဖွင့်ပေးပြီး သုံးစွဲနည်းလည်း သင်ပေးလိုက်ရော ခုတင်တစ်ဖက်မှာ ဖေ့စ်ဘွတ်ခ်နဲ့ အလုပ်ရှုပ်နေတော့တာပဲ၊ စကားပြောဖို့တောင် ကိုယ်ကမနည်းလိုက်ပြောနေရတယ်"ဟု ပြောပြပါသည်။

ဖေ့စ်ဘွတ်ခ်ပေါ်တွင် ဆက်သွယ်တွေ့ရှိရာမှ သံယောဇဉ်ညိပြီး လူချင်းတွေ့ဆုံကာ အိမ်ထောင်ဖက်ကောင်း ရရှိခဲ့သူများ ရှိခဲ့သလို ဘဝပျက်နစ်မွန်းသွားခဲ့ရသူများလည်း ရှိနေကြပါသည်။ ဖေ့စ်ဘွတ်ခ်ပေါ်တွင် မိမိကို မိတ်ဆွေအဖြစ်လာရောက်ခွင့်တောင်းသူ (Add Friend)လုပ်သူများသည် အရောင်အသွေးမျိုးစုံ၊ အကျင့်စရိုက်မျိုးစုံ ရှိတတ်ကြပေသည်။ အမျိုးသမီးများအနေဖြင့် ဖေ့စ်ဘွတ်ခ်မှတစ်ဆင့် ဆက်သွယ်သိရှိလာသော သူစိမ်းများကို အထူးဂရုပြု၍ ယုံကြည်လက်ခံ၊ ဆက်ဆံရန် လိုအပ်ပေသည်။ ရိုးသားမှုမရှိသော ဖေ့စ်ဘွတ်ခ်သုံးစွဲသူ အချို့သည် မိမိအကြောင်း Profile ကို အမှန်အတိုင်း ဖော်ပြခြင်းမရှိဘဲ အမျိုးသမီးများ စိတ်ဝင်စားနိုင်သော အခြားအကြောင်းအရာများဖြင့် လွှဲပြောင်း၍ ဖော်ပြထားတတ်ကြပေရာ အမျိုးသမီးငယ်များအနေဖြင့် အထူးသတိရှိဖို့ လိုအပ်ပေသည်။

"ဦးတို့ရုံးမှာ ဦးစိုးပိုင်ဆိုတာ ရှိလားဟင်၊ ဦးကို သိတယ် ပြောတယ်"ဟု တူမတော်သူတစ်ယောက်က မေးလာရာ "ဟ၊ ရှိတာပေါ့၊ ကလေးနှစ်ယောက်အဖေလေ။ အသက် ၄၅ နှစ် လောက်ရှိပြီ။ ဘာဖြစ်လို့လဲ" ပြန်မေးမိ၏။

တူမက "သမီးနဲ့ ဖေ့စ်ဘွတ်ခ်ပေါ်မှာ ခင်နေတာကြာပြီ။ ဦးတို့ရုံးကဖြစ်နေလို့ ဦးကို သိလားလို့မေးကြည့်တော့ အဲဒါ ငါ့ဆရာလေလို့ပြောတယ်။ အဲဒီနောက်ပိုင်း သိပ်အဆက်အသွယ် မလုပ်တော့ဘူး" ဟုပြန်ဖြေပါသည်။

"အေး၊ ငါကယ်ပေလို့ တော်သေးတာပေါ့"ဟု တူမဖြစ်သူအား ပြောလိုက်ရ၏။

ဖေ့စ်ဘွတ်ခ်ပေါ်မှ ဆက်သွယ်မိကြပြီးနောက် အမျိုးသားတွင် အိမ်ထောင်ရှိမှန်းသိ၍ အဆက်အသွယ်ဖြတ်မရဘဲ ဒုက္ခရောက်နေသော အမျိုးသမီးငယ်များ၊ ကိုယ်ကဖြတ်သော်လည်း လိုက်လံနှောင့်ယှက်ခံနေရသူများကိုလည်း တွေ့နေရသည်။

သူငယ်ချင်းများ တွေ့ဆုံပွဲ ထမင်းစားပွဲဝိုင်းတွင် တစ်ယောက်က ဖုန်းကိုင်၍ဖေ့စ်ဘွတ်ခ်သုံးနေရာမှ ကျန်သောသူငယ်ချင်းများကိုပါ သတိပေးသလိုဖြစ်သွားပြီး အားလုံးဖေ့စ်ဘွတ်ခ်သုံးကြတော့သည်။ စားပွဲတွင် ဟင်းပွဲစုံသော်လည်း စားရန် စိတ်မဝင်စားကြတော့သည့်အဖြစ်မျိုးမှာလည်း မဆန်းတော့ပါ။

မိမိတို့ ရရှိလာသော လူ့ဘဝ အချိန်တိုအတွင်း နေထိုင်ရမည့်ကာလတွင် တစ်ရက်တာကာလအချိန်ကို ပညာ၊ ဉစ္စာ၊ ကုသိုလ် (၃) ရပ်ကို ရရှိအောင် ဖြည့်ဆည်းနိုင်ရန် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်ဖို့လိုပေသည်။ ကိုယ်ကျန်းမာရေး၊ စိတ်ကျန်းမာရေးအတွက်လည်း ဆောင်ရွက်ကြရမည်ဖြစ်ရာ မိမိ၏ တစ်ရက်တာ အချိန်ကို အကျိုးရှိစွာ ခွဲဝေသုံးစွဲတတ်ပါမှ တစ်လအတွက်၊ တစ်နှစ်အတွက်၊ တစ်ဘဝအတွက် အကျိုးရှိသော လူသားတစ်ဦးအဖြစ် နေထိုင်သူ ဖြစ်ပေမည်။

ဖေ့စ်ဘွတ်ခ်ကို တချို့က ဖွဘုတ်ဟု နာမည်ပြောင်ဖြင့် ခေါ်ကြပါသည်။ အကြောင်းအရာတစ်ခုကို မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ ရေးတင်လိုက်ပါက ဖေ့စ်ဘွတ်ခ် သုံးစွဲသူများက Comments များ ဝင်ရောက်ရေးကြ၊ ထပ်ဆင့်မျှဝေကြသည်။ မှန်ကန်မှုမရှိသော အကြောင်းအရာများ ဖြစ်ခဲ့ပါက သက်ဆိုင်သူ ကာယကံရှင်နှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများအတွက် နစ်နာမှုရှိပါသည်။ သို့ရာတွင် သတင်းမှား၊ သတင်းလိမ်များကို ရေးသားလွှင့်တင်သူများသည် အများအားဖြင့် အမည်၊ လိပ်စာများကို အမှန်မသုံးဘဲ ဖေ့စ်ဘွတ်ခ် အကောင့်အတုများဖြင့်သာ သုံးနေကြခြင်းဖြစ်ရာ အရေးယူဖို့လည်း ခက်ခဲနေပါ သေးသည်။

တယ်လီဖုန်း မျက်နှာပြင် အသေးပေါ်တွင် အချိန်များစွာ အာရုံ စူးစိုက်နေရခြင်းကြောင့် မျက်လုံးထိခိုက်မှုရှိခြင်း၊ လည်ဂုတ် ကြီးပေါင်းတက်ခြင်း၊ အိပ်ရေးပျက်ခြင်း၊ ကျန်းမာရေးထိခိုက်ခြင်းများ ကြုံတွေ့နိုင်မည် ဖြစ်ပါသည်။ ဖေ့စ်ဘွတ်ခ်သုံးစွဲမှု များလာသည်နှင့်အမျှ ငွေကြေးကုန်ကျမှုသည်လည်း များလာရာ မိသားစုအသုံးစရိတ်ကိုပါ ရေရှည်တွင် ထိခိုက်မှုရှိလာနိုင်ပါသည်။

သို့ဖြစ်ပါ၍ ဖေ့စ်ဘွတ်ခ်ကွန်ရက်အတွင်း ဝင်ရောက်ပါက မိမိအတွက် အကျိုးရှိမည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့်သာ ဆက်သွယ်ကြသင့်ပါသည်။ မိမိ၏ တန်ဖိုးရှိသော တစ်နေ့တာအချိန်ကာလများကို ဖေ့စ်ဘွတ်ခ်ဖြင့်သာ အချိန်မဖြုန်းဘဲ မိမိ မိသားစု၏ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် အရေးများအတွက်လည်း အချိန်များကို အလေးထားဆောင်ရွက်ပေးကြဖို့ လိုအပ်ပါကြောင်း အကြံပြု ဖော်ပြအပ်ပါသည်။

**ဆောင်းပါး ➢ စိန်ကြည်**

# အသင်းကြီးတွေ အမှတ်ပြည့်ရဖို့မလွယ်တဲ့ လာလီဂါပွဲစဉ်(၇)

မိုးမြင့်လင်းလက်



စပိန်မြေက လာလီဂါပွဲစဉ်(၇)ကို အောက်တိုဘာ ၃ ရက်နဲ့ ၄ ရက်တွေမှာ ကစားမှာမို့ ထိပ်တန်းအသင်းတွေအတွက် ပွဲကျပ်အဖြစ် ရင်ဆိုင်ရဖို့ ရှိနေပါတယ်။ ဒီတစ်ပတ်ပွဲစဉ်တွေအနက် ဆီဗီလာနဲ့ဘာစီလိုနာ၊ အက်သလက်တီကိုနဲ့ ရီးရဲမက်ဒရစ်တို့ရဲ့ ယှဉ်ပြိုင်မှုတွေက ပရိသတ်တွေရဲ့ ရင်ခုန်သံကို မြန်စေဦးမှာ သေချာနေပါတယ်။

**ဆီဗီလာနှင့် ဘာစီလိုနာ**

အိမ်ကွင်းမှာ နိုင်ပွဲ ပြန်ရလာတဲ့ ဆီဗီလာကို ဘာစီလိုနာတို့ ပေါ့ပေါ့ဆဆတော့ကစားလို့ မရပါဘူး။ အိမ်ရှင်တို့ခံစစ်အားနည်းမှုက ဘာစီလိုနာ တိုက်စစ်မှူးတွေ အကြိုက်တွေ့သွားနိုင်ပါတယ်။ ချန်ပီယံလိဂ် ကစားထားရလို့ ပွဲပန်းနေမယ့်အပြင် အဓိကတိုက်စစ်မှူး မက်ဆီ ဒဏ်ရာကြောင့် မပါဝင်နိုင်လို့ အားနည်းပေမယ့် ပွဲတိုင်းနီးပါး ဂိုးသွင်းနေတဲ့ နေမာနဲ့ ဆွာရက်ဇ်တို့ကြောင့် တိုက်စစ်အရှိန် မပျက်နိုင်ပါဘူး။ ဒီပွဲမှာ ဘာစီလိုနာတို့ အခြေနေကောင်းနဲ့ ကြုံတွေ့ရပါလိမ့်မယ်။

**အက်သလက်တီကိုနှင့် ရီးရဲမက်ဒရစ်**

ပြီးခဲ့တဲ့ ပွဲစဉ်မှာ ဗီလာရီးရဲကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးခဲ့တဲ့ အက်သလက်တီကိုဟာ အခုပွဲမှာ နိုင်ပွဲပြန်ရှာဖို့ ကြိုးစားမှာဖြစ်ပေမယ့် ပြိုင်ဘက်က ရီးရဲမက်ဒရစ်ဖြစ်နေပါတယ်။ ရီးရဲမက်ဒရစ်တို့ကလည်း ပြီးခဲ့တဲ့ပွဲစဉ်မှာ မာလာဂါကို ဂိုးမရှိ သရေပွဲဖြစ်ထားတာမို့ အခုပွဲမှာ အဝေးကွင်းဆိုပေမယ့် အနိုင်ရလဒ်ကိုရအောင်ကြိုးစားဖော်ထုတ်ပါလိမ့်မယ်။ လက်ရှိခြေစွမ်းအရ အိမ်ရှင်တို့ အမြင့်ဆုံး မျှော်မှန်းနိုင်တာ တစ်မှတ်ဖြစ်ပြီး ရီးရဲမက်ဒရစ်တို့ပဲ နိုင်ပွဲရသွားနိုင်ပါတယ်။

**လီဗန်တေးနှင့် ဗီလာရီးရဲ**

တန်းစီဇယားထိပ်ဆုံးမှာ ဦးဆောင်နေတဲ့ ဗီလာရီးရဲဟာ ဒီနှစ်မှာ ခြေစွမ်းတွေပြနေပါတယ်။ အခုတစ်လော နိုင်ပွဲတွေဆက်နေတဲ့ ဗီလာရီးရဲဟာ တိုက်စစ်၊ ခံစစ်ဟန်ချက်ညီအောင် ကစားနိုင်နေပြီး ပုံစံကောင်းရရှိနေပါတယ်။ လီဗန်တေးတို့က ဒီနှစ် လာလီဂါမှာ ရလဒ်တွေ ဆိုးရွားနေပြီး ပွဲတိုင်း အမှတ်ရဖို့ ကြိုးစားနေရပါတယ်။ ဒီပွဲမှာ ဗီလာရီးရဲတို့ပဲ နိုင်ပွဲဆက်ဦးမှာ ဖြစ်ပါတယ်။

**အက်စ်ပန်ညိုနှင့် ဂီဂျွန်**

ပြီးခဲ့တဲ့ ပွဲစဉ်မှာ ဒီပို့တီဗိုကို အဝေးကွင်းမှာ သုံးဂိုးပြတ်ရှုံးထားတဲ့ အက်စ်ပန်ညိုဟာ အခုပွဲ ဂီဂျွန်နဲ့ ယှဉ်ပြိုင်ရမှာဖြစ်လို့ ခက်ခဲပါဦးမယ်။ ဂီဂျွန်တို့ကလည်း ဘက်တစ်ကို အိမ်ကွင်းမှာ ပူပူနွေးနွေးရှုံးထားလို့ အခုပွဲမှာ နိုင်ပွဲမျှော်မှန်းလာနိုင်ပေမယ့် အိမ်ကွင်းမှာ ခြေစွမ်းမာကျောတဲ့ အက်စ်ပန်ညိုကြောင့် အခြေနေမကောင်းနိုင်ပါဘူး။ အိမ်ရှင်တို့ ကပ်ပြီး အနိုင်ရသွားပါလိမ့်မယ်။

**ဘီလ်ဘာအိုနှင့် ဗလင်စီယာ**

ရှုံးပွဲ၊ သရေပွဲတွေများနေတဲ့ ဘီလ်ဘာအိုတို့ အခုပွဲ အိမ်ကွင်းဖြစ်ပေမယ့် ခြေစွာနေတဲ့ ဗလင်စီယာနဲ့ ရင်ဆိုင်ရမှာ ဖြစ်တာကြောင့် အနိုင်ရလဒ်ကို မျှော်မှန်းလို့ မလွယ်ပါဘူး။ ဒါပေမယ့် ဗလင်စီယာတို့က အိမ်ကွင်းမှာ ခြေစွမ်းပြနိုင်ပေမယ့် အဝေးကွင်းမှာ ရလဒ်မကောင်းတတ်လို့ ဖိဖိစီးစီး ကစားရင်အိမ်ရှင်တို့ အမှတ်ရနိုင်တဲ့ အနေအထားရှိပါတယ်။

**မာလာဂါနှင့် ရီးရဲဆိုစီဒက်**

ရလဒ်တွေ ဆိုးရွားနေတဲ့ မာလာဂါတို့လည်း ပွဲတိုင်း ရုန်းကန်နေရပါတယ်။ ဆိုစီဒက်တို့က ပြီးခဲ့တဲ့ပွဲမှာ ဘီလ်ဘာအိုကို အိမ်ကွင်းမှာ ဂိုးမရှိ သရေပွဲ ကစားထားပြီး အခုပွဲမှာ အဝေးကွင်းဆိုတော့ အနိုင်ကစားဖို့ ပြင်ဆင်လာပါလိမ့်မယ်။ အိမ်ကွင်း၊ အဝေးကွင်းတွေမှာ ခြေစွမ်းကျဆင်းနေတဲ့ မာလာဂါတို့လည်း အခုပွဲမှာ အနိုင်ရဖို့ကြိုးစားမှာပါ။

**ဂရင်နာဒါနှင့် ဒီပို့တီဗို**

ဒီနှစ် လာလီဂါမှာ ပွဲတိုင်း ရလဒ်မကောင်းတဲ့ ဂရင်နာဒါတို့ အခုပွဲ အိမ်ကွင်းမှာ ကစားရပေမယ့် ရလဒ်ကောင်းကို မျှော်လင့်လို့ မရနိုင်ပါဘူး။ နိုင်ပွဲတွေ ဆက်တိုက်ရယူနေတဲ့ ဒီပို့တီဗိုတို့ကတော့ အခုပွဲကို အခွင့်အရေးကောင်း တစ်ရပ်အဖြစ် အသုံးချပြီး အမှတ်ပြည့်ရအောင် စွမ်းဆောင်ပါလိမ့်မယ်။



## သုံးပွဲမှာ ၁၀ ဂိုးသွင်းတဲ့ လီဝမ်ဒေါ်စကီး

ဘိုင်ယန်မြူးနစ် တိုက်စစ်မှူး လီဝမ်ဒေါ်စကီးဟာ ယခုနှစ်ရာသီမှာ ခြေစွမ်းပြ ကစားလာတာတွေ့ရပါတယ်။ သူဟာ ပြီးခဲ့တဲ့ သုံးပွဲမှာ ၁၀ ဂိုးအထိ သွင်းယူနိုင်တဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ ချန်ပီယံလိဂ်အုပ်စုပွဲအဖြစ် ဒိုင်နမိုဇာဂရက်အသင်းနဲ့ ကစားတဲ့ပွဲမှာတော့ ဟက်ထရစ်ဂိုးအဖြစ် သွင်းယူခဲ့တဲ့အတွက် နောက်ဆုံးကစားတဲ့ ပြိုင်ပွဲသုံးပွဲမှာ ၁၀ ဂိုးသွင်းယူနိုင်တဲ့ တိုက်စစ်မှူးဖြစ်လာပါတယ်။ အဲဒီပွဲမှာ ဘိုင်ယန်မြူးနစ်က ငါးဂိုးပြတ်နဲ့ ဒိုင်နမိုဇာဂရက်အသင်းကို အနိုင်ရခဲ့ပါတယ်။ ဒီနိုင်ပွဲကြောင့် ၄၅ ပွဲ ရှုံးပွဲမရှိ စံချိန်တင်ထားတဲ့ ဒိုင်နမိုဇာဂရက်အသင်းဟာ စံချိန်ချိုးဖြတ်ခြင်းခံလိုက်ရပြီး အရှုံးနဲ့ရင်ဆိုင်ခဲ့ရပါတယ်။ လီဝမ်ဒေါ်စကီးဟာ ပြီးခဲ့တဲ့သီတင်းပတ်ကလည်း ဝုဖ်ဘတ်အသင်းနဲ့ ကစားတဲ့ပွဲမှာ ငါးဂိုးသွင်းယူခဲ့ပါတယ်။ ဝုဖ်ဘတ်နဲ့ပွဲမှာ ကိုးမိနစ်အတွင်း ငါးဂိုး သွင်းယူခဲ့ပါတယ်။ အခုချန်ပီယံလိဂ်မှာလည်း ဟက်ထရစ်ဂိုးသွင်းယူခဲ့ပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းဟာ ချန်ပီယံလိဂ်အုပ်စုပွဲမှာ နှစ်ပွဲနိုင်ထားပြီး အုပ်စုကို ဦးဆောင်နေပါတယ်။

## ချယ်လ်ဆီးမှာ တယ်ရီမပါဘဲ အောင်မြင်မှု မရနိုင်

ချယ်လ်ဆီးအသင်းမှာ ရှုံးပွဲတွေ ကြုံနေရတာ အဓိက ခံစစ်မှူးဖြစ်တဲ့ ဂျွန်တယ်ရီ မပါဝင်လို့ဖြစ်တယ်လို့ မန်ယူ နောက်တန်းကစားသမားဟောင်း ဖာဒီနန်က ဝေဖန်ပြောဆိုလိုက်ပါတယ်။ ချန်ပီယံလိဂ်အုပ်စုပွဲမှာ ပေါ်တိုအသင်းကို ရှုံးနိမ့်ရတာဟာ ဂျွန်တယ်ရီမပါဝင်ခဲ့လို့ ဖြစ်တယ်လို့ ဖာဒီနန်က အပြင်းအထန် ဝေဖန်ပြောဆိုခဲ့ပါတယ်။ ဂျွန်တယ်ရီဟာ ချယ်လ်ဆီးအသင်းနဲ့အတူ နှစ်ပေါင်းများစွာ ခြေစွမ်းပြကစားခဲ့တဲ့ ခံစစ်မှူးဖြစ်ပါတယ်။ နည်းပြ မော်ရင်ဟိုက ပရီမီယာလိဂ် ရာသီအစမှာ ဂျွန်တယ်ရီကို လူစားလဲကစားရာမှ အရန်ခုံမှာ ထိုင်ခဲ့ပါတယ်။ အခုလည်း ပေါ်တိုနဲ့ ကစားတဲ့ပွဲမှာ ဂျွန်တယ်ရီနဲ့ ဟာဇတ်တို့ဟာ အရန်ခုံမှာ ထိုင်ခဲ့ရပါတယ်။ ချယ်လ်ဆီးအသင်းရဲ့ အဓိက လူကောင်းတွေမပါဘဲနဲ့ မော်ရင်ဟိုရဲ့ ချယ်လ်ဆီးအသင်းဟာ မူလအနေအထားကို ပြန်ရောက်မှာ မဟုတ်ဘူးလို့ ၂၀၀၈ ခုနှစ်က မန်ယူနဲ့အတူ ချန်ပီယံလိဂ်ဖလား ဆွတ်ခူးနိုင်ခဲ့တဲ့ ဖာဒီနန်က ယုံကြည်ထားပါတယ်။ ချယ်လ်ဆီးအသင်း အောင်မြင်တဲ့အချိန်က ဒရော့ဘာ၊ လမ်းပတ်နဲ့ ဂျွန်တယ်ရီတို့ဟာ အဓိက ကစားသမားတွေပါ၊ သူတို့လို စိတ်ဓာတ်ပြင်းပြတဲ့ ကစားသမားကောင်းတွေ မရှိဘဲနဲ့ အောင်မြင်မှုရမှာ မဟုတ်ဘူးလို့ ဖာဒီနန်က ဆိုပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**





## ရှုံးပွဲများကြုံနေရခြင်းမှာ နောက်တန်းအမှားကြောင့်ဖြစ်သည်ကို မော်ရင်ဟို ဝန်ခံရပြီ

ပရီမီယာလိဂ်မှာ ရှုံးပွဲတွေများနေတဲ့ ချယ်လ်ဆီးအသင်းဟာ ချန်ပီယံလိဂ်မှာလည်း ရလဒ်မကောင်းခဲ့ပါဘူး။ ချယ်လ်ဆီးအသင်းဟာ ပြီးခဲ့တဲ့အပတ်က အိမ်ကွင်းမှာ တဲလ်အဗစ်အသင်းကို လေးဂိုးပြတ်နဲ့ နိုင်ခဲ့ပေမယ့် အခုအပတ်မှာလည်း ပေါ်တိုအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်သွားခဲ့ပါတယ်။ ချယ်လ်ဆီးရဲ့ ဒီရှုံးနိမ့်မှုဟာ ယခုနှစ် ရာသီအတွင်း ငါးပွဲမြောက် ရှုံးနိမ့်မှုလို့ ဆိုပါတယ်။ ဒီလို ရှုံးနိမ့်မှုတွေနဲ့ အဓိကအကြောင်းရင်းဟာ နောက်တန်းခံစစ်အမှားတွေကြောင့် ဖြစ်တယ်လို့ နည်းပြမော်ရင်ဟိုက ဝန်ခံပြောဆိုလိုက်ပါတယ်။ နည်းပြ မော်ရင်ဟိုအနေနဲ့ အခုနှစ်ရာသီမှာ ဝါရင့် နောက်တန်းကစားသမားကြီးဖြစ်တဲ့ ဂျွန်တယ်ရီနေရာမှာ လူသစ်တွေနဲ့ အစားထိုးအပြောင်းအလဲလုပ်ဖို့ ကြိုးစားနေချိန်မှာ အရှုံးတွေနဲ့ ရင်ဆိုင်နေပါတယ်။ အိုင်ဗန်နိုဗစ်၊ မာတစ်နဲ့ ဇူးမားတို့ဟာ ချယ်လ်ဆီးရဲ့ ခံစစ်ကို အကောင်းဆုံးမလုပ်နိုင်တဲ့အတွက် အမှားတွေနဲ့ ဆက်တိုက်ရင်ဆိုင်နေရပါတယ်။ ဒီအထဲမှာ တိုက်စစ်ကလည်း အဆုံးသတ် ဂိုးသွင်းမှုတွေ အားနည်းနေတာကြောင့် အရှုံးတွေနဲ့ ရင်ဆိုင်နေရပါတယ်။



## ဖာပွန်မြို့၌ ရပ်ကွက်ကျေးရွာပေါင်းစုံ ကာယအလှမယ်ပြိုင်ပွဲကျင်းပ

**ဖာပွန် အောက်တိုဘာ ၁**

ကရင်ပြည်နယ် ဖာပွန်မြို့၌ ဖာပွန်ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဖလားရပ်ကွက်ကျေးရွာပေါင်းစုံ ကာယအလှမယ်ပြိုင်ပွဲနှင့် ဆုပေးပွဲကို စက်တင်ဘာ ၂၆ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများမှ အမျိုးသမီးငယ်များ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပထမဆုရ အမှတ်(၂)ရပ်ကွက်ကိုယ်စားပြု ခါးနံပါတ်(၃) ကာယအလှမယ် မဖြိုးပြည့်သင်းနှင့် ဒုတိယ၊ တတိယဆုရရှိသူများအား ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သိန်းနုနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**သိန်းစိုးမြင့်(ပြန်/ဆက်)**

## စားနပ်ရိက္ခာဖူလုံမှုနှင့် ရာသီဥတုအန္တရာယ်များ ကိုင်တွယ်ဖြေရှင်းခြင်း စီမံကိန်းဆွေးနွေး

**ညောင်ဦး အောက်တိုဘာ ၁**

မြန်မာနိုင်ငံ အပူပိုင်းဇုန်ဒေသအတွင်း ရေအရင်းအမြစ်နှင့် စားနပ်ရိက္ခာဖူလုံရေးနှင့် ရာသီဥတုပြောင်းလဲခြင်းကြောင့် ပေါ်ပေါက်လာနိုင်သည့် အန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းခြင်းစီမံကိန်းဆိုင်ရာ ဆွေးနွေးပွဲကို မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်၌ စက်တင်ဘာ ၂၉ရက်က ကျင်းပခဲ့ပြီး မြို့နယ်အတွင်းရှိ စီမံကိန်းဝင်ကျေးရွာပေါင်း ၇၀ မှ အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများနှင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် စီမံကိန်းမန်နေဂျာ ဒေါက်တာမြင့်ငွေက စီမံကိန်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးကျွမ်းကျင်ပညာရှင် ဦးမြင့်ဇော်က ညောင်ဦးမြို့နယ်တွင် ကျေးရွာပေါင်း ၂၂၀ရှိသည့်အနက် စံချိန်ခုနစ်ချက်နှင့် ကိုက်ညီသည့်ကျေးရွာများကို သက်ဆိုင်ရာမှရွေးချယ်ပေးထားကြောင်းနှင့် ရွေးချယ်ထားသည့်ကျေးရွာများတွင် စီမံကိန်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းသည်။ သဘာဝပတ်ဝန်းကျင်ရေးရာ ကျွမ်းကျင်သူ ဦးခင်မောင်ဌေးက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အချက် အလက်များကို တင်ပြဆွေးနွေးသည်။

ထို့နောက် မြေဆီလွှာထိန်းသိမ်းရေးနှင့် ရေရရှိရေးကဏ္ဍမှ ဦးရန်နိုင်ထွန်းက ယခုစီမံကိန်းသည် UNDP မှထောက်ပံ့ပေးခြင်းဖြစ်ပြီး သဘာဝဘေးအန္တရာယ်ကာကွယ်ထိန်းသိမ်းနိုင်ရေးကို စစ်ကိုင်း၊ မန္တလေးနှင့်မကွေးတိုင်းဒေသကြီးများမှ မြို့နယ်ငါးခုတွင် ဆောင်ရွက်ရန် ရွေးချယ်ထားကြောင်း၊ မကွေးတွင် ချောက်မြို့နယ်၊ စစ်ကိုင်းတွင် မုံရွာမြို့နယ်နှင့် ရွှေဘိုမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် မြင်းခြံနှင့်ညောင်ဦးမြို့နယ်များဖြစ်ကြောင်း ပြောကြားပြီး ညောင်ဦးမြို့နယ်အတွင်း ကျေးရွာများ၌ စီမံကိန်းဆောင်ရွက်မည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရာအိမ်မှူးများက ကျေးရွာများအလိုက် ရာသီဥတုအခြေအနေနှင့် သဘာဝဘေးကာကွယ်မှုဆိုင်ရာ အချက်အလက်များကို ရေးသားတင်ပြခဲ့ကြသည်။

**ကျော်ဌေး(ညောင်ဦး)**

## ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ကံမ အောက်တိုဘာ ၁**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ်အဖြစ် မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့ အမှတ် (၂)ရပ်ကွက်ရှိ ငါးထပ်ကြီးဘုရားဝင်းအတွင်း၌ ကံမမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးပိုင်ဦးခေါင်းဆောင်သည့် ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို စက်တင်ဘာ ၂၈ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**

# မြန်မာ-ထိုင်းချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကျင်းပ

**မြဝတီ အောက်တိုဘာ ၁**

မြန်မာ-ထိုင်းနှစ်နိုင်ငံကြား ချစ်ကြည်ရေးပိုမိုတိုးတက်စေရန်နှင့် နှစ်နိုင်ငံကုန်သွယ်မှုများ တိုးတက်လာစေရန်အတွက် မြဝတီခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးကြီးတို့ ပါဝင်ကစားသော မြန်မာအသင်းနှင့်ထိုင်းနိုင်ငံမှ တာ့(ခ်)ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆောင်ပါဝင်ကစားသော ထိုင်းအသင်းတို့၏ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကို ထိုင်းနိုင်ငံ တာ့(ခ်)ခရိုင် မဲဆောက်မြို့ စည်ပင်သာယာ အားကစားကွင်း၌ စက်တင်ဘာ ၂၈ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။



မြန်မာ-ထိုင်းချစ်ကြည်ရေးဘောလုံးပြိုင်ပွဲဖွင့်ပွဲကို မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးနှင့် တာ့(ခ်)ခရိုင်အုပ်ချုပ်ရေးမှူး မစ္စတာစွန်ချိုင်းဟထယတန်တိတို့က အဖွင့်အမှာစကားပြောကြားပြီး ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမိုးညို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ ပါဝင်သည့် မြန်မာအသင်းနှင့် ထိုင်းနိုင်ငံမှ တာ့(ခ်)ခရိုင်အုပ်ချုပ်ရေးမှူး မစ္စတာစွန်ချိုင်းဟထယတန်တိဦးဆောင်ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မဲဆောက်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ ပါဝင်သည့်ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။ ထို့အပြင် နှစ်နိုင်ငံ လူငယ်အသင်းများလည်း ယှဉ်ပြိုင် ကစားခဲ့ကြကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲများကျင်းပခဲ့ခြင်းကြောင့် နှစ်နိုင်ငံချစ်ကြည်ရေး ပိုမိုတိုးတက်ပြီး ကုန်သွယ်မှုများမြင့်မားလာကာ ခရီးသွားလုပ်ငန်းများလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်ရန် အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင် (ပြန်/ဆက်)**

## ငါးသယံဇာတ ထိန်းသိမ်းရေးအတွက် ရွှံ့ကဏန်းလွှတ်ပွဲပြုလုပ်

**မောင်တော အောက်တိုဘာ ၁**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း ငါးသယံဇာတထိန်းသိမ်းရေးအတွက် မောင်တောခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးပြီး ရွှံ့ကဏန်းလွှတ်ပွဲကို မောင်တောချောင်းဝန်ဘေး ဒီရေတော (နယ်စပ်ခြံစည်းရိုးအနီး)၌ စက်တင်ဘာ ၂၉ ရက်က ပြုလုပ်ခဲ့သည်။

ဂဏန်းလွှတ်ပွဲတွင် ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ခေတ္တဦးစီးမှူး ဦးသံချောင်းက ရွှံ့ကဏန်းလွှတ်ခြင်းနှင့်ပတ်သက်၍ မိမိဒေသအတွင်း ငါးသယံဇာတထိန်းသိမ်းရေး၊ ငါးမျိုးပြန်းတီးမှုကို ကာကွယ်ရေးအတွက် နှစ်စဉ်သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း၊ ပြန်လွှတ်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ရွှံ့ကဏန်းမျိုးစိတ်များသည် ၁၀၀ ဂရမ်အထက်တွင်သာ အရွယ်ရောက် မိတ်လိုက်မျိုးပွားကြသဖြင့် ၄င်းထက်သေးငယ်သည့် ကဏန်းငယ်များကို ဖမ်းဆီးခြင်းဖြင့် သဘာဝကဏန်းမျိုးများ ပြုန်းတီးလာနိုင်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မောင်တောခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ကဏန်းဖမ်းရေးလုပ်ငန်းများနှင့် အရောင်းအဝယ်ဒိုင်များ၌ စုဆောင်းထားရှိသည့် ၁၀၀ ဂရမ်အောက်အရွယ် ကဏန်းငယ်ကောင်ရေတစ်သောင်း ၁၀၀၀၀ ကို ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ခေတ္တဦးစီးမှူး၊ မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးခင်မောင်လွင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးလှမြင့်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသားကျောင်းသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များက ဒီရေတောအတွင်းသို့ လွှတ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



## ဖြူးမြို့နယ်၌ ကျေးရွာနေပြည်သူများအား မြေငှားဂရန်များ ပေးအပ်

**ဖြူး အောက်တိုဘာ ၁**

ကျေးလက်နေပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ညောင်ကားယားကျေးရွာအုပ်စု ခင်ဝိုင်းကျေးရွာမှ ဒေသခံပြည်သူ ၁၀၄ ဦးတို့အား ကျေးရွာမြေငှားဂရန်များကို စက်တင်ဘာ ၃၀ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

မြေငှားဂရန်များ ပေးအပ်ပွဲကို ဖြူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်က အမှာစကားပြောကြားကာ ခင်ဝိုင်းကျေးရွာနေ ပြည်သူ ၁၀၄ ဦးတို့၏ မြေများအတွက် ကျေးရွာမြေငှားဂရမ်များကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လက်ရောက်ထုတ်ပေးခဲ့ကြကြောင်း သိရသည်။

**ဖြူးမြင့်ဦး**

# မုံရွာ-ရွှေဘို ခရိုင်ချင်းဆက်လမ်းဖောက်လုပ်မှု အမြန်ဆုံးပြီးစီးရန် ခရိုင်လမ်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိ

**အရာတော် အောက်တိုဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မုံရွာ-ရွှေဘို ခရိုင်ချင်းဆက်လမ်းကို ဖောက်လုပ်လျက်ရှိရာ မကြာမီပြီးစီးမည်ဖြစ်၍ အရာတော်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၂ ရွာမှ ကျေးလက်နေပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်သန်းရောင်းဝယ်ရေး အဆင်ပြေချောမွေ့လာတော့မည်ဖြစ်ကြောင်း သိရသည်။ မုံရွာမြို့သည် ရွှေဘိုမြို့နှင့် ၆၄ မိုင်ကွာဝေးပြီး ယခင်က အရာတော်မြို့နယ်နှင့် ဝက်လက်မြို့နယ်ကို ဖြတ်သန်းပြီးသွားပါက နှစ်နာရီခွဲမျှကြာမြင့်သည်။ မုံရွာမြို့နယ်မှ အရာတော်မြို့နယ်-ရွှေဘိုမြို့နယ်၊ မူးကမ်းကြီးကျေးရွာအထိ ဖြတ်လမ်း အရှည် ၂၂ မိုင် ၃ ဖာလုံကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှု၊ မြို့နယ်လမ်းဦးစီးဌာန၏ကြီးကြပ်မှုများဖြင့် ကုမ္ပဏီများက ၂၀၁၃-၂၀၁၄ ခုနှစ်တွင် မြေသားတင်လမ်းဖောက်ခြင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျောက်ချောလမ်းခင်းခြင်းနှင့် ယခု ၂၀၁၅ - ၂၀၁၆ ခုနှစ်တွင် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ခဲ့ရာ ယခုအခါ ပြီးစီးတော့မည်ဖြစ်ကြောင်း၊ လမ်းအမြန်ဆုံးပြီးစီး နိုင်ရေးအတွက် ခရိုင်လမ်းဦးစီးဌာန အင်ဂျင်နီယာလက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်ထွေးငယ်မြင့်၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးငြိမ်းမောင်မောင်တို့က ကြီးကြပ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အသည်းအဆီဖုံးရောဂါ

## အပိုင်း(၃)

ပါမောက္ခခင်မောင်ဝင်း (အသည်း)

လွန်ခဲ့တဲ့ ၁၅ နှစ်လောက်ကအထိ အသည်းအဆီဖုံးတာ (Fatty liver)ကို အရေးကြီးတဲ့ရောဂါတစ်ခုလို့ မသတ်မှတ်ပါဘူး။ ကျွန်တော်တို့တစ်တွေ ဆေးကျောင်းသားတုန်းကဆိုရင် အသည်းအဆီဖုံးတာနဲ့ပတ်သက်လို့ ဘာမှတောင် ရေရေရာရာ မသင်ခဲ့ရပါဘူး။ အသည်းထဲမှာ အဆီဝင်တာဟာ ဝတဲ့လူတိုင်းမှာလို တွေ့ရတဲ့ ဖြစ်စဉ်တစ်ခုပဲ။ အဓိကအရေးကြီးတဲ့အကျိုးဆက်တွေ ဘာမှဖြစ်လာမှာမဟုတ်ဘူး။ ဆေးလောကအခေါ်နဲ့ ပြောရရင် ဘီနိုင်း(Benign)ဖြစ်တယ်။ အန္တရာယ်မရှိဘူးလို့ပဲ ပြောလေ့ သင်လေ့ရှိပါတယ်။

အခုနောက်ပိုင်းမှာ ဘာတွေ့လာရသလဲဆိုတော့ အသည်းအဆီဖုံးရောဂါသည်တွေကို နှစ်ပေါင်းများစွာ ရေရှည်လေ့လာကြည့်လိုက်တဲ့အခါမှာ ဒီလူတွေမှာ အသည်းခြောက် အသည်းကင်ဆာရောဂါတွေ ဖြစ်လာတာကို တွေ့လာရတယ်။ အမေရိကန်နိုင်ငံမှာ အသည်းအစားထိုး ကုရတဲ့လူနာတွေရဲ့ သုံးရာခိုင်နှုန်းဟာ အသည်းအဆီဖုံးရောဂါကြောင့် အသည်းခြောက် ရောဂါဖြစ်လို့ ကုရတယ်ဆိုတာ သိရပါတယ်။

အသည်းထဲကို အဆီတွေ ဘာလို့ဝင်လာသလဲဆိုတာကိုလည်း နားလည်လာပါပြီ။ အဆီတွေဝင်လာရတဲ့ အဓိကအကြောင်းရင်းကတော့ ဝလာရင် အဝလွန်ပြီး ခါးနဲ့ကိုယ်အထက်ပိုင်း ပိုဝတဲ့သူတွေ (Central and Upper Body Obesity)မှာ အင်ဆူလင်မတိုးတဲ့(Insulin Resistance) အခြေအနေ ဖြစ်လာတယ်။ အဲဒီလိုဖြစ်လာရင် အသည်းဆဲလ်တွေထဲမှာ အဆီတွေ စဝင်တော့တာပဲ။ အဆီခဲကြီးတွေဟာ အသည်းဆဲလ်ထဲမှာ နေရာအပြည့်ယူလိုက်တော့ အသည်းဆဲလ်လေးခမျာ သနားစရာပါ။ သူ့ရဲ့ ကိုယ်ပိုင်ပစ္စည်းအစိတ်အပိုင်းတွေဟာ ဘေးမှာ လခြမ်းသေးသေးလေးလို ပြားကပ်နေပြီး အသည်းဆဲလ်အလယ်ကောင်တစ်ခုလုံးကို အဆီတွေက နေရာအပြည့် ယူထားလိုက်တော့တယ်။ အဲဒီတော့ အသည်းဆဲလ်တွေဟာ ကောင်းကောင်းအလုပ်မလုပ်နိုင်တော့ဘူးပေါ့။ ဒါတင်မကသေးဘူး။ အချိန်တွေကြာလာလို့ အဝလွန်တာက ပိုပိုဆိုးလာပြီး BMI တွေ ပိုတက်လာလေ အသည်းတစ်ခုလုံးမှာရှိတဲ့ အသည်းဆဲလ်တွေ အကုန်လုံးနီးပါးထဲကို အဆီတွေဝင်လာလေပါပဲ။ ဒီလို အဆီတွေပြည့်နေတဲ့ အခြေအနေမျိုးမှာ အသည်းအသားစ ယူကြည့်လိုက်ရင် အသည်းတစ်ခုလုံးဟာ ရစရာကိုမရှိဘူး။ အဆီတွေအကွင်းအကွင်းနဲ့ ဆန်ခါပေါက်တွေ ပေါက်နေသလို မြင်ရတယ်။ ဒါပေမယ့် ကိစ္စမရှိသေးဘူး။ အသည်းဆိုတာဟာ တော်တော်ကို အထိအခိုက် အတိုက်အခိုက် ဒဏ်ခံနိုင်တယ်။ ဒီလောက်တောင် အသည်းအဆီတွေ ဖုံးနေပေမယ်လို့ ဘာမှမဖြစ်သေးဘူး။ ဒီအဆင့်ကိုလည်း အသည်းအဆီဖုံးအဆင့်လို့ပဲ ခေါ်ရမယ်။ အသည်းအဆီဖုံးတာဟာ အဓိကအားဖြင့် အကြောင်းရင်းနှစ်ခုရှိတယ်။ အရက်သောက်လို့ဖြစ်တာနဲ့ ဝလို့ဖြစ်တာပေါ့။ အခုကျွန်တော်ပြောနေတာက အရက်ကြောင့်မဟုတ်ပဲ ဝပြီး အသည်းအဆီဖုံးတာဖြစ်လို့ ဆေးအခေါ်အဝေါ်နဲ့ဆိုရင် အရက်ကြောင့်မဟုတ်သော အသည်းအဆီဖုံးရောဂါ (Non-Alcoholic Fatty Liver Disease – NAFLD)လို့ ခေါ်ပါတယ်။

အသည်းဆဲလ်တွေထဲကို အဆီတွေဝင်နေတာက သိပ်များလာတော့ ဖောင်းတင်းလာပြီး အသည်းဆဲလ်တွေလည်း နောက်ဆုံးတော့ ဒဏ်မခံနိုင်ဘဲ ပေါက်ကွဲပျက်စီးလာကာ အသည်းမှာ ဒဏ်ရာတွေရပြီး အသည်းရောင်တာဖြစ်လာပါတယ်။ ဒီအဆင့်ရောက်တော့ အရက်ကြောင့်မဟုတ်ဘဲ အဆီတွေကြောင့် အသည်းရောင်တာ(Non- Alcoholic Steato Hepatitis) အတိုခေါ်ရင် နက်(ရှ်)(NASH)လို့ ပြောလေ့ရှိပါတယ်။ အခုခေတ် ဆေးစာအုပ်တွေကိုဖတ်ရင် အရင်ကလို အသည်းအဆီဖုံး(Fatty Liver)လို့ ရေးထားတာ မတွေ့ရတော့ပဲ NAFLD နဲ့ NASH လို့ပဲ သုံးနှုန်းထားတာ တွေ့ရပါလိမ့်မယ်။ ခေတ်အလိုက်ဆေးပညာတွေ တိုးတက်လာတာ ပြောင်းလဲလာတာကို ပြတဲ့သဘောပေါ့။

ဆေးပညာဆိုတာ အမြဲတမ်း လေ့လာလိုက်စား နေရပါမယ်။ ဒီနေရာမှာ ကြုံလို့ပြောချင်ပါသေးတယ်။ ရောဂါဖြစ်စဉ်တွေ၊ အခေါ်အဝေါ်တွေနဲ့ ကုထုံးနည်းစနစ်တွေဟာ အခုခေတ်မှာ တစ်ရှိန်ထိုး တိုးတက်ပြောင်းလဲနေတဲ့အတွက် လူနာတွေကိုဆေးကုတဲ့ ဆရာဝန်တိုင်းဟာ ခေတ်အလိုက် တိုးတက်မှုတွေနဲ့အညီ ကိုယ့်ရဲ့ဆေးပညာ၊ ကုသမှုအရည်အသွေးကို မြှင့်တင်နေဖို့ (Continuing Professional Development – CPD)လိုပါမယ်။ ဒါမှသာ လူနာတွေကို ဆေးကုရာမှာ ဆရာဝန်တစ်ယောက်အနေနဲ့ တာဝန်ဝတ္တရား ကျေပါမယ်။ လူနာတွေကတော့ ဆရာဝန်ပေးလိုက်တဲ့ ဆေးကုသမှုဆိုတာ အားလုံးကိုလက်ခံမှာပဲ။ ဒါပေမယ့် ဆရာဝန်တစ်ဦးအနေနဲ့ ကိုယ့်ရဲ့ကုသမှုဟာ ခေတ်နဲ့အညီဖြစ်ရဲ့လား။ ငါကုလိုက်တဲ့ လူနာတွေဟာ ခေတ်မီ သိပ္ပံကုသမှု နည်းစနစ်တွေကို ရသွားရဲ့လားဆိုတာ ကိုယ့်ဘာသာကိုယ် ဆန်းစစ်ကြည့်ဖို့ လိုပါလိမ့်မယ်။

အသည်းအဆီဖုံးတဲ့အကြောင်း ပြန်ပြောရရင် အသည်းဆဲလ်တွေ ပေါက်ကွဲဒဏ်ရာရလာတာဟာ လူနာအများစုမှာ ဘာမှခံစားမှုမရှိဘူး။ လူကောင်းလိုပဲ ဖြစ်နေတယ်။ ဒါပေမယ့် သွေးစစ်ကြည့်ရင်တော့ သိနိုင်ပါတယ်။ သွေးထဲမှာ ALT ဆိုတာစစ်လိုက်လို့ သတ်မှတ်ချက်ထက် နှစ်ဆများနေရင် အသည်းတော့ ရောင်နေပြီ၊ အသည်းတော့ ဒဏ်ရာရနေပြီဆိုတာ သိရပါမယ်။ အဝလွန်ရုံနဲ့ အသည်းအဆီဖုံးရုံနဲ့ သိပ်အရေးမကြီးသေးဘူး။ ALT စစ်ကြည့်လိုက်လို့ တက်နေရင်တော့ NASH ဖြစ်နေပြီ၊ အသည်းတော့ စပျက်နေပြီ၊ ဒဏ်ရာရနေပြီဆိုတာ ပြနေပြီပေါ့။ ဒါကို ဂရုမစိုက်၊ မစစ်ဆေးမိဘဲထားရင်တော့ ကိုယ်ကတော့ နေ့စဉ် အစားအသောက်မပျက်၊ ဘာမှလည်း မခံစားရ။ ဖာလူဒါ သောက်ကောင်းတုန်း၊ ဒန်ပေါက်စားရတာလည်း အရသာရှိ၊ ကိတ်မုန့်လေးကလည်း နူးညံ့လိုက်တာနဲ့ နေနေပြီး ကိုယ့်ရဲ့ခန္ဓာကိုယ်အတွင်းက အသည်းကတော့ ကိုယ်စားသမျှတွေရဲ့ အကျိုးဆက်ဒဏ်တွေကို ခံနေရပြီး NASH ဖြစ်ရင်း တဖြည်းဖြည်း အသည်းမှာ အနာရွတ်(Fibrosis)တွေ ဖြစ်လာနေပြီပေါ့။ နှစ်အတော်ကြာတော့ အသည်းအဆီဖုံးတာကနေ အနာရွတ်တွေများလာပြီး အသည်းခြောက်ရောဂါ(Cirrhosis)ဖြစ်ရော။ နောက်အဆင့်အနေနဲ့ကတော့ အသည်းခြောက်ကနေတစ်ချိန်ချိန်မှာ အသည်းကင်ဆာအဆင့်ကို ကူးသွားတော့တာပါပဲ။

အားလုံးခြုံပြီးပြန်ပြောရရင် အဝလွန်တဲ့လူတွေရဲ့ ၉၀ ရာခိုင်နှုန်းလောက်မှာ အသည်းအဆီဖုံးပါတယ်။ အသည်းအဆီဖုံး(NAFLD)ကနေ အသည်းရောင်ပြီး အသည်းဆဲလ်တွေ ပျက်ကုန်ပြီး NASH ဖြစ်လာပါလိမ့်မယ်။ ကြာတော့ အဆီတွေကြောင့် အသည်းမှာ ဒဏ်ရာတွေများလာပါလိမ့်မယ်။ အကျိုးဆက်ကတော့ အသည်းမှာ အနာရွတ်တွေဖြစ်လာပြီး အသည်းခြောက်လာပါမယ်။ အသည်းခြောက်ကနေ အသည်းကင်ဆာအဆင့်ကို ကူးနိုင်ပါတယ်။

**စမ်းသပ်စစ်ဆေးမှုတွေ**

အသည်းအဆီဖုံးရောဂါရှိတယ်လို့ထင်ရင် ပထမဆုံးနဲ့ အလွယ်ဆုံး စစ်ဆေးရမှာကတော့ တယ်လီဗီးရှင်းဓာတ်မှန်လို့ခေါ်တဲ့ အာလ်ထရာဆောင်း (Ultrasound) နဲ့ ဗိုက်ကိုစစ်ဆေးရမှာပါ။ အသည်းထဲမှာ အဆီများမများဆိုတာကို တော်တော်လေးမှန်အောင် ပြောနိုင်ပါတယ်။ ပိုပြီးသေချာချင်ရင်တော့ စီတီစကင် CT Scan နဲ့ MRIဓာတ်မှန်တွေ ဆက်ပြီးရိုက်သင့်ရင် ရိုက်ရပါမယ်။

အသည်းအဆီဖုံးတာ သေချာပြီဆိုတော့မှ အသည်းဟာ ထိခိုက်ပျက်စီးနေပြီလား၊ အသည်းရောင်နေပြီလား ဆိုတာကို ဆက်ပြီးစစ်ရပါမယ်။

အရက်ကြောင့်မဟုတ်တဲ့ ရိုးရိုးအသည်းအဆီဖုံး(Non Alcoholic Fatty Liver NAFL) အဆင့်ကနေ အသည်းထိခိုက်ပျက်စီးတဲ့ နက်ရှ် NAFL (Non-Alcoholic Steato Hepatitis)အဆင့်ကို ရောက်သွား၊ မသွား စစ်ဆေးဖို့ အရေးကြီးပါတယ်။

ဘာလို့လဲဆိုတော့ NAFL ရိုးရိုးဆိုရင် ဆေးဝါးတွေသုံးပြီး ကုဖို့မလိုပါဘူး။ အစားအသောက် အနေအထိုင် လိုက်ဖ်စတိုင်(life style)ကိုပြင်ရုံပဲ လုပ်ရမှာပါ။ ဒါပေမယ့် NASH အဆင့်ကို ရောက်ပြီဆိုရင်တော့ ထိရောက်တဲ့ဆေးဝါးကုသမှုတွေ လုပ်ရမှာပါ။ ဒါမှသာ အသည်းရောင်တဲ့အဆင့်ကနေ အသည်းခြောက်တဲ့ အဆင့်ကို ဆက်ကူးမသွားမှာ ဖြစ်ပါတယ်။

**အသည်းထိခိုက်မှု ရှိ မရှိ စစ်ရမှာတွေ**

အသည်းဆဲလ်တွေ ပျက်စီးမှုရှိ မရှိဆိုတာကို သိရအောင် အလွယ်ဆုံးစစ်ဆေးမှုကတော့ သွေးထဲမှာရှိတဲ့ ALT နဲ့ AST ဆိုတဲ့ အင်ဇိုင်းတွေကို စစ်ရပါမယ်။ ALT နဲ့ AST ဆိုတဲ့ အင်ဇိုင်းတွေဟာ ပုံမှန်အားဖြင့် အသည်းဆဲလ်တွေထဲမှာပဲရှိရမယ့် အင်ဇိုင်းတွေပါ။ အကြောင်းတစ်စုံတစ်ရာကြောင့် အသည်းဆဲလ်တွေ ပျက်စီးပေါက်ကွဲသွားပြီဆိုရင်တော့ ALT နဲ့ AST တွေ သွေးထဲမှာ မြင့်တက်နေမှာပါ။ အထူးသဖြင့် AST က ALT ထက် ပိုများနေမှာပါ။ ဒါကြောင့် ALT နဲ့ AST တက်နေတယ်ဆိုရင် အသည်းဆဲလ်တွေပျက်စီးနေတာ သေချာပြီ၊ ဒီလူနာဟာ NASH အဆင့်ကိုရောက်နေပြီလို့ ကောက်ချက်ချရပါမယ်။

အသည်းအဆီဖုံးရောဂါသည် တစ်ယောက်မှာ ALT နဲ့ AST မတက်ဘူးဆိုရင် အသည်းပျက် မပျက်သိဖို့ရာ အကောင်းဆုံးစစ်ဆေးမှုကတော့ Liver Biopsy လို့ခေါ်တဲ့ အသည်းအသားစယူပြီး စစ်ဆေးတာပါပဲ။ အင်္ဂလိပ်လိုပြောရမယ်ဆိုရင်တော့ Liver Biopsy is the gold standard ပါ။ အသည်းအသားစ မယူပဲ အသည်းရောင်မရောင် စမ်းသပ်စစ်ဆေးနိုင်တဲ့ အာလ်ထရာဆောင်းတစ်မျိုးဖြစ်တဲ့ ဖိုင်ဗရိုစကင်(Fibroscan) ဆိုတဲ့ စစ်ဆေးမှုတွေ စပြီးစမ်းသပ်တဲ့အဆင့်ကို ရောက်နေပါပြီ။ဒါပေမယ့် လက်ရှိအနေအထားမှာတော့ အသည်းရောင်မရောင် NASH ဟုတ်မဟုတ် သေချာပေါက်သိချင်ရင် အသည်းအသားစယူပြီး စစ်ဆေးရမှာပါ။

**ကုသမှု**

အသည်းအဆီဖုံးတာကို ဘယ်လိုကုမယ်ဆိုတာ မပြောခင် အသည်းအဆီ ဘာလို့ဖုံးတယ်ဆိုတာ နည်းနည်းပြန်ပြောပြချင်ပါတယ်။ ဒီရောဂါရဲ့ အဓိကတရားခံဟာ လူနေမှုပုံစံတွေ၊ ခေတ်နဲ့လိုက်ပြောင်းလဲပြီး အစားကြူး၊ အဝလွန်၊ လှုပ်ရှားမှုနည်းလို့ ဖြစ်တာပါ။ အဲလို အဝလွန်တဲ့အခါမှာ သွေးထဲမှာ အဆီတွေများ၊ ပန်ကရိယကထုတ်တဲ့ အင်ဆူလင်ဟော်မုန်း အလုပ်မလုပ်နိုင်တော့ပါဘူး။ အကျိုးဆက်ကတော့ သွေးချို၊ ဆီးချို ဖြစ်ပြီပေါ့။ အဲဒီမှာတင် သွေးထဲမှာ အဆီတွေများပြီး အသည်းထဲကို အဆီတွေရောက်ကုန်တာပါ။ အဲဒါကြောင့် အသည်းအဆီဖုံးရောဂါဟာ (၂၁)ရာစုနှစ် လူနေမှုပုံစံနဲ့နေထိုင်လိုက်ပြီး အဝလွန်တာက စတာဆိုတော့ အသည်းအဆီဖုံးတာပျောက်အောင် ပထမဆုံးလုပ်ရမှာက ကိုယ့်ရဲ့နေထိုင်စားသောက်မှုကို ပုံစံပြောင်းပစ်ရမှာပါ။တစ်နည်းပြောရမယ်ဆိုရင်တော့ ဝိတ်ကျအောင် လုပ်ရမှာပါ။ ဝိတ်ကျတာနဲ့ အသည်းအဆီဖုံးရောဂါလည်း အလိုလိုပျောက်သွားမှာဆိုတော့ ဝိတ်ကျအောင် လုပ်ဖို့ သိပ်အရေးကြီးတယ်ဆိုတာ ထပ်ပြောပါရစေ။

**ဝိတ်ကျအောင် လုပ်တဲ့နည်းလမ်းတွေကတော့**

၁။ အစားအသောက် ဒိုင်းရက် (Diet) နည်း

၂။ လေ့ကျင့်ခန်း

၃။ စားဆေးတွေနဲ့ ဝိတ်လျှော့တာ

၄။ ခွဲစိတ်ကုပြီး ဝိတ်လျှော့တာပေါ့။

**(၁)အစားအသောက် ဒိုင်းရက် (Diet) နည်း**

အဓိကကတော့ ကယ်လိုရီဆိုတာကို နားလည်သဘောပေါက်ပြီး တစ်နေ့ကို ကယ်လိုရီ ၁၈၀၀ ထက် ပိုမစားမိအောင် ဆင်ခြင်ပေးပါ။ အဆီ၊ အချိုတွေ၊ ကဆီဓာတ်တွေ ရှောင်ပါ။ အသီးအရွက် များများစားပါ။

**(၂)လေ့ကျင့်ခန်း**

တစ်နေ့ကို နာရီဝက်၊ တစ်ပတ်ကို အနည်းဆုံးငါးရက် ချွေးထွက်စေတဲ့လှုပ်ရှားမှုမျိုး လုပ်ပါ။

**(၃) စားဆေးတွေနဲ့ ဝိတ်လျှော့တာ**

အမေရိကန်နိုင်ငံ အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးဌာနက လက်ခံထားတဲ့ ဝိတ်လျှော့ဆေး တစ်မျိုး ရှိပါတယ်။ Orlistat အစာမစားခင် ၁၅ မိနစ် ကြိုသောက်ပါ။ တစ်နေ့ကို (၃)ကြိမ် သောက်၊ ၂ နှစ်အထိ သောက်နိုင်ပါတယ်။

**(၄)ခွဲစိတ်ကုပြီး ဝိတ်လျှော့တဲ့နည်း**

ဝိတ်ကျအောင် ခွဲစိတ်ကုတာကို ဘယ်ရီရထရစ်ခွဲစိတ်မှု(Bariatric surgery)လို့ ခေါ်ပါတယ်။ စနစ်တကျ ခွဲစိတ်ကုပြီး ဝိတ်လျှော့တဲ့နည်းတွေ ရှိပါတယ်။

အင်ဆူလင်မတိုးတော့ဘူးဆိုရင် အသည်းထဲကို အဆီတွေရောက်လာမယ်။ အဲဒီမှာ အသည်းကို အဆီတွေက ထိခိုက်မယ်။ အဲတော့ အသည်းကိုကာကွယ်ပေးတဲ့ Hepato- protective ဆေးဖြစ်တဲ့ URSODEO-XYCHOLIC ACID ကို သုံးပေါ့။

အသည်းကို အဆီတွေကထိခိုက်တော့ အသည်းဆဲလ်တွေထဲမှာ Reactive Oxygen Species(ROS)တွေ ထွက်လာပြီး oxidative ဒဏ်ရာတွေရမှာပါ။ အင်တီအောက်ဆီဒင့်(Antioxident)တွေနဲ့ ကုပါ။(Oyrm –Vit E)

**ခြုံပြီးပြောရရင်**

အသည်းအဆီဖုံးရောဂါ ကုတယ်ဆိုတာမှာ အဓိကက လူနေမှုစနစ် (life style) ပြောင်းပြီး ဝိတ်လျှော့ပါ။ လိုအပ်လို့ရှိရင် ဆေးတွေသုံးကုပါ။ အဲဒီဆေးတွေကတော့ အင်ဆူလင်စွမ်းအားပြန်ရှိဆေး(Pioflitazone, Metformin)၊ အသည်းဆဲလ်တွေကာကွယ်ဆေး(အာဆိုအောက်ဆီကိုးလစ်အက်ဆစ်)UDCA(Udihep)၊ အင်တီအောက်ဆီဒင့် (Antioxident)(Vit E)တွေနဲ့ ကုပါ။

အချိုလျှော့၊ အဆီလျှော့၊ အစားလျှော့၊ လှုပ်ရှားမှုလေ့ကျင့်ခန်း လုပ်ဖို့ပါပဲ။

**အသည်းအဆီဖုံး အနှစ်ချုပ်**

ဒါကြောင့် ပြည်သူလူထုကို အဝလွန်ရောဂါနဲ့ အသည်းအဆီဖုံးရောဂါအကြောင်းနဲ့ ပတ်သက်လို့ အချက်(၅)ချက် သတိပေးချင်ပါတယ်။

(၁)အားလုံးသဘောပေါက်ရမှာကတော့ ဝတာ၊ အဝလွန်တာဟာ ပေါ့ပေါ့ဆဆထားရမယ့် ရောဂါမဟုတ်ပါဘူး။ ဝတာကနေ အသည်းအဆီဖုံးရောဂါ ဖြစ်နိုင်ပါတယ်။

(၂)အသည်းအဆီဖုံးတာကနေ အသည်းခြောက်နိုင်ပါတယ်။ အသည်းကင်ဆာ ဖြစ်နိုင်ပါတယ်။

(၃)ဝတဲ့ သူတွေ၊ အဝလွန်တဲ့သူတွေဟာ ငါနေကောင်းနေတာပဲ၊ ငါဘာမှမဖြစ်ဘူး၊ ဝရုံ ဝနေတာပဲ၊ အစားအသောက်လည်း မပျက်ဆိုပြီး နေလို့မရပါဘူး။ လိုအပ်သလို စမ်းသပ်စစ်ဆေးမှုတွေ လုပ်ရပါမယ်။

(၄)ဝနေပြီ၊ အဝလွန်နေပြီဆိုရင် ပုံမှန်ကိုယ်အလေးချိန်ဖြစ်အောင် ကြိုးစားကျင့်ကြံနေထိုင်ပြီး အစားဆင်ခြင်ကြပါ။

(၅)အရေးအကြီးဆုံးကတော့ အဝလွန်ရောဂါ မဖြစ်အောင် ကြိုတင်ကာကွယ် စားသောက်နေထိုင်ဖို့ပါပဲ။

**ဂရုမစိုက်၊ မစစ်ဆေးမိဘဲထားရင်တော့ ကိုယ်ကတော့ နေ့စဉ် အစားအသောက် မပျက်၊ ဘာမှလည်း မခံစားရ။ ဖာလူဒါ သောက်ကောင်းတုန်း၊ ဒန်ပေါက်စားရတာ လည်း အရသာရှိ၊ ကိတ်မုန့်လေးကလည်း နူးညံ့လိုက်တာနဲ့ နေနေပြီး ကိုယ့်ရဲ့ ခန္ဓာကိုယ်အတွင်းက အသည်းကတော့ ကိုယ်စားသမျှတွေရဲ့ အကျိုးဆက်ဒဏ်တွေကို ခံနေရပြီး အသည်းခြောက်ရောဂါ(Cirrhosis)ဖြစ်ရော။ နောက်အဆင့်အနေနဲ့ ကတော့ အသည်းခြောက်ကနေ တစ်ချိန်ချိန်မှာ အသည်းကင်ဆာအဆင့်ကို ကူးသွား တော့တာပါပဲ . . .**

**ဒီရောဂါရဲ့ အဓိကတရားခံဟာ လူနေမှုပုံစံတွေ၊ ခေတ်နဲ့လိုက်ပြောင်းလဲပြီး အစားကြူး၊ အဝလွန်၊ လှုပ်ရှားမှုနည်းလို့ ဖြစ်တာပါ။ အဲလို အဝလွန်တဲ့အခါမှာ သွေးထဲမှာ အဆီတွေများ၊ ပန်ကရိယက ထုတ်တဲ့ အင်ဆူလင်ဟော်မုန်း အလုပ် မလုပ်နိုင်တော့ပါဘူး။ အကျိုးဆက်ကတော့ သွေးချို၊ ဆီးချို ဖြစ်ပြီပေါ့။ အဲဒီမှာ တင် သွေးထဲမှာ အဆီတွေများပြီး အသည်းထဲကို အဆီတွေရောက်ကုန်တာပါ။ အဲဒါကြောင့် အသည်းအဆီဖုံးတာပျောက်အောင် ပထမဆုံးလုပ်ရမှာက ကိုယ့်ရဲ့ နေထိုင်စားသောက်မှုကို ပုံစံပြောင်းပစ်ရမှာပါ။ တနည်းပြောရမယ်ဆိုရင်တော့ ဝိတ်ကျအောင်လုပ်ရမှာပါ။ ဝိတ်ကျတာနဲ့ အသည်းအဆီဖုံးရောဂါလည်း အလိုလို ပျောက်သွားမှာဆိုတော့ ဝိတ်ကျအောင်လုပ်ဖို့ သိပ်အရေးကြီးတယ်ဆိုတာ ထပ် ပြောပါရစေ . . .**

# နိုင်ငံခြားသားလေ့လာရေးအဖွဲ့ စက်ဘီးကိုယ်စီဖြင့် ကလောမြို့သို့သွားရောက်လည်ပတ်

**သာစည် အောက်တိုဘာ ၁**

မြန်မာနိုင်ငံ၏ လူနေမှုဘဝနှင့် သဘာဝတောတောင် ရေမြေတို့၏ လှပမှုတို့ကို လေ့လာခံစားရန် အတွက် အင်္ဂလန်နိုင်ငံသား ၁၇ ဦးပါဝင်သော နိုင်ငံခြားသား လေ့လာရေးအဖွဲ့ တစ်ဖွဲ့သည် သာစည်မြို့သို့ စက်ဘီး ကိုယ်စီဖြင့် စက်တင်ဘာ ၃၀ ရက်က ရောက်ရှိလာပြီး ကလောမြို့သို့ ဆက်လက်ထွက်ခွာခဲ့ကြောင်း သိရသည်။



အင်္ဂလန်နိုင်ငံသားအမျိုးသမီးငါး ဦးနှင့် အမျိုးသား ၁၂ ဦးပါဝင်သော အဖွဲ့သည် တောင်တက်စက်ဘီးများ စီး၍ သာစည်မြို့သို့ ရောက်ရှိလာခဲ့ပြီး ခေတ္တနားခိုကာ သာစည်မြို့မှ ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့သို့ ဆက်လက် ထွက်ခွာခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ လေ့လာရေးအဖွဲ့သည် ၎င်းတို့၏လေ့လာရေးခရီးကို မုံရွာမြို့မှစတင်ခဲ့ပြီး မန္တလေး၊ ပုဂံ၊ ညောင်ဦးနှင့် မိတ္ထီလာမြို့များကို ဝင်ရောက်ဖြတ်သန်းလေ့လာခဲ့ပြီးဖြစ်ကြောင်း၊ ရှမ်းပြည်(တောင်ပိုင်း) ကလောမြို့သို့ သွားရောက်ရန် သာစည်သို့ ရောက်ရှိလာခြင်းဖြစ်ပြီး ကလောမြို့မှတစ်ဆင့် ကယားပြည်နယ် လွိုင်ကော်မြို့အထိ ဆက်လက်သွားရောက်ပြီး လေ့လာမှုခရီးစဉ်ကို လွိုင်ကော်၌ အဆုံးသတ်မည်ဖြစ်ကြောင်း သိရသည်။

**မောင်ကို(သာစည်)**

## သတင်းတိုများ

### လျှပ်စစ်အန္တရာယ်ပညာပေးဇာတ်လမ်းတိုပ်ခွေများ ဖြန့်ဝေ

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်ခရိုင် သဲကုန်းမြို့နယ် ပုတီးကုန်းမြို့၌ လျှပ်စစ်အန္တရာယ်ကင်းဝေးရေး ပညာပေးဟောပြောပွဲကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂၉ ရက်က ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် ပုတီးကုန်းမြို့ လျှပ်စစ်မှူး ဦးမောင်မောင်ဦးနှင့်ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်နှင့် မတော်တဆမှုများ မဖြစ်ပွားစေရေး ပညာပေးဟောပြောပြီး လျှပ်စစ်အန္တရာယ်ပညာပေး ဇာတ်လမ်းတိုပ်ခွေများကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ ဟောပြောပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်အောင်နှင့် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ တက်ရောက်ခဲ့ကြသည်။

**မောင်ရွှေဝင်း(ပြည်)**

### မင်းဘူးခရိုင်ပြည်သူ့ဆေးရုံကြီး၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ သွေးလှူဒါန်း

အောက်တိုဘာ ၁ ရက်တွင်ကျရောက်သည့် (၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မင်းဘူးခရိုင် ပြည်သူ့ဆေးရုံကြီး၌ မင်းဘူးခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၁၉ ဦး စက်တင်ဘာ ၂၈ ရက်က စုပေါင်းသွေးလှူဒါန်းခဲ့ကြပြီး သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များအား မင်းဘူးခရိုင် ရဲတပ်ဖွဲ့မှူးက အချိုရည်၊ ကြက်ဥနှင့် ဓာတ်ဆားထုပ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းဌွေး(မင်းဘူး)**

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ ပေးအပ်

**မြစ်ကြီးနား အောက်တိုဘာ ၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ သီတာရပ်ကွက်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုလုပ်ငန်းရန်ပုံငွေ ကျပ် ၁၀ သန်း ပေးအပ်ပွဲကို စက်တင်ဘာ ၂၉ ရက်က ကျင်းပခဲ့သည်။

ရန်ပုံငွေများပေးအပ်ပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန်က အမှာစကားပြောကြားပြီး ကချင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကမန်းဒူနော်က ဖွံ့ဖြိုးရေးရန်ပုံငွေများ ပေးအပ်ရခြင်းအကြောင်းအရင်းနှင့် ရှေ့ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့က ဖွံ့ဖြိုးရေးရန်ပုံငွေများကို သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာများမှ အထောက်အကူပြုအဖွဲ့များထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ ရန်ပုံငွေများဖြင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဖြစ်သော သောက်သုံးရေရရှိရေး၊ လမ်း၊ တံတားပြုပြင်တည်ဆောက်ခြင်း၊ မြို့နယ်အတွင်း ပြည်သူလူထု၏ အမှန်တကယ်လိုအပ်ချက်ဖြစ်သော စာကြည့်တိုက်များ၌ လိုအပ်သော ပစ္စည်းနှင့်စာအုပ်များဝယ်ယူခြင်း၊ ရေကာတာနှင့် ရုပ်ပြေးယာဉ်ကူးတို့ ဆိပ်လှေကားဆောက်လုပ်ခြင်း၊ ကျေးရွာခန်းမဆောင် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။

ရန်ပုံငွေပေးအပ်ပွဲသို့ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ ဦးပေါ်ဦးနှင့် ပြည်နယ်၊ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။

**မင်းမင်း(မြစ်ကြီးနား)**

# သီးနှံလျော်ကြေးငွေများ ပေးအပ်

**ဝါးခယ်မ အောက်တိုဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကျုံမငေးမြို့ တုံးလဲချောင်းကျေးရွာအနီး၌ စွမ်းအင်ဝန်ကြီးဌာန(OGE) ရေနံရှာဖွေရေးနှင့် ဖွံ့ဖြိုးရေးဘူမိရူပဗေဒဌာန၏ ဆိုက်စမစ်ရေနံရှာဖွေရေးအဖွဲ့က တိုင်းတာရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာတွင် ပျက်စီးခဲ့သော သီးနှံစိုက်ဧကများအတွက် လျော်ကြေးငွေပေးအပ်ပွဲကို ဝါးခယ်မမြို့နယ် မနောသုခအစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂၉ ရက်က ကျင်းပခဲ့သည်။

တုံးလဲချောင်းကျေးရွာအနီး PSC.P ဧရိယာ၌ ဆိုက်စမစ်ရေနံရှာဖွေရေးအဖွဲ့က ယာယီအခြေစိုက်စခန်းကို ဇန်နဝါရီလမှ မေလအထိဖွင့်လှစ်၍ ဆိုက်စမစ်တိုင်းတာရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခဲ့ရာတွင် ဒေသခံတောင်သူများ၏ သီးနှံစိုက်ခင်းများ မလွဲမရှောင်သာ ပျက်စီးခဲ့ခြင်းအတွက် လျော်ကြေးငွေများ ပေးအပ်ခဲ့ခြင်းဖြစ်သည်။ လျော်ကြေးငွေများ ပေးအပ်ရာတွင် ကျေးရွာအုပ်စု ၂၇ အုပ်စုမှ တောင်သူ ၄၆၆ ဦး၏ သီးနှံစိုက်ခင်းဧက ၂၆ ဧကခန့်အတွက် လျော်ကြေးငွေကျပ်သိန်း ၁၂၀ ကျော်ကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ဝါးခယ်မ(ပြန်/ဆက်)**

# မြို့နယ်သမဝါယမအသင်းစု နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**ပုလဲ အောက်တိုဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်သမဝါယမအသင်းစု၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို စက်တင်ဘာ ၂၆ ရက်က ကျင်းပခဲ့သည်။ အစည်းအဝေးတွင် ပုလဲမြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးစိန်ရွှန်းက အသင်း၏လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကိုက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ရွှေနှင့် မြို့နယ်သမဝါယမဦးစီးဌာနဦးစီးအရာရှိ ဦးဘကျော်တို့က သမဝါယမလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းကာ ဒါရိုက်တာအမှုဆောင်အဖွဲ့မှတင်သွင်းသည့် အစီရင်ခံစာ၊ အသင်းသားစာရင်းစစ်အဖွဲ့မှ တင်သွင်းသည့်အစီရင်ခံစာနှင့် အသင်း၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ရှင်းတမ်းများကို ဒါရိုက်တာ အဖွဲ့ဝင်များက ဖတ်ကြားရှင်းလင်းခဲ့သည်။

ထို့နောက် ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်အတွက် တရုတ်နိုင်ငံ EXI~ jank မှ ထုတ်ချေးပေးခဲ့သည့် ချေးငွေများကို အစောဆုံးတာဝန်ကျေပြန်လည်ပေးဆပ်သည့် သမဝါယမအသင်းများအား ဂုဏ်ပြုလက်ဆောင်များကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်သမဝါယမဦးစီးဌာန တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

**မင်းခန့်စိုး(ဧယျာမြေ)**

# သပိတ်ကျင်းမြို့နယ် ၆၆ ကေဗွီဓာတ်အားခွဲရုံ တည်ဆောက်မှု ပြီးစီးတော့မည်

**သပိတ်ကျင်း အောက်တိုဘာ ၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ် ဇရပ်ကွင်းကျေးရွာ၌ တည်ဆောက်လျက်ရှိသည့် ၆၆ ကေဗွီဓာတ်အားခွဲရုံ၏ တည်ဆောက်မှုလုပ်ငန်းများ မကြာမီပြီးစီးကာ ဓာတ်အားပို့လွှတ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

သပိတ်ကျင်းမြို့နယ်၌ ၃၃ ကေဗွီဓာတ်အားလိုင်းများ တည်ဆောက်ခြင်း၊ ၆၆၊ ၃၃၊ ၁၁ ကေဗွီ ၂၀ အမ်ဗွီအေ ဓာတ်အားခွဲရုံတည်ဆောက်ခြင်းများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ဒေသခံရှေ့လုပ်ငန်းရှင်များ ပူးပေါင်း၍တစ်ပြိုင်နက်ဆောင်ရွက်နေကြခြင်းဖြစ်ပြီး မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်း၊ လုပ်ငန်းများပြီးစီးပါက သပိတ်ကျင်းနှင့် စဉ့်ကူးမြို့နယ်များ ဓာတ်အားအပြည့်အဝ ရရှိအသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သပိတ်ကျင်းမြို့နယ် လျှပ်စစ်ဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

သပိတ်ကျင်းမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲသူများ ဗို့အားအပြည့်အဝ သုံးစွဲနိုင်ရေးအတွက် ၆၆/၃၃/၁၁ ဓာတ်အားခွဲရုံကို ယခုနှစ် ဧပြီလအတွင်းက စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ သပိတ်ကျင်းမြို့နယ်တွင် ယခင်က ဓာတ်အားသုံးစွဲရာ၌ လက်ပန်လှ-မိုးကုတ် ၃၃ကေဗွီဓာတ်အားလိုင်းမှ ခွဲဝေအသုံးပြုခဲ့ရသောကြောင့် လိုင်းမိုင်ရှည်လျားခြင်း၊ စဉ့်ကူး၊ သပိတ်ကျင်းနှင့် မိုးကုတ်သုံးမြို့နယ်စုပေါင်းအသုံးပြုရသဖြင့် ဓာတ်အားမပြည့်ဝခြင်းစသည့် အဆင်မပြေမှုများရှိခဲ့သဖြင့် ၆၆ ကေဗွီဓာတ်အားလိုင်းအဖြစ် အဆင့်မြှင့်တင်ပြီး ယခင် ၆၆ ကေဗွီဓာတ်အားလိုင်းကို မိုးကုတ်မြို့သို့ သီးခြားပို့လွှတ်ကာ ယခုဓာတ်အားခွဲရုံသစ်မှ စဉ့်ကူးနှင့် သပိတ်ကျင်းမြို့နယ်များသို့ ၃၃ ကေဗွီဓာတ်အားလိုင်းများဖြင့် သီးခြားပို့လွှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးနိုင်ဝင်း(သပိတ်ကျင်း)**





# အင်းတော်မြို့ ဗုဒ္ဓပူဇနိယ မီးထွန်းပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**အင်းတော် အောက်တိုဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့ မြို့မပရိယတ္တိစာသင်တိုက် ဆုတောင်းပြည့်လောက မာရဇိန် စေတီတော်ကြီးတွင် ၁၃၇၇ ခုနှစ် သီတင်းကျွတ် မီးထွန်းပွဲတော်ကို အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မီးထွန်းပွဲတော် တတိယအကြိမ်မြောက် Performance ပါဝင်သော အဆိုပြိုင်ပွဲကို ကျင်းပမည်ဖြစ်ပြီး ပါဝင်သီဆိုလိုသူများသည် ဦးအောင်မြင့်နိုင် (အောင်ဆိုင်ကယ်ဝပ်ရှော့) ရဲစခန်းတိုက်တန်း၌ သီတင်းကျွတ်လဆန်း ၁၂ ရက် နောက်ဆုံးထား စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

"အဆိုပြိုင်ပွဲမှာ လူဦးရေ ကန့်သတ်ထားပါတယ်။ ပြိုင်ပွဲကို သီတင်းကျွတ်လဆန်း ၁၄ ရက်၊ ၁၅ ရက်နဲ့ သီတင်းကျွတ်လပြည့်ကျော် ၁ရက်နေ့ညတွေမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ၁၄ရက်နေ့နဲ့၁၅ရက်နေ့တွေမှာပဏာမ ရွေးချယ်ခံထားရသူများကို သီတင်းကျွတ်လပြည့်ကျော် ၁ရက်နေ့ညမှာ ဗိုလ်လုပွဲယှဉ်ပြိုင်စေပြီး ပထမဆု၊ ဒုတိယ ဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆု ခုနစ်ဆုချီးမြှင့်မှာဖြစ်ပါတယ်။ ပါဝင်သီဆိုလိုသူများကို ပြိုင်ပွဲစည်းကမ်းချက်များနှင့်အညီ သီဆိုခွင့်ပြုမှာ ဖြစ်ပါတယ်"ဟု ဦးအောင်မြင့်နိုင်က ပြောသည်။ **ကိုမင်း(အင်းတော်)**

# တနသ်ာရီမြို့နယ်၌ ကျေးရွာမြေငှားဂရန်များ ကွင်းဆင်းထုတ်ပေး

**တနသ်ာရီ အောက်တိုဘာ ၁**

တနသ်ာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနသ်ာရီမြို့နယ် ဘန်းလမွတ်ကျေးရွာအုပ်စု ဘန်းလမွတ်ကျေးရွာ၌ ဒေသခံပြည်သူများ အနေဖြင့် အစိုးရအသိအမှတ်ပြု မြေပိုင်ဆိုင်မှုအခွင့်အလမ်း အထောက်အထား ခိုင်ခိုင်မာမာ ရရှိစေရေးအတွက် မြေငှားဂရန်များကို ခရိုင်မြေငှားဂရန်ထုတ်ပေးရေးကော်မတီက စက်တင်ဘာ ၂၉ရက်က ကွင်းဆင်းထုတ်ပေးခဲ့ကြောင်း သိရသည်။

ကျေးရွာဘုန်းကြီးကျောင်း၌ ကျင်းပသည့် မြေငှားဂရန်များ ပေးအပ်ပွဲတွင် ခရိုင်မြေငှားဂရန်ထုတ်ပေးရေးကော်မတီဥက္ကဋ္ဌ မြိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်းက နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ စံပြကျေးရွာအဖြစ် ၁၀ နှစ်မြေငှားဂရန်များကို အခမဲ့ထုတ်ပေးခြင်းဖြစ်ကြောင်းနှင့် ဂရန်များထုတ်ပေးသည့် ရည်ရွယ်ချက်နှင့် ဂရန်ရရှိခြင်း၏အကျိုးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်မြေငှားဂရန်ထုတ်ပေးရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူက ဘန်းလမွတ်ကျေးရွာမှ ကနဦးမြေငှားဂရန် လျှောက်ထားသူ ၁၅၆ ဦးရှိသည့်အနက် မြေတစ်ကွက်တည်းတွင် အမည်ထပ်နေသူ ၁၂ ဦးနှင့် လမ်းနယ်နိမိတ်ကို ကျူးကျော်နေသည့် ၁၉ ဦးတို့အား ပယ်လိုက်ရသဖြင့် ၁၂၅ ဦးအတွက်သာ ထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ ၁၂၅ ဦးမှ ပထမအကြိမ်အဖြစ် ၈၂ ဦးအတွက် ထုတ်ပေးသွားမည်ဖြစ်ကြောင်းနှင့် ကျန်ရှိသည့် ၄၃ ဦးအတွက် လယ်ယာမြေအသုံးပြုခွင့်လျှောက်ထားဆဲဖြစ်ကြောင်း၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုကော်မတီမှ ခွင့်ပြုချက်ရရှိသည့်အခါ ဒုတိယအကြိမ် ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း စသည်ဖြင့်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဘန်းလမွတ်ကျေးရွာမှ မြေငှားဂရန်ရရှိသော ဒေသခံပြည်သူ ၈၂ ဦးတို့ထံ မြေငှားဂရန်များကို တစ်ဦးချင်းစီ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# သဘာဝဘေးကြောင့် ပျက်စီးသွားသော အဆောက်အအုံများ ပြုပြင်ပြီးစီးမှုနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်း

**နေပြည်တော် အောက်တိုဘာ ၁**

ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံဦးစီးဌာနနှင့် မြို့ပြအိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ၂၀၁၅ ဇူလိုင်လနှင့်ဩဂုတ်လအတွင်း မိုးဒဏ်နှင့် လေဒဏ်ကြောင့် ပျက်စီးသွားသော ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် အဆောက်အအုံများ ပြုပြင်ဆောင်ရွက်ထားရှိမှုနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို စက်တင်ဘာ ၂၉ ရက် နံနက် ၉နာရီက ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဝန်ကြီးဌာန၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ရှင်းလင်းပြောကြားရာတွင် မြန်မာနိုင်ငံ၌ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း မိုးဒဏ်လေဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသွားသည့် တံတား ၉၈ စင်းနှင့် လမ်း ၂၈ လမ်း ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ရာတွင် တံတား ၉၆ စင်းကို ဘေလီတံတားအဆင့်ယာယီပြီးစီးပြီဖြစ်ကြောင်း ချင်းပြည်နယ် ချင်းချောင်းတံတားကို အောက်တိုဘာ ၅ ရက်တွင် အပြီးသတ်တည်ဆောက်ပြီးစီးမှာဖြစ်ကြောင်း ၁၂ လအတွင်းမှာ အမာခံတံတားများအဖြစ် တည်ဆောက်ပြီးစီးမည်ဖြစ်ကြောင်း ပျက်စီးသွားသောလမ်း ၂၈လမ်းကို မြေသားလမ်းအဖြစ် အားလုံးပြုပြင်ပြီးစီးနေပြီဖြစ်ကြောင်း တံတားလမ်းအတွက် ၂၀ ဒသမ ၁၆၁ ဘီလီယံ သန်း ၈၀၀ ကျော်သုံးစွဲပြီးဖြစ်ကြောင်းနှင့် ချင်းပြည်နယ် တစ်ခုတည်းအတွက် ၇ ဒသမ ၈၂၉ (၇. ၈၂၈) ဘီလီယံသုံးစွဲခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ဒုတိယဝန်ကြီး ဦးစိုးတင့်နှင့်တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# လမ်းဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် တင်ဒါဖွင့်ပွဲ ဟားခါး၌ကျင်းပ



**ဟားခါး အောက်တိုဘာ ၁**

ချင်းပြည်နယ် လမ်းဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လမ်း/တံတား လုပ်ငန်းများအတွက် တင်ဒါဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၈ ရက်နေ့လည်ပိုင်းက ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးငွန်ဆန်းအောင်က အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက လမ်း/တံတားလုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြသည်။

အဆိုပါ တင်ဒါဖွင့်ပွဲသို့ ပြည်နယ် စိစစ်ရွေးချယ်ရေးကော်မတီဝင်များနှင့် ကုမ္ပဏီ ၆၁ ခုမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည် **(ပြည်နယ် ပြန်/ဆက်)**

# သဘာဝဘေးကာကွယ်ရေး စုပေါင်းသရုပ်ပြလေ့ကျင့်

**သထုံ အောက်တိုဘာ ၁**

မွန်ပြည်နယ် သထုံမြို့နယ် ဈေးမသွယ်(အထက်) ကျေးရွာ၌ သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ထိခိုက်မှုလျော့နည်းနိုင်စေရန်၊ သဘာဝဘေး မဖြစ်ပွားမီ၊ ဖြစ်ပွားနေစဉ်နှင့် ဖြစ်ပွားပြီးနောက်ပိုင်းတွင် လုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ သထုံမြို့နယ် သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးကော်မတီမှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ သရုပ်ပြလေ့ကျင့်မှုများကို စက်တင်ဘာ ၂၉ ရက်က ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

"အခုလို လက်တွေ့သရုပ်တူအောင်လေ့ကျင့်လိုက်တော့ရေဘေးဖြစ်ရင် ဘာကိုအရင်ဆုံးလုပ်ရမယ်ဆိုတာ ရှင်းရှင်းလင်းလင်း သဘောပေါက်သွားတယ်။ ဒါ့အပြင် သက်ကြီးရွယ်အိုတွေ နာမကျန်းဖြစ်သူတွေ မသန်စွမ်းသူတွေစတဲ့ ထိခိုက်လွယ်တဲ့အုပ်စုတွေကိုလည်း ထည့်သွင်းစဉ်းစားပြီး ဘယ်လိုကူညီကယ်ဆယ်မလဲဆိုတာ နားလည်သွားတယ်။ ကျွန်မတို့ကျေးရွာဟာ ဒုံသမိချောင်းဘေးမှာရှိတာဖြစ်လို့ ရေဘေးအတွက် ခုလိုလာပြီးပညာပေးတာ အလွန်သဘောကျပါတယ်"ဟု အဆိုပါကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

သရုပ်ပြလေ့ကျင့်ရာတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာနများနှင့် ကျေးရွာနေပြည်သူ ၁၅၀ကျော် ပူးပေါင်း၍ ရေလွှမ်းမိုးခြင်းခံရပါက ပြုလုပ်ရမည့် အချက်များကို ကဏ္ဍအလိုက် သရုပ်ပြလေ့ကျင့်ခဲ့ကြပြီး ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှကေသီမာ၊ ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကြင်ထွန်းနှင့် တာဝန်ရှိသူများကလည်း သဘာဝဘေးနှင့်သက်ဆိုင်သည့် သိမှတ်ဖွယ်ရာများနှင့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာများကို ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

## သတင်းတို

### သီးနှံဖျက်ပိုးနှိမ်နင်းရေး ကွင်းဆင်းပညာပေး

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ်၌ စပါးသီးနှံဖျက် ဖြုတ်ပိုးနှင့် အခြားရောဂါပိုးမွှားများ ကြိုတင်ကာကွယ်နှိမ်နင်းရေး ပညာပေးဆွေးနွေးပွဲနှင့် လက်တွေ့နှိမ်နင်းမှု ပြသခြင်းများကို တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမြင့်လွင်ဦးဆောင်သည့်အဖွဲ့က စက်တင်ဘာ ၂၁ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲထွဋ်(ရွှေတောင်)**

# တွံတေးမြို့နယ် ပြည်သူ့စာကြည့်တိုက်၌ အင်တာနက်အခမဲ့သုံးစွဲနိုင်

**တွံတေး အောက်တိုဘာ ၁**

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ ADSLအင်တာနက်လိုင်း အမြန်နှုန်း 1M bps ကို တပ်ဆင်ထားပြီး ဝိုင်ဖိုင်စနစ်ဖြင့် အခမဲ့ပြန်လွှင့်ပေးထားသဖြင့် စာကြည့်တိုက်သို့လာရောက်သူများ အင်တာနက်အခမဲ့အသုံးပြုနိုင်ကြောင်း သိရသည်။

နည်းပညာခေတ်ဖြစ်သည်နှင့်အညီ ပြည်သူများအနေဖြင့် သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရေး၊ ဗဟုသုတရှာဖွေနိုင်ရေး၊ အပန်းဖြေနိုင်ရေးအတွက် အင်တာနက် အခမဲ့သုံးနိုင်ရန် ဝိုင်ဖိုင်ကို အခမဲ့ပြန်လွှင့်ပေးခြင်းဖြစ်ကာ မည်သူမဆို မိမိတို့၏ HandPhone,Laptop, Tablet များဖြင့် တွံတေးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်သို့လာရောက်၍ အခမဲ့သုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

# Congratulations

**Our heartiest welcome and warmest congratulations**

**on the successful opening of**

**Maybank** **Maybank**

**Yangon branch in Myanmar on 2nd October 2015.**

**Wishing you further success and achievements in providing excellent banking services**

**to benefit the economic development of Myanmar.**

**Chairman**
**and Board of Directors**
**KBZ BANK LTD.**

---

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်လွတ်လပ်ငြိမ်းချမ်း၏ သင်္ဘောသားလက်မှတ် PPMA-173343 သည် ၂၁-၉-၂၀၁၅ ရက်တွင် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၄၁၇၀၉၀**

---

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂/စီ၊ မြေကွက်အမှတ် ၁/၅၅ ဧရိယာ (၀.၀၄၃)ဧက မြေကွက်တည်နေရာ အမှတ်(၂၆၂) မဂ္ဂလာလမ်း ဥဿာရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်။ ကာယဥဿာအရန်ပေးရေးစီမံချက်အတွင်းရှိ မြေကွက်အား ငယ်စာရင်းအမည်ပေါက် ဦးဝင်းဇော် (၁၂/မဂဒ(နိုင်)၀၀၃၆၅၂) ကိုယ်တိုင်မှ မိမိပိုင်မြေမြေ ဖြစ်သည်မှာ မှန်ကန်ကြောင်း ကိုယ်တိုင်ဝန်ခံကတိပြုချက်၊ ကာယ/ဥဿာရပ်ကွက် မြေငှားရန်ချထားပေးရေး အထောက်အကူပြုအဖွဲ့မှ ထောက်ခံချက်၊ မြေငှားရန်ချထားပေးရေးအထောက်အကူပြုအဖွဲ့၊ ဥဿာရပ်ကွက်၏ စာရင်းကောက်ပြီးသော မြေကွက်များအား မြေငှားရန်လျှောက်ထားနိုင်ရန် အကြောင်းကြားစာတို့ကို တင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

---

**တစ်ဦးတည်းဖြစ်ပါကြောင်း**

တောင်ဥက္ကလာပမြို့နယ်နေ ဦးစိန်ဝင်း (၁၂/မရက(နိုင်)၀၁၁၃၃၆) ၏သား ကိုဝင်းမြတ်ထူး၏ အမည်မှန်မှာ ကိုဝင်းမြတ်ထူး(ခ)ကိုဝေယံဝင်း တစ်ဦးတည်းဖြစ်ပါကြောင်း။

**ကိုဝင်းမြတ်ထူး(ခ)ကိုဝေယံဝင်း**

---

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၈၄/၆၆၉၆ AYAR Truck (AYT-01) ယာဉ်လက်ဝယ်ရှိသူ ဦးစောမင်းဦး ၇/ထတပ(နိုင်)၀၀၀၈၄၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဟင်္သာတ)**

---

**GOLD ASIA အကျိုးဆောင် (ရွှေပြည်သာသီးသန့်)**

**ရွှေပြည်သာမြို့နယ် အရောင်းမြေကွက်များ**

၁။ VIP မြေတိုင်း ၁၆၊ ပြည်ထောင်စုလမ်း၊ (ပေ ၆၀×၆၀)၊ ∠ ကွက် (သိန်း ၁၂၀၀)
၂။ VIP မြေတိုင်း ၁၅၊ နွယ်သာကီလမ်း၊ (ပေ ၄၀×၆၀)၊ ∠ ကွက် (သိန်း ၆၅၀)
၃။ VIP မြေတိုင်း ၃၆၊ (ပေ ၆၀×၆၀) (သိန်း ၅၇၀)
၄။ VIP မြေတိုင်း ၃၆၊ (ပေ ၆၀×၆၀) (သိန်း ၄၅၀)
၅။ VIP မြေတိုင်း၊ င/၁၂ (ပေ ၆၀×၆၀) နှစ်ကွက်တွဲ၊ (သိန်း ၁၀၀၀)
၆။ VIP မြေတိုင်း၊ င/၁၁၊ (ပေ ၆၀×၆၀) ကွန်ကရစ်လမ်းကျယ် (သိန်း ၄၅၀)
၇။ 2nd VIP မြေတိုင်း၊ စ/၉၊ (ပေ ၄၀×၆၀)၊ နှစ်ကွက်တွဲ (သိန်း ၅၂၀)
၈။ 2nd VIP မြေတိုင်း၊ စ/၉၊ (ပေ ၄၀×၆၀)၊ ∠ ကွက် (သိန်း ၄၃၀)
၉။ မြေတိုင်း၊ တ/၄၁၊ (ပေ ၂၀×၆၀)၊ ကွန်ကရစ်လမ်းကျယ် (သိန်း ၈၀)
၁၀။ လှိုင်သာယာ၊ ဝန်ထမ်းကြီးရပ်ကွက်၊ (ပေ ၆၀×၈၀)၊ ကွန်ကရစ်လမ်းကျယ် (သိန်း ၅၂၀)

ဖုန်း - ၀၉ ၄၃ ၁၇၁၇ ၃၄၊ ၀၉ ၄၄၈ ၀၁၁ ၀၇၇၊
အမှတ် (၃၇၃)၊ အမှတ် (၄) လမ်းမကြီး၊ ဗီးတုန်းပန်းခြံစုရပ်ကွက်၊
ကျောင်းလမ်းမှတ်တိုင်အနီး၊ ရွှေပြည်သာမြို့နယ်။
(ရောင်းချလိုသော မြေကွက်ပိုင်ရှင်များ ဆက်သွယ်နိုင်ပါသည်။)

---

## Asia General Electric Co.,Ltd.
## (Show Room)

**အမှတ် (၅၀၁-၅၀၃)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၂၃၀၄၂၇၃၊ ၀၁-၂၃၀၄၂၇၅၊**
**၀၉-၂၆၁၀၀၉၅၉၅၊ ၀၉-၂၆၁၀၀၉၅၈၈**

**1. Manager (M.E, B.E (EP))** **ကျား၊ မ (၂) ဦး**
- Transformer, Panel နှင့်ပတ်သက်၍ Knowledge ရှိသူဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ (၅)နှစ်ရှိရမည်။
- နယ်ခရီးသွားနိုင်သူဖြစ်ရမည်။
- Team Work ဆောင်ရွက်နိုင်သူဖြစ်ရမည်။
- အရည်အချင်းနှင့်ထိုက်တန်သော လစာရှိမည်ဖြစ်ပါသည်။

**2. Engineer (B.E, A.G.T.I (EP))** **ကျား၊ မ (၅) ဦး**
- ကွန်ပျူတာကျွမ်းကျင်၍ Auto CAD အသုံးပြုနိုင်သူဖြစ်ရမည်။
- Transformer, Panel နှင့်ပတ်သက်၍ Knowledge ရှိသူဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ (၃)နှစ်ရှိရမည်။
- နယ်ခရီးသွားနိုင်သူဖြစ်ရမည်။
- အရည်အချင်းနှင့်ထိုက်တန်သော လစာရရှိမည်ဖြစ်ပါသည်။

လျှောက်ထားလိုသူများသည် CV Form ၁၈ နှစ်ပြည့် မှတ်ပုံတင်(မိတ္တူ) အိမ်ထောင်စု လူဦးရေစာရင်း(မိတ္တူ)၊ ရပ်ကွက်ထောက်ခံစာ (မိတ္တူ)၊ ရဲစခန်းထောက်ခံစာ (မိတ္တူ)၊ အလုပ်သမားမှတ်ပုံတင်(မိတ္တူ)၊ ပညာရေးအထောက်အထား (မိတ္တူ)၊ (၁)လအတွင်း ရိုက်ထားသော ဓာတ်ပုံ (၂)ပုံတို့နှင့်အတူ လျှောက်ထားလိုသော ရာထူးအား အထက်ပါလိပ်စာသို့ ၂၀-၁၀-၂၀၁၅ ရက်နောက်ဆုံးထား၍ ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။ AGE Showroom တွင် တာဝန်ထမ်းဆောင်ရန်ဖြစ်ပါသည်။

**(ရွေးချယ်ခြင်းမခံရသော လျှောက်လွှာများအား ပြန်လည်ထုတ်ပေးမည် မဟုတ်ပါ)**

---

## ပြင်ဦးလွင်မြို့ (မေမြို့) အ.ထ.က (၁) နှစ်တစ်ရာပြည့် အခမ်းအနား

ဖိတ်ကြားလွှာ

မေမြို့ အထက(၁) နှစ်တစ်ရာပြည့် အထိမ်းအမှတ် အခမ်းအနား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့်
ကျောင်းသားဟောင်းများအားလုံး အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။



နှစ်တစ်ရာပြည့် အခမ်းအနား
၂၀၁၅ ခုနှစ်၊ အောက်တိုဘာ (၁၁) ရက်နေ့၊
နံနက် (၈) နာရီမှ ညနေ(၄) နာရီထိ၊
ရောဝတီ ခန်းမ၊ အ.ထ.က(၁)၊ ပြင်ဦးလွင်မြို့။

မိတ်ဆုံညစာစားပွဲ
၂၀၁၅ ခုနှစ်၊ အောက်တိုဘာ (၁၁) ရက်နေ့၊
ညနေ (၆) နာရီမှ ည(၈) နာရီထိ၊
ရောဝတီ ခန်းမ၊ အ.ထ.က(၁)၊ ပြင်ဦးလွင်မြို့။

မိတ်ဆုံညစာစားပွဲ ဖျော်ဖြေရေး အစီအစဉ်။ Mystery Band နှင့်ဆုန်သင်းပါရ်၊ မိုးမိုး၊ မင်းမင်းဟိန်း၊ ထက်ထက်မြင့်အောင်၊ဂျူဂယ်လ်
မိတ်ဆုံ ညစာစားပွဲ လက်မှတ်များကို အောက်တိုဘာလ (၂) ရက် နေ့ နေ့လည် (၁၂) နာရီ တွင် စတင်ရောင်းချပါမည်။
မေမြို့ အထက (၁) ရာပြည့် အထိမ်းအမှတ် အခမ်းအနား ဖြစ်မြောက်ရေး ကော်မတီရုံး၊ ပြင်ဦးလွင် အမှတ် (၁) အခြေခံ ပညာ အထက်တန်းကျောင်းဝင်း အတွင်း ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

## မိုးကုတ်ဝိပဿနာတရားစခန်းပွဲ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်း၊ ဗန္ဓုလပင်မှတ်တိုင်၊ လိပ်ပြာကန်တိုက်၊ မြတ်တံခွန်စာသင်တိုက်တွင် (၁၃၇၇ခုနှစ် တော်သလင်းလပြည့်ကျော် ၇ရက်မှ ၁၃ရက်) ၅-၁၀-၂၀၁၅ရက်မှ ၁၁-၁၀-၂၀၁၅ရက်အထိ တရားစခန်းဖွင့်လှစ်ပါမည်။ တရားစခန်းဝင်လိုသောယောဂီများ စာရင်းပေးသွင်းနိုင်ကြပါသည်။

ဖုန်း-၀၉-၅၁၁၉၉၇၀၊ ၀၉-၇၃၁၄၇၁၄၃

## မြတ်တံခွန်စာသင်တိုက်
## သိမ်၊ ကျောင်း၊ ဓမ္မာရုံအလှူတော်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်း၊ ဗန္ဓုလပင်မှတ်တိုင်၊ လိပ်ပြာကန်တိုက်၊ မြတ်တံခွန်စာသင်တိုက်တွင် စာပေပရိယတ္တိသင်ကြားသောသံဃာတော်များ သီတင်းသုံးနေထိုင်ရန် ယောဂီများ တရားအားထုတ်နိုင်ရန် ပေ(၈၀×၅၀)ရှိ သိမ်၊ ကျောင်း၊ ဓမ္မာရုံတော်ကြီးဆောက်လုပ်နေပါသည်။ အလှူရှင်များ ကမ္ပည်းတင်၍ လှူဒါန်းနိုင်ပါသည်။

(၁) ဘုရားခန်း (၇၀) သိန်း
(၂) အာစီကြမ်းခင်း (၁)လွှာ (၃၇၀) သိန်း
(၃) စတီးဝရန်တာပတ်လည် (၂၃) သိန်း
(၄) ခန်းမတံခါး (၁၀) သိန်း
(၅) ရေကန် (၁)ကန် (၉) သိန်း
(၆) ၁၀ ပေ (၁)ခန်း (၉) သိန်း
(၇) လှေခါး (၁)စင်း (၅) သိန်း
(၈) တိုင်(၁)လုံး (၃) သိန်း
(၉) ရေချိုးခန်း (၃) သိန်း
(၁၀) ကုဋီ (၁)ခန်း (၃) သိန်း
(၁၁) ပြတင်းတံခါး (၁) သိန်း
(၁၂) ၁ ပေပတ်လည် (၃) သောင်း (၅) ထောင်

**ကျောင်းဖြစ်မြောက်ရေးအဖွဲ့၊ မြတ်တံခွန်စာသင်တိုက်**
**ဖုန်း-၀၉-၅၁၁၉၉၇၀၊ ၀၉-၇၃၁၄၇၁၄၃**

## ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ပြည်သာယာလမ်း၊
အေးချမ်းပြည့်စုံခြံ၊ အမှတ်(၃၉/၃)နေ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ခေတ္တညွှန်ကြားရေးမှူးချုပ်
ဦးသတိုးအောင်-ဒေါ်သီတာညိုတို့၏ တစ်ဦးတည်းသောသား၊
ဗိုလ်ကြီးဟန်မင်းအောင်-မယုလဲ့ညိုလွင်@မယုသီရိဗို၏ အစ်ကို

**ဗိုလ်ကြီးကျော်ညိုလွင်**
**M.B.,B.S (D.S.M.A); M.Med.Sc (Anaesthesiology)**
**နှင့်**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအရှေ့ရပ်ကွက်၊
၄၂ လမ်း၊ ၇၈-၇၉ လမ်းကြား၊ အိမ်အမှတ်(၁၈)နေ (ဦးဝင်းတင့်)-ဒေါ်တင်နွဲ့ (နေမင်းသယ်ယူပို့ဆောင်ရေး)တို့၏
တစ်ဦးတည်းသောသမီး၊
ဒေါက်တာဝေဖြိုးကျော်-မတင်နွယ်အောင်၊ မောင်အောင်ချမ်းဖြိုးတို့၏အစ်မ

**မခိုင်မေကျော်**
**B.E (Electronic and Communication)**
**Service Engineer (YeShin Company)**

တို့သည် ၂၅-၉-၂၀၁၅ ရက်တွင် Rupar Mandalar Hotel ၌ နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်၌ ခေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးကျော်ညိုလွင်-မခိုင်မေကျော်**

## တစ်ချက်တည်းကျင်းဝင်

၂၆-၉-၂၀၁၅ရက် နေပြည်တော်မြို့တော်ဂေါက်ကွင်း ကျင်းအမှတ်(၃)တွင် ဦးအောင်ကျော်(မြတ်ပန်းတော်ဝင်ကုမ္ပဏီ) သည် ၁၆၆ ကိုက်အကွာမှ Srixon-Soft Feel နံပါတ်(4)ဂေါက်သီးကို Homa SQ3 Wood-7 ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားပါသည်။

**ကစားဖော်များမှာ-**

ဦးအောင်ခင် (Pretro Seven Co.,Ltd.)
ဦးလှညွန့် (ရွှေထိုက်တန်ကုမ္ပဏီလီမိတက်)
ဦးလှထွန်း (ထွန်းမိသားစုကုမ္ပဏီ)
ဦးသော်သော် (သမာဓိကားပစ္စည်းရောင်းဝယ်ရေး)

## တစ်ချက်တည်းကျင်းဝင်

ဗိုလ်မှူးမင်းရဲထွန်း(တပ်မတော်-ရေ)သည် ၂၇-၉-၂၀၁၅ရက် မွန်းလွဲပိုင်းတွင် တပ်မတော်ဂေါက်ကွင်း(မင်္ဂလာဒုံ)၌ ကစားဖော်များဖြစ်ကြသော ဗိုလ်မှူးလင်းသန့်မောင်(တပ်မတော်-လေ)၊ ဦးသန်းဇော်လင်း၊ ဦးတေဇမောင်တို့ ဂေါက်သီးရိုက်ကစားကြရာ ဘောလုံးအမျိုးအစား NIKE (3) အား သံတုတ် PING NO(9) ဖြင့် (၁၅၈)ကိုက်ကွာဝေးသော ကျင်းနံပါတ် (၇)သို့ ရိုက်လိုက်ရာ တစ်ချက်တည်းကျင်းဝင်သွားခဲ့သည်။

## အများသိစေရန်ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်၊ အဏ္ဏဝါရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၁၂၀)နေ ကွယ်လွန်သူ ဦးယင်းဝါ၏ဇနီးဖြစ်သူ ဒေါ်မလတ် ၆/ကသန(နိုင်)၀၃၂၀၄၈ (ဘ) ဦးထွန်းတင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်၊ အေးရိပ်ငြိမ်ရပ်ကွက်၊ မြရည်ပုလဲလမ်း၊ အခြေခံပညာအထက်တန်းကျောင်းနံဘေးရှိ ဦးယင်းဝါ၏မိခင် ဒေါ်မိဟွာ အမည်ပေါက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ အသုံးပြုထားသည့် အကွက်အမှတ်-၇၊ မြေကွက်အမှတ်-၉၀/၂၅၈၊ မြေချိန်ဧရိယာ ၅ဒသမ ၄၁ဧက၊ အိမ်ရာမြေကွက်နှင့်ပတ်သက်ပြီး အမှန်တကယ်ပိုင်ဆိုင်ခွင့်ရှိသူမှာ ကွယ်လွန်သူ ဦးယင်းဝါ၏ဇနီး ဒေါ်မလတ်တစ်ဦးတည်းကသာ အကျိုးခံစားခွင့်ရှိကြောင်း အကယ်၍ ဖော်ပြပါမြေကွက်နှင့်စပ်လျဉ်း၍ ပိုင်ဆိုင်ခွင့်ရှိသည်ဟု ယူဆပါက တရားဝင် စာရွက်စာတမ်း အထောက်အထားအပြည့်အစုံ အခိုင်အလုံဖြင့် ဒေါ်မလတ်ထံသို့ဖြစ်စေ၊ ၎င်း၏ရှေ့နေဖြစ်သူ ကျွန်ုပ်ထံသို့ဖြစ်စေ ယခုကြော်ငြာသည့်ရက်မှ တစ်လအတောအတွင်း လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မလတ်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးထွန်းဦး LL.B**
**အထက်တန်းရှေ့နေ (စဉ်-၃၁၉၇၉)**
**အမှတ်(၃၀)၊ ပုလဲလမ်း၊ မြစ်ငယ်ရပ်၊ မြိတ်မြို့၊ ဖုန်း-၀၉-၄၁၀၀၅၅၇၁**

## အများသိစေရန်ကြေညာခြင်း

ကျောက်ဆည်မြို့၊ ကြက်မင်းတွန်ရပ်နေ ကျွန်ုပ်၏အမှုသည် ဦးအောင်ကိုမိုး ၉/ညဥန(နိုင်)၁၁၃၇၅၃၏ ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် ဦးအောင်ကိုမိုးနှင့် ဇနီးဖြစ်သူ မသန်းသန်းဦး ၉/မရမ(နိုင်)၀၀၀၈၈၅ တို့သည် မြန်မာဗုဒ္ဓဘာသာဝလေ့ထုံးတမ်းနှင့်အညီ ၁၂-၃-၂၀၀၅ရက်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ရာမှ ၃၀-၁-၂၀၁၅ရက်တွင် ကျောက်ဆည်မြို့၊ ကြက်မင်းတွန်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။

ကျွန်ုပ်၏အမှုသည် ဦးအောင်ကိုမိုးမှာ မသန်းသန်းဦးနှင့် အကြင်လင်မယားအဖြစ်မှ အပြီးအပြတ်ကွာရှင်းပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

**ဒေါ်စန်းစန်းလှ**
**အထက်တန်းရှေ့နေ**
**(စဉ်-၁၀၅၅၀)**
**အိမ်အမှတ်(၂၁၈)၊ ကြက်မင်းတွန်ရပ်၊ ကျောက်ဆည်မြို့**

## MYO MOTOR SERVICE CO.,LTD.

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်ရှိ ကားအရောင်းစင်တာနှင့် ဝပ်ရှော့တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိပါသည်။

၁။ Marketing Staff ကျား/မ ၂ ဦး
- ဆက်ဆံရေးပြေပြစ်သူ၊ computer email words excel အသုံးပြုနိုင်သူ။

၂။ Accountant ကျား/မ ၁ ဦး
- LCCI Level II or III (Certificate တင်ပြရမည်။)

၃။ Service Front (Customers စာရင်းမှတ်တမ်းတင်သူ) ကျား/မ ၂ ဦး
- ဆက်ဆံရေးပြေပြစ်သူ၊ computer email words excel အသုံးပြုနိုင်သူ။

၄။ Mechanic ကျား ၂ ဦး
- လုပ်ငန်းကျွမ်းကျင်(သို့)ဘွဲ့ရ။

လျှောက်လွှာပေးပို့လိုပါက CV Form အား ဤကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အမှတ်(၁၉၂)၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၄၀၀၁၂၃၊ ၄၀၀၃၉၉၊ ၅၄၆၅၄၇

## ဝန်ထမ်းအမြန်အလိုရှိသည်

**Natural Clay Co.,Ltd**
**Email: humanresource@ naturalclaytile.com**
**ဖုန်း-၀၁-၆၀၀၁၆၇၊ ၀၉-၇၉၇၈၁၂၃၄၄**

၁။ Natural Clay Show Room Diamond Condo G.1 & 5 ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါ ဝန်ထမ်းတစ်ဦး အလိုရှိပါသည်။ (စိုက်ပျိုးရေးမှတ်တိုင်တွင် ဆင်းရန်)

(က) Junior Accountant မ ၁ ဦး
- စီးပွားရေးတက္ကသိုလ်မှ ဘွဲ့ရရှိသူဖြစ်ပြီး LCCI Level III (သို့မဟုတ်) DA (သို့မဟုတ်) အလားတူအောင်လက်မှတ်ရရှိထားသူဖြစ်ရမည်။
- စာရင်းကိုင်လုပ်ငန်းအတွေ့အကြုံ (၂)နှစ်ခန့်ရှိရမည်။
- ကွန်ပျူတာကျွမ်းကျင်သူဖြစ်ပြီး အသက်(၂၂)နှစ်အထက် ရှိရမည်။

၂။ Japan Carton Box Manufacturing မင်္ဂလာဒုံမြို့နယ်တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းနှစ်ဦး အလိုရှိသည်-

(က) Chief Auditor ကျား/မ ၁ ဦး
- B.Com (သို့မဟုတ်) စီးပွားရေးတက္ကသိုလ်မှ ဘွဲ့ရရှိပြီး LCCI Level III (သို့မဟုတ်) DA အောင်လက်မှတ်ရရှိသူ ဖြစ်ရမည်။
- စာရင်းစစ်လုပ်ငန်းအတွေ့အကြုံ (၁၅)နှစ်ထက်မနည်းရှိသူဖြစ်ရမည်။
- ကွန်ပျူတာစာရင်းကျွမ်းကျင်ပြီး အသက်(၄၀)အထက် ရှိရမည်။
(**မှတ်ချက်။** စာရင်းစစ်ချုပ်ရုံး လုပ်သက်နှင့်အတွေ့အကြုံရှိသူကို ဦးစားပေးခန့်ထားမည်)

(ခ) Senior Auditor ကျား/မ ၁ ဦး
- စီးပွားရေးတက္ကသိုလ်မှ ဘွဲ့ရရှိသူဖြစ်ပြီး DA (သို့မဟုတ်) LCCI Level III လက်မှတ်ရရှိသူ ဖြစ်ရမည်။
- Computer စာရင်းကျွမ်းကျင်သူဖြစ်ရမည်။
- စာရင်းစစ်အတွေ့အကြုံ (၁၀)နှစ်ခန့် ရှိရမည်။
- အသက်(၃၀ မှ ၄၅)နှစ်အတွင်း ရှိရမည်။

၃။ လျှောက်ထားသူများသည် ကိုယ်ရေးအချက်အလက်၊ မှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်/ရဲစခန်းထောက်ခံစာမိတ္တူ၊ အလုပ်သမားကတ်မိတ္တူ၊ ပညာအရည်အချင်းအထောက်အထားမိတ္တူ၊ (၃)လအတွင်းရိုက်ထားသော ရောင်စုံလိုင်စင်ဓာတ်ပုံ (၃)ပုံတို့ဖြင့် အပိုဒ်(၁)ပါ လိပ်စာအတိုင်း အောက်တိုဘာလအတွင်း လျှောက်ထားနိုင်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈)၊ မြေကွက်အမှတ်(၂/ခ-၂)၊ မြေကွက်တည်နေရာအမှတ်(၆၃)၊ ပြည်လမ်း(၆)မိုင်ခွဲ၊ (၁၁)ရပ်ကွက် (ဒေါ်ကြည်ကြည်)အမည်ပေါက် ဘီ-မြေပိုင်မြေ (လ/န-၃၉-ရပြီး)မြေအား အမည်ပေါက် ဒေါ်ကြည်ကြည်(မိခင်)နှင့် ဦးကျော်ဝင်း(ဖခင်)တို့ကွယ်လွန်သဖြင့် ဦးထွန်းကျော်ဝင်း ၁၂/ဒဂန(နိုင်)၀၁၆၄၈၀၊ ဒေါ်အေးစန္ဒာကျော်ဝင်း ၁၂/ဒဂန(နိုင်)၀၁၆၄၈၁၊ ဦးအောင်ကျော်ဝင်း ၁၂/လမန(နိုင်)၀၀၁၅၀၆တို့မှ သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်း၊ အမည်ပေါက် စာချုပ်မူရင်းပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာနှင့် စာချုပ်မိတ္တူမှန်တို့ကို တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ချစ်ကိုကို MME-၆၅၃၇၉၁ ၏ Passport (No-မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၁၀၆၀၄၂၄**

## ရောင်းရန်ကြော်ငြာစာ

### (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
### ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
### ၂၀၁၄ ခုနှစ် တရားမဇာရီမှုအမှတ်-၁၅၄

၁။ ဒေါ်တင်တင်ဝင်း
၂။ ဒေါ်ခင်ခင်ဝင်း
၃။ ဦးအောင်ဝင်း(ကိုယ်တိုင်နှင့် ကျန်တရားနိုင်များ အခွင့်ရကိုယ်စားလှယ်)
၄။ ဦးရန်နိုင်
၅။ ဒေါ်သင်းသင်းအောင်
၆။ ဦးချိုချို
၇။ ဦးလှမိုးအောင်

**တရားနိုင်များ**

**နှင့်**

၁။ ဦးသိန်းဇော်
၂။ ဒေါ်အေးအေးသန်း
၃။ ဦးစိုးမြင့်အောင် (ကိုယ်တိုင်နှင့် ၁၊၂တို့၏ အခွင့်ရကိုယ်စားလှယ်)
၄။ ဒေါ်နီနီဝင်း

**တရားရှုံးများ**

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၁၀၀၂ တွင်ရရှိခဲ့သော ဒီကရီအရ အောက်ဖော်ပြပါ ပစ္စည်းစာရင်းအား ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချရန်ရှိပါသည်။ လေလံဆွဲဝယ်သူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိက တရားဝင်လွှဲအပ်ထားသောကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

အမှတ် ၄၆၊ လှည်းတန်းလမ်းမကြီး၊ ကမာရွတ်မြို့နယ်ရှိ ခေါင်းရင်းဘက်ခြမ်း၊ မြေညီထပ်၊ ပထမထပ်၊ ဒုတိယထပ်တိုက်ခန်းများ။

**လေလံကြမ်းခင်းဈေး** - (မြေညီထပ်)ကျပ်သိန်း နှစ်ထောင်တိတိ။ အမှတ် ၁၊ ၂၊ ၃ တရားရှုံး၏ အိမ်ငှားများ နေထိုင်လျက်ရှိပါသည်။
- (ပထမထပ်)ကျပ်သိန်း တစ်ထောင်နှစ်ရာတိတိ။ အမှတ် ၁ တရားရှုံး လက်ရှိနေထိုင်လျက်ရှိပါသည်။
- (ဒုတိယထပ်)ကျပ်သိန်း တစ်ထောင်တိတိ။ အမှတ် ၂ တရားရှုံး လက်ရှိနေထိုင်လျက်ရှိပါသည်။

**ရောင်းချရန်နောက်ထပ်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်သူအား လေလံဆွဲဝယ်သူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးဝယ်သည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ယူဆလျှင် လက်မခံဘဲ ငြင်းပယ်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချမည့်ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ် လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် ပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန် ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။
၅။ လေလံဆွဲဝယ်သူများသည် ရောင်းချသူအရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။
၆။ ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ရက်မြောက်နေ့တွင် တရားရုံးသို့ အပြေအကျေပေးသွင်းရမည်။ ၁၅ ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်ပါက ပထမရုံးဖွင့်သည့်ရက်တွင် ပေးရမည်။ လေလံကျန်ငွေများကို အထက်ပါ နေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းသည့်လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၅ခုနှစ် စက်တင်ဘာ ၁၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဌေးမြင့်အေး)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

# အထူးကျေးဇူးတင်ရှိပါကြောင်း

## ဦးကောက် (ဦးကောက်-မုန့်မျိုးစုံဖြန့်ချိရေး၊ ပဲခူးမြို့)

## အသက် (၉၅)နှစ်

၂၁-၉-၂၀၁၅ ရက် နံနက် ၉း၀၅ နာရီတွင် ရန်ကုန်မြို့၊ SSC ဆေးရုံ အထူးကြပ်မတ်ဆောင် ICU ၌ ကွယ်လွန်သွားခဲ့သော ဖခင်ကြီးဦးကောက်အား နာမကျန်းစဉ် မိဘသဖွယ် အထူးဂရုတစိုက် ကုသပေးခဲ့ကြပါသော ပါမောက္ခဆရာဝန်ကြီး ဦးဆန်းလွင် (နှလုံးအထူးကုဆရာဝန်ကြီး)၊ ပါမောက္ခဆရာဝန်ကြီး ဦးစိုးညွန့်(မေ့ဆေးအထူးကုဆရာဝန်ကြီး)နှင့် ICU မှ တာဝန်ခံဆရာဝန်များ၊ သူနာပြုဆရာမများ၊ ဆေးရုံဝန်ထမ်းများအားလည်းကောင်း၊ နာရေးကိစ္စအဝဝကို ကူညီဆောင်ရွက်ပေးပါသော ဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ တရုတ်အမျိုးသားအသင်း (ပဲခူးမြို့)၊ ကိုရောင်တောင် ဗုဒ္ဓဘာသာဘုရားကျောင်း (ရွှေတောင်တန်းလမ်း၊ ရန်ကုန်မြို့)၊ ရပ်ဝေး၊ ရပ်နီးမှ ဖုန်းဖြင့်လည်းကောင်း၊ Email ဖြင့်လည်းကောင်း၊ ဝမ်းနည်းကြောင်းပြောကြားပေးကြပါသော မိတ်ဆွေများအားလည်းကောင်း၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းများနှင့် လှူဖွယ်ပစ္စည်းများ ပေးပို့လှူဒါန်းကြပါသော ဆွေမျိုးမိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ ကွယ်လွန်ချိန်မှ ရက်လည်ဆွမ်းကျွေးပြီးသည်အထိ ကိုယ်ရောစိတ်ပါ ဝိုင်းဝန်းကူညီပေးကြပါသော မိတ်ဆွေများအား ကျန်ရစ်သူမိသားစုနှင့် အထူးကျေးဇူးတင်ရှိပါကြောင်း။

**ဦးကောက် - မုန့်မျိုးစုံဖြန့်ချိရေး (ပဲခူးမြို့)**

---

### အမည်ပြောင်း

ကျိုက်ထိုမြို့၊ အထက(ခွဲ) ဖက္ကလိပ်၊ ရွှေညီ သတ္တမတန်း(က)မှ (ဘ)ဦးစန်းရှိန်၏သမီး မစန်းနုအေးအား ယနေ့မှစ၍ မအေးမြွေးဟု ပြောင်းလဲခေါ်ဆိုနိုင်ကြပါရန်။

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၁၀၂၈၄ Jialing, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဆက်ပိုင်ဝင်း ၉/ခအဇ(နိုင်)၀၄၃၆၁၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးခင်ဇော် (ခ) လွီခဲဝါ

## အသက် (၈၄)နှစ်

မြန်မာနိုင်ငံ ရော်ဘာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်မြင့်ထူး-ဒေါ်ခင်မြထွေးတို့၏ဖခင် ဦးခင်ဇော်(ခ)လွီခဲဝါသည် ၂၄-၉-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်များ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ**
**ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်**

---

### မြောက်ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄၊ မြေကွက်အမှတ် ၄၁၄ ဂရန်မြေကွက်နှင့် အမှတ် ၄၁၄၊ သရဖီ ၅လမ်းရှိ တစ်ထပ်နေအိမ် ပေ(၄၀×၆၂) အား ဝယ်ယူရန်ကန့်ကွက်နိုင်ပါသည်

အထက်ပါမြေကွက်နှင့်နေအိမ်အား တရားဝင်နေထိုင်၍ အမွေဆက်ခံပိုင်ဆိုင်သူ ဂရန်အမည်ပေါက် ဦးငွေစိန်၏သား ဦးတင်စိုး ၁၂/ကမတ(နိုင်)၀၂၂၅၉၈-ဒေါ်စန်းစန်း သီ ၁၂/အလန(နိုင်)၀၁၀၆၅၂ တို့ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေ ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်၊ နေအိမ်တို့နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ ယနေ့မှစ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဦးဘုန်းမြင့်(ငါးသိုင်းချောင်း) (LL.B)**
**တရားလွှတ်တော်ရှေ့နေ(၃၁၄၈/၈၅)၊ Japan Tokyo 4 years, Legal Consultant**
**အမှတ် ၂၂၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်**
**Ph-09-789877799, 09-420726999, 09-420710888**

---

### အိတ်ဖွင့်ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနပိုင် အောက်ဖော်ပြပါ သိုလှောင်ရုံ (၅)လုံး၊ အခန်း (၁)ခန်း၊ မြေကွက် (၁)ကွက်တို့အား ဈေးပြိုင်တင်ဒါစနစ်ဖြင့် တစ်နှစ်သက်တမ်း (၆)လတစ်ကြိမ် စာချုပ်ဖြင့် ငှားရမ်းပေးသွားမည် ဖြစ်ပါသည်-

(က) ရန်ကုန်တိုင်းဒေသကြီးမှ သိုလှောင်ရုံ(၁)လုံး

Lot(1) (၁) သိုရုံ-၇၊ အခန်း (၁) (၃၀'×၈၀'×၁၇') (သွပ်၊ အုတ်၊ ကွန်)၊ တကခ (၂)၊ အုပ်စု (၁၁)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

(ခ) ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့မှ သိုလှောင်ရုံ (၃)လုံး

Lot(2) (၁) မြ-၁၇ (၈၂'×၃၆'×၁၄') (မီးခံ၊ မီးခံ၊ ကွန်) ပေါင်းတည်မြို့၊ လမ်း ၂၀

Lot(3) (၂) မြ-၁၈ (၈၂'×၃၆'×၁၄') (မီးခံ၊ မီးခံ၊ ကွန်) ပေါင်းတည်မြို့၊ လမ်း ၂၀

Lot(4) (၃) မြ-၁၉ (၈၂'×၃၆'×၁၄') (မီးခံ၊ မီးခံ၊ ကွန်) ပေါင်းတည်မြို့၊ လမ်း ၂၀

(ဂ) မကွေးတိုင်းဒေသကြီးမှ သိုလှောင်ရုံ (၁)လုံး

Lot(5) (၁) မြ-၅ (၈၀'×၄၀'×၁၅') (သွပ်၊ အုတ်၊ ကွန်) နတ်မောက်မြို့၊ တမာပင် ရပ်။

(ဃ) မန္တလေးတိုင်းဒေသကြီးမှ အခန်း (၁)ခန်း

Lot(6) (၁) ပဆ-၉၁၈၈၊ (၁၀'×၄၈'×၁၃') (သွပ်၊ အုတ်၊ အုတ်)၊ အမှတ် ၁၂၂၊ ၈၄လမ်း၊ (၃၀×၃၁ လမ်းကြား)၊ မန္တလေးမြို့။

(င) ဧရာဝတီတိုင်းဒေသကြီးမှ မြေ(၁)ကွက်

Lot(7) (၁) မြေဝဒသမဝ၅၉၉၈၊ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့၊ မြောက်ပိုင်းရပ်ကွက်။

(စ) **တင်ဒါပုံစံရောင်းချမည့်ရက်အချိန်** - ၅-၁၀-၂၀၁၅ရက်မှ ၁၃-၁၀-၂၀၁၅ရက်အထိ
- နံနက်၉း၃၀နာရီမှ ညနေ၄း၃၀နာရီအထိ

(ဆ) **တင်ဒါစည်းကမ်းချက်များ ရှင်းလင်းခြင်း** - ၁၅-၁၀-၂၀၁၅ရက် မွန်းတည့် ၁၂နာရီ၊ ရုံးအမှတ် ၅၂၊ နေပြည်တော်

(ဇ) **တင်ဒါပိတ်မည့် ရက်/အချိန်** - ၁၅-၁၀-၂၀၁၅ရက် မွန်းလွဲ ၁နာရီ

(ဈ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ အမှတ် (၂၂၈/၂၄၀)၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး၊ ၃၅ လမ်း၊ (၆၄×၆၅) လမ်းကြား၊ ပြည်ကြီး မျက်ရှင်ရပ်၊ မန္တလေးမြို့၊ တိုင်းဒေသကြီးဦးစီးမှူးရုံး ၊ ပုသိမ်မြို့၊ ပဲခူးမြို့၊ မကွေးမြို့နှင့် ခရိုင်ဦးစီးမှူးရုံး၊ ပြည်မြို့။

(ည) **Deposit ပေးသွင်းရမည့်နေရာ** - ပေးသွင်းရမည့် Deposit ငွေများကို တင်ဒါစည်းကမ်းသတ်မှတ်ချက်ပုံစံတွင် ဖော်ပြထားပြီးဖြစ်ပါသည်။ Depo -sit ငွေများကို ဌာန၏ ငွေသင်းချလန်ဖြင့် မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်) တွင် ၁၄-၁၀-၂၀၁၅ ရက်အပြီး ပေးသွင်းရမည် ဖြစ်ပါသည်။

(ဋ) **စာရင်းပေးသွင်းရမည့်နေရာ** - ရုံးအမှတ် (၅၂)၊ နေပြည်တော်

(ဌ) **တင်ဒါတင်သွင်းရမည့်နေရာ** - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃)၊ နေပြည်တော်

၂။ အဆိုပါ သိုလှောင်ရုံ ၅လုံး၊ အခန်း (၁)ခန်း၊ မြေကွက် (၁)ကွက်တို့၏ မျက် မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်များသို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံ ဝယ်ယူရမည့်နေရာသို့ လူကိုယ် တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၂၅၀၄၃၂၊ ၀၂-၃၆၃၃၈၊ ၀၂-၃၆၃၄၀၊ ၀၄၂-၂၄၅၂၃၊ ၀၅၂- ၂၂၂၁၈၄၄၊ ၀၅၃-၂၈၀၃၂၊ ၂၈၀၂၀၊ ၀၆၃-၂၃၁၉၇တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်း နိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

### ဖခင်အမည်မှန်

မုံရွာမြို့၊ အထက-၅၊ တက္ကသိုလ်ဝင်တန်း(D)မှ မသင်းသင်းဝေ၏ ဖခင်အမည်မှန်မှာ ဦးကျော်လင်းအေး ၅/မရန(နိုင်)၁၅၉၁၃၄ ဖြစ်ပါကြောင်း။

---

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ အထူးစီမံကိန်းကြီး အဖွဲ့ခွဲ(၂)ဗန်းမော်(စင်းခန်း)နောက်ချန်အဖွဲ့၊ ရွှေကို-မြစ်ကြီးနားလမ်း မိုင်(၇၇/၄-၁၂၀/၀)အတွင်း ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် ပြည်ထောင်စုပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို (လုပ်ငန်းခွင်အရောက်ပို့စနစ်) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၁။ လမ်းခင်းကျောက်အရွယ်စုံ

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁-၁၀-၂၀၁၅ရက်

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၆-၁၀-၂၀၁၅ရက် ညနေ ၄း၃၀နာရီ

**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၇-၁၀-၂၀၁၅ရက် နံနက် ၁၀နာရီ

တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ချောင်းမ-လင်းကတော-ပခုက္ကူလမ်း (ချောင်းမ-ယင်းမာပင်အပိုင်း)မိုင်တိုင်အမှတ် (၄/၁)ရှိ လုပ်ငန်းခွင်အင်ဂျင်နီယာရုံး၌ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၉-၉၇၀၃၄၂၀၈၅**
**၀၉-၉၇၉၁၈၂၅၇၆**

### ဖခင်အမည်မှန်

ဟသ်ာတမြို့နယ်၊ ဒူးယားအထက တက္ကသိုလ်ဝင်တန်း(ဂ) ကျောင်းဝင်အမှတ် ၁၁၂၈၇ မှ မအေးမြတ်မွန်၏ ဖခင်အမည်မှန်မှာ ဦးအုံးကျော်ဖြစ်ပါသည်။

**ဦးအုန်းကျော် ၁၄/ဟသတ(နိုင်)၁၇၉၉၃၅**

### ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဥသာမြို့သစ်၊ ရပ်ကွက်ကြီး(၈)၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃၊ မြေကွက်အမှတ်(၇၈၊ ၇၉၊ ၈၀)နှင့် ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးစိန်ထွေး၊ ဦးစိန်မင်း၊ ဒေါ်နွယ်နွယ်ဝင်းတို့၏ လွှဲအပ်ညွှန်ကြားခြင်းအရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ပဲခူးမြို့နယ်၊ ဥသာမြို့သစ်၊ ရပ်ကွက်ကြီး(၈)၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃၊ မြေကွက်အမှတ် (၇၈၊ ၇၉၊ ၈၀)ကို ဖော်ပြပါ ကျွန်ုပ်တို့၏မိတ်ဆွေသုံးဦးက မူလပိုင်ရှင်များထံမှ တိုက်ရိုက်ဝယ်ယူပြီး တရားဝင်အမည်ပေါက် မြေငှားဂရန်များ ရရှိပိုင်ဆိုင်ထားသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေများ တရားဝင်လက်ရှိပိုင်ဆိုင် ထားသော ဖော်ပြပါ မြေကွက်အမှတ်(၇၈)ကို ဦးကျော်မင်းဆိုသူနှင့် မြေကွက်အမှတ်(၇၉)(၈၀)ကို ဒေါ်မော်(ခ)ဒေါ်မော်မော်အေး ဆိုသူများက ကျူးကျော်အုတ်တံတိုင်းကာရံထားသည်ကို တွေ့ရှိရသဖြင့် ၄င်းတို့အပေါ် အရေးယူပေးပါရန် သက်ဆိုင်ရာဌာနအဖွဲ့အစည်းအသီးသီးတို့ တိုင်ကြားစာများ ပေးပို့ထားပြီးဖြစ်ပါသည်။ ကျူးကျော်သူများအပေါ် တရားစွဲဆိုအရေးယူသွားရန်လည်း စီစဉ်ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏မိတ်ဆွေသုံးဦး တရားဝင်၄င်းတို့အမည်ပေါက်ဂရန်ဖြင့် ပိုင်ဆိုင်ထားသည့် ဖော်ပြပါမြေကွက်သုံးကွက်အား ကျူးကျော်ခြင်း၊ အခြားသူတစ်ဦးသို့ လိမ်လည်၍ လွှဲပြောင်း၊ ရောင်းချ၊ပေါင်နှံ၊ပေးကမ်း၊ အမည်ပြောင်းခြင်းတို့ ပြုလုပ်ခြင်းမပြုရန်နှင့် ပြုလုပ်ပါက မည်သူ့ကိုမဆို ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်အေးနိုင်ကျော်(စဉ်-၂၇၇၇၂)**
**LL.B**
**Dip in Computerised Accounting (U.K)**
**အထက်တန်းရှေ့နေ**

**ဦးကျော်ဝင်း(စဉ်-၁၀၁၃၅)**
**LL.B**
**တရားလွှတ်တော်ရှေ့နေ**

**အမှတ်(၅၈)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၅၁၄၂၉၀၈၊ ၀၉-၇၃၀၀၃၅၁၄**

---

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6D/6877 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1I/2222 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6H-9011 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် AA-2466 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### အမည်ပြောင်း

ဦးအေးကျော်၏သား ရန်ကင်းမြို့နယ် အမက(၁၃) စတုတ္ထတန်းမှ မောင်ဖြိုးထက်ကျော်အား ယနေ့မှစ၍ မောင်ထက်နိုင်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ထက်နိုင်ကျော်**

### ဒေါ်မြတ်မြတ်ထူး (ရွှေကျင်)

### လက်ထောက်မန်နေဂျာ(ငြိမ်း)

### (မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ်၊ ငွေစုဘဏ်နှင့်ဖွံ့ဖြိုးရေးချေးငွေဌာန)

### အသက်(၅၈)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့၊ ညောင်ပိုင်းတရုတ်တန်းရပ်ကွက်၊ မင်းလမ်းနေ (ဦးဖြူလေး-ဒေါ်တင်ညွန့်)တို့၏သမီး၊ ဦးမောင်ဝင်း-ဒေါ်ခိုင်ခိုင်မာ၊ ဒေါက်တာသန်းထွန်း (ဆေးရုံအုပ်ကြီး၊ မင်းဘူး)-ဒေါ်မေရီ၊ ဒေါ်ခင်ညွန့်၊ ဒေါ်မြမြသန်းတို့၏ညီမ၊ ဦးမြင့်ဝေ၏အစ်မ၊ တူ တူမ လေးယောက်တို့၏အဒေါ်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သမိုင်း ၄လမ်း၊ အမှတ် ၆၈၄ (လေးလွှာ)နေ ဦးမြင့်ရွှေ(မဆဘ၊ လက်ထောက်အထွေထွေမန်နေဂျာ-ငြိမ်း၊ တာဝန်ခံ Myanmar Power Spectrum Money Changer)၏ချစ်လှစွာသောဇနီး၊ မမေမြင့်မြတ် [ME(EP) Coursework (YTU)]၏မိခင်သည် ၃၀-၉-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂-၁၀-၂၀၁၅ရက်(သောကြာနေ့) ညနေ ၄နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၆-၁၀-၂၀၁၅ရက်(အင်္ဂါနေ့)နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### မတူး(ခ)ဒေါ်နီလာမြင့်

### (အင်းရွာ) သာယာဝတီ

### အသက် (၅၆)နှစ်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ အင်းရွာနေ (ဦးခင်စိန်-ဒေါ်အေးသင်)တို့၏သမီး၊ ဦးဇော်ဝင်း (ရတနာ စိန်ပွဲရုံ၊ ဘုရင့်နောင်)-ဒေါ်ခင်အေးမြင့်၊ ဦးကျော်ဆန်း-ဒေါ်ထွေးထွေးမြင့် (မ/ ၆-မူလွန်တောင်ဒဂုံ)၊ ဦးဝိသုဒ္ဓိ(ဇာလီ)တို့၏ ညီမ၊ ဦးအာစံ (King King Clinic) ၏ အစ်မ၊ ဦးတင်ဝင်း၏ဇနီး၊ မောင်စောမျိုး-မထက်ထက်ဝေ၊ မဟသ်ာကိုတို့၏ မိခင်သည် ၃၀-၉-၂၀၁၅ရက် နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၀-၂၀၁၅ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင့်တင့်(ဘိုကလေး) အသက်(၉၁)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ကျိုက်ပိရွာနေ (ဦးအောင်တင်-ဒေါ်အေးကြည်)တို့၏သမီး၊ (ဦးသန်းမောင်)၏ချစ်လှစွာသော ဇနီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်နေ ဦးစိုးဝင်း(ငြိမ်း၊ မြို့နယ်ပညာရေးမှူးရုံး)-ဒေါ်ဝင်းကြည်(ငြိမ်း၊ မူလတန်းပြ)၊ ဦးတိုက်စိုး-ဒေါ်အေးအေးမော်၊ ဒေါ်ယဉ်ယဉ်နု(ကျောင်းအုပ်ဆရာမကြီး၊ အထက၊ ကဒုံကနီ)၊ ဦးသိုက်ထွန်းအေး(ငြိမ်း၊ မူ/အုပ်)-ဒေါ်သက်ပိုင်မြင့်(RDO ဘိုကလေး)၊ ဦးဇော်လင်း(မြို့နယ်မြေစာရင်းဦးစီးဌာန)-ဒေါ်နွယ်နီအေး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ ဒေါ်နွဲ့နွဲ့၊ ဦးစိုးလင်း(CLOVER HOTEL)-(ဒေါ်ဝါဝါ)၊ ဦးမြင့်ဦး-ဒေါ်အေးအေးနု(အထက-၈၊ လှိုင်သာယာ)တို့၏မိခင်၊ မြေး ၁၄ယောက်၊ မြစ်ငါးယောက်တို့၏ အဘွားသည် ၃၀-၉-၂၀၁၅ရက် မွန်းလွဲ ၁၂:၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၀-၂၀၁၅ရက် မွန်းတည့် ၁၂နာရီတွင်ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးစိုးသိန်း (ငြိမ်း)
အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သမာဓိလမ်း၊ အမှတ် ၁၁၇၂ (လေးလွှာ)နေ ဒေါ်နီနီဝင်း၏ခင်ပွန်း ဗိုလ်မှူးစိုးသိန်း(ငြိမ်း)သည် ၃၀-၉-၂၀၁၅ရက်တွင်ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စစ်တက္ကသိုလ်အပတ်စဉ်(၁၄)မှ
သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးသင်းထွန်း (ငြိမ်း)
B.Sc (DSA)

သူငယ်ချင်း သင်းထွန်း(၃၇၃၁)သည် ၂၉-၉-၂၀၁၅ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စစ်တက္ကသိုလ်အမှတ်စဉ်(၃၄)မှ
သူငယ်ချင်းများ

## ဦးကျော်စိန်ထွန်း
ရွှေမန်းစာအုပ်ချုပ်ဆိုင်၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်
အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးတင်အောင်-(ဒေါ်မြင့်မြင့်)တို့၏သား၊ ဒေါ်ကြင်ကြင်ဝင်း၏ခင်ပွန်း၊ ကိုသော်ဇင်(J.S.M Shipping Co., Ltd.)-မစုမွန်ဝင်းတို့၏ဖခင်သည် ၃၀-၉-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉:၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၀-၂၀၁၅ရက်(သောကြာနေ့)နံနက် ၁၀နာရီတွင် နေအိမ်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်ဇာနည်ဦး (တ/၂၆၇၁)
မြို့နယ်တရားသူကြီး၊ မိုင်းယောင်းမြို့
အသက်(၄၇)နှစ်

၂၉-၉-၂၀၁၅ရက်တွင် မိုင်းယောင်းမြို့၌ ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူ ဇနီး သားသမီးတို့နှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

တရားရေးအပတ်စဉ်(၁၃)မှ
သူငယ်ချင်းများ

## ဒေါ်အင်ကြင်းအောင်
TTC (ပြည်လမ်း) ကျောင်းသူဟောင်း
အသက်(၄၂)နှစ်

ဂျပန်နိုင်ငံ၊ တိုကျိုမြို့နေ ဦးဇော်လင်း-ဒေါ်မိုးမိုးကျော်၊ Mr.Kawasaki Naoto-ဒေါ်ထူးထူးကျော်တို့၏ချစ်လှစွာသောညီမလေး၊ ဦးကိုကိုလွင်-ဒေါ်ခွန်ဂျာ၊ ဒေါ်သရဖီအောင်တို့၏အစ်မ၊ မခင်မြတ်နိုး၏မိခင်၊ ကျော်ပြည့်ဖြိုးလင်း၊ Kawasaki Yuu, Kawasaki Naoki Joshua, အောင်ကျော်မျိုး၊ မင်းသန့်တို့၏အဒေါ်သည် ၃၀-၉-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၂:၃၀နာရီတွင် ကွယ်လွန်သွားပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း
ဒါယိကာမကြီး
## ဒေါ်ခင်ဝင်းရီ(ခ)
## ဒေါ်ဘုတ်ဆုံ
(လမ်းမတော်သံဈေး)
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိလမ်း၊အမှတ် ၁၄(ခြောက်လွှာ)နေ ဦးစုစိန်၏ဇနီး၊ ကိုကျော်စွာ-မစုစုလွင်၊ ကိုမိုးကျော်-မဝင်းဝင်းခိုင်၊ကိုမျိုးနိုင်-မမို့မို့ခိုင်၊ ကိုညီညီ-မမျိုးစန္ဒာတို့၏ မိခင်၊ မြေးကိုးယောက်တို့၏ အဘွားသည် ၁-၁၀-၂၀၁၅ရက်(ကြာသပတေးနေ့) နံနက် ၆:၂၅နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၁၀-၂၀၁၅ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၇-၁၀-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်အေးနွဲ့ကြည်
Sales Officer
Singapore Airlines Limited
အသက်(၄၀)

ရန်ကုန်မြို့၊ ၃၄လမ်း၊အမှတ် ၁၆၉/၁၇၁နေ ဦးအောင်တင့် (အငြိမ်းစား လက်ထောက်တိုင်းပညာရေးမှူး၊ ဧရာဝတီတိုင်းဒေသကြီး) - ဒေါ်ခင်ထားကြည်(အငြိမ်းစား၊ အထက်တန်းပြဆရာမ)တို့၏သမီး၊ ပုသိမ်မြို့နေ ဦးဘသင်-(ဒေါ်ရင်ရွှေ)တို့၏ သမီးချွေးမ၊ ဗိုလ်မှူးမောင်မောင် (နှလုံးခွဲစိတ်ဌာန၊ မင်္ဂလာဒုံ တပ်မတော်ဆေးရုံ)-ဒေါက်တာဝင်းလဲ့ကြည်(မေ့ဆေးအထူးကု၊ ခုတင်-၅၀၀ဆံ့ အထူးကုဆေးရုံ)တို့၏ညီမ၊ မဆုသံစဉ်၏အဒေါ်၊ ဒေါက်တာသိန်းထွဋ်၏ဇနီး၊ မစံရတီထွဋ်၏မိခင်သည် ၃၀-၉-၂၀၁၅ရက် နံနက် ဝဝ:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၀-၂၀၁၅ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ်၊ ကန်ဒါယိကာမကြီး
## အဘွားငွေး (မြို့ချစ်)
မိုးမိတ်မြို့
အသက်(၉၇)နှစ်

USA နေ ဒေါ်မမလေး၊ တောင်ကြီးမြို့နေ ဒေါ်ရင်ရင်၊ မိုးကုတ်မြို့နေ ဒေါ်အုန်းကြည်တို့၏အစ်မကြီး၊ မိုးမိတ်မြို့၊ မြောက်ပိုင်းရပ်ကွက်နေ ဒေါ်တင်တင်နု၊ ဒေါက်တာဦးချစ်ကြည်-ဒေါ်မေရီ၊ ဦးခင်မောင်ကြည်(ခ)ဦးလောရုံး-ဒေါ်ဝင်းဝင်းထွေး၊ ဦးခင်မောင်ညွန့်(ခ)ဦးချမ့်-ဒေါ်မြင့်မြင့်ရီ၊ ဒေါ်တင်တင်မြ၊ (ဦးအပ်တီ)၊ဒေါ်တင်တင်လှ(ခ)မပေါက်ပေါက်၊ဦးအောင်တိုးတို့၏မိခင်၊ ရန်ကုန်မြို့နေ ကိုထိန်လင်းဦး-မစုစုမွန်၊ မယုယုမွန်၊ မောင်ဇင်မျိုးအောင်၊ မောင်အောင်မျိုးသန့်၊ မောင်ကျော်မျိုးအောင်တို့၏အဘွား၊ မောင်ကောင်းမြင့်သူရိန်၊ မစုစန္ဒာလင်းတို့၏ဘွားဘွားကြီးသည် (၁၃၇၇ခုနှစ် တော်သလင်းလပြည့်ကျော် ၂ရက်) ၃၀-၉-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် (၁၃၇၇ခုနှစ် တော်သလင်းလပြည့်ကျော် ၄ရက်) ၂-၁၀-၂၀၁၅ရက်(သောကြာနေ့)တွင် မိုးမိတ်မြို့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ (၁၃၇၇ခုနှစ် တော်သလင်းလပြည့်ကျော် ၈ရက်) ၆-၁၀-၂၀၁၅ရက်(အင်္ဂါနေ့)တွင် မိုးမိတ်မြို့ မြောက်ပိုင်းရပ်ကွက် အဘွားငွေး (မြို့ချစ်)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမ
## ဒေါ်ရင်နု(မော်လမြိုင်ကျွန်း) အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊(၅)ရပ်ကွက်၊ ဟံသာဝတီလမ်း၊ တိုက် ၂၄၃၊ အခန်း ၅၀၂နေ (ဦးမှိန်-ဒေါ်ခင်ကြည်)တို့၏သမီး၊ (ဦးထွန်းဦး)-ဒေါ်ခင်မမ၊ ဦးမင်းဇော်-ဒေါ်ဝင်းဝင်းမြင့်၊ဦးကျော်ကျော်ဆန်း-ဒေါ်ကြည်ကြည်အေး၊ ဦးတင်စိုး (လ/ထ ညွှန်ကြားရေးမှူး၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာနရုံးချုပ်၊ နေပြည်တော်) - ဒေါ်မြင့်မြင့်စန်း၊ ဦးမြင့်နိုင် - ဒေါ်တင်တင်သန်း(ကျောင်းအုပ်ကြီး၊ အထက-ခွဲ၊ အဘော၊ တွံတေး)၊ ဦးကျော်ဇေယျ-ဒေါ်ရင်ရင်သန်း၊ ဦးတင်မိုးဇော်(ကညန၊ က/လ လားရှိုး)-ဒေါ်မြတ်မြတ်ထွေးတို့၏မိခင်၊ မအေးအေးမော်(Phoe Sein Hotel)၏အဒေါ်၊ မြေး ၁၀ယောက်၊ မြစ်တစ်ယောက်တို့၏အဘွား၊ (ဦးခင်မောင်သက်)၏ဇနီးသည် ၃၀-၉-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ည ၇:၀၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂-၁၀-၂၀၁၅ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံတား၊ ဒါယိကာမကြီး
## ဒေါ်ရှုဟုန်(ခ)ဒေါ်ရင်ရင် (ပုသိမ်မြို့)
မိကျောင်းတံဆိပ်"အဆာဟိ"ထီး၊ "ရဲသီဟ"ထီးဆိုင်
အသက်(၇၉)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်၊ ခေနန်ကျေးရွာနေ(ဦးဖိုးကြူး-ဒေါ်နှင်းအုံ)တို့၏သမီး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ M-10 မြကန်သာ(၅)လမ်းနေ (ဦးဟုတ်ကျန်)၏ဇနီး၊ ဦးသက်ဝင်း-ဒေါ်စန်းစန်းဦး၊ ဦးမျိုးမြင့်-ဒေါ်နုနုတင်၊ ဦးသက်လွင်-ဒေါ်ချိုချိုအေး၊ ဦးသက်ထွန်း-ဒေါ်ခင်မာမြင့်တို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၃၀-၉-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄:၅၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်သန်းနွယ်
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊ (၃) ရပ်ကွက်၊ သာယာအေးလမ်းသွယ်(၃)၊ အမှတ် (၂/ဟ)နေ (ဦးစိုးလှိုင်)၏ဇနီး၊ ဗိုလ်ကျော်စိုး(တပ်မတော်-ရေ)၊ ဒေါ်မာမာစိုး - ဦးထိန်လင်းလေး (မြန်မာ့ကြယ်ငါးပွင့်)၊ ဒေါက်တာဝင်းထွန်း-ဒေါက်တာအေးဝင်းဆက် (ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၊ဒေါ်ငြိမ်းငြိမ်းစိုး၊ ဦးလှထူး(Lizstar သဘော်လိုင်း)တို့၏မိခင်၊ ဒေါက်တာအောင်ခိုင်လင်း၊ ဒေါက်တာကောင်းမြတ်လင်း၊ ဒေါက်တာမြဆက်ထွန်း၊မသန့်ဆက်ထွန်း၊မယုဆက်ထွန်းတို့၏အဘွားသည် ၁-၁၀-၂၀၁၅ရက် (ကြာသပတေးနေ့)နံနက် ၁၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂-၁၀-၂၀၁၅ရက်(သောကြာနေ့) နံနက် ၁၀ နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈:၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၇-၁၀-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၉နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးရဲထွဋ်(ခ)ဖိုးချို
B.Sc (Maths)
မြို့မကျောင်းသားဟောင်း
အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်း၊ အမှတ် ၁၉/၂၈နေ [ဒုတိယဗိုလ်မှူးကြီးသိန်းထွန်း(ငြိမ်း)]-ဒေါ်မြမြသန်းတို့၏သား၊ ဦးကျော်ကျော်ဦး၊ (ဦးကျော်ကျော်ထူး)တို့၏ညီ၊ ဒေါ်မို့မို့အေး၊ ဦးအောင်သူရ-ဒေါ်အေးအေးခိုင်၊ ဦးလင်း - ဒေါ်ချယ်ရီမေတို့၏အစ်ကို၊ ကောင်းစိုးလင်း၊ ဟိန်းထက်အောင်၊ ကျော်ထက်အောင်တို့၏ ဦးလေးသည် ၁-၁၀-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၁၀-၂၀၁၅ရက် (စနေနေ့) နံနက် ၁၁နာရီတွင်ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း
မယ်တော်ကြီး
## ဒေါ်ရင်နု (မော်လမြိုင်ကျွန်း)
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၅) ရပ်ကွက်၊ဟံသာဝတီလမ်း၊တိုက် ၂၄၃၊ အခန်း ၅၀၂နေ (ဦးမှိန်-ဒေါ်ခင်ကြည်)တို့၏သမီး၊ ကိုငွေလင်းကျော်-မနွယ်နွယ်လှိုင်ထွန်း(သားငယ်လေး Leyon)၊ မထူးထူးလှိုင်(Khin Maung Nyunt Trading)၊ ကိုသက်ညီနိုင်(ဆေး-၂)-မသက်နှင်းဖြူ(ဆေး-၂)၊ မဟန်နီထွန်း (Lafarge Cement)၊ မဟန်နီထွန်း (လ/ထ မန်နေဂျာ၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ ရုံးချုပ်)၊ မောင်ဟိန်းလင်းထက် (FIDS ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ပြည်ပ)၊ မောင်အေးချမ်းမောင် (2nd Year,WYTU)၊ မောင်ဝေဖြိုး(1st Year, ဒဂုံတက္ကသိုလ်)၊ မောင်ကောင်းပြည့်စုံ (Grade-10, အထက-၃၊ ကမာရွတ်)၊မဆုလာဘ်ရတနာ(Grade-10, အထက-၃၊ ကမာရွတ်)တို့၏ အဘွားသည် ၃၀-၉-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)ည ၇:၀၅နာရီတွင်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၀-၂၀၁၅ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးသိန်းဝင်း
ပြန်ကြားရေး(ငြိမ်း)
အသက်(၆၀)

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊မင်းကြီးလမ်း၊တောင်သူကုန်းရပ်ကွက်၊ အမှတ် မ/၂၇နေ ဒေါ်ခင်သန်းမြင့်၏ခင်ပွန်း၊ ကိုစိုင်းသီဟအောင်(CB Bank)၏ဖခင်၊ တူ လေးယောက်တို့၏ဦးလေးသည် ၁-၁၀-၂၀၁၅ရက်(ကြာသပတေးနေ့)နံနက် ဝဝ:၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၁၀-၂၀၁၅ရက်(စနေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးတင်ဖေ
(မြန်မာ့မီးရထား၊ ငြိမ်း)
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ ကတန်ကျွန်းလမ်း၊ အမှတ် ၁၃၂နေ(ဦးဘဦး-ဒေါ်သန်းကြည်)တို့၏သား၊ (ဦးထွန်းလွင်-ဒေါ်စိန်နွဲ့)တို့၏သားသမက်၊ [ဒေါ်ငြိမ်းမြင့် (ပညာရေး၊ ငြိမ်း၊ ပဲခူး)]၏ ခင်ပွန်း၊ ဦးလှကြိုင်(ခ)ဦးဝိဝေက-ဒေါ်နန်းနန်းအေး၊ ဦးသက်ဆွေ-ဒေါ်မာမာအေး(ပဲခူး)၊ မမြတ်သူ၊ ကိုအောင်လှထူး-မဝင်းသန္တာထွန်းတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁-၁၀-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၅:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၀-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးအောင်ခိုင် (ဟင်္သာတ)
စာရင်းစစ်အရာရှိ(ငြိမ်း)
စာရင်းစစ်ချုပ်ရုံး
အသက်(၈၀)

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၄)ရပ်ကွက်၊ ဘော်စင်လမ်းသွယ်(၂)၊ တိုက် ၁၈၊ အခန်း ၄နေ (ဦးမောင်အံ့-ဒေါ်ခင်စော)တို့၏ သား၊ (ဦးစောသာမောင်-ဒေါ်ရင်မြ)တို့၏သားသမက်၊ဒေါ်လှကျင်၏ခင်ပွန်း၊ဒေါ်ကြည်ကြည်ခိုင်၊ ဒေါ်နှင်းနှင်းခိုင်(အငယ်တန်းလက်ထောက်၊ မြန်မာ့သစ်လုပ်ငန်း)၊ ဒေါ်အေးအေးခိုင်(မန်နေဂျာ၊အမှတ်-၁၊ အလုံ၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း)တို့၏ ဖခင်သည် ၁-၁၀-၂၀၁၅ရက်(ကြာသပတေးနေ့)နံနက်၆း၄၅နာရီတွင်အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၁၀-၂၀၁၅ရက်(စနေနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးအေးသွင်
(သ/မ၊ ငြိမ်း) ရေကြည်မြို့
အသက်(၇၃)နှစ်

ဟင်္သာတမြို့နယ်၊ မရမ်းချိုကျေးရွာနေ (ဦးသန်းစိန်-ဒေါ်ချစ်ပုံ)တို့၏သား၊ (ဒေါ်သန်းသန်းနု)၏ခင်ပွန်း၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ (၁၈/D)ရပ်ကွက်၊သုခမိန်လမ်း၊အမှတ် ၁၁၃၇နေ ဦးအောင်စိုး-ဒေါ်မိုးမိုးအေး၊ ဦးဂျော်နီ-ဒေါ်ငြိမ်းငြိမ်းအေး၊ ဦးဉာဏ်မျိုးဝင်း-ဒေါ်ညီညီအေး၊ (ဒေါ်နီနီအေး)၊ (ဦးသူရအေး)၊ ဦးမောင်မောင်အေးတို့၏ဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၁-၁၀-၂၀၁၅ရက် နံနက် ၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၁၀-၂၀၁၅ရက် ညနေ ၃နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးကျော်ဇာနည်ဦး
မြို့နယ်တရားသူကြီး
မိုင်းယောင်းမြို့
အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ သန္တာ ၅လမ်း၊ အမှတ် ၆၃၀နေ (ဦးတင်ဦး)-ဒေါ်စန်းစန်းတို့၏သား၊ သန်လျင်မြို့၊ အမှုထမ်းရပ်ကွက်၊ သရဖီလမ်း၊အမှတ်၄နေ(ဦးလှသောင်း-ဒေါ်သန်းရင်)တို့၏သားသမက်၊ ဒေါ်ကြူကြူခိုင် (ရန်ကုန်တိုင်း မော်တော်ယာဉ်တရားရုံး)၏ခင်ပွန်း၊ မောင်သက်ခိုင်ကျော်(B.E)-(E.C)၊ မယွန်းအိကျော် (Grade-10၊ အထက-၂၊ သန်လျင်)တို့၏ဖခင်၊ ဦးအောင်မြင့်ဦး၊ ဦးမျိုးမြင့်ဦးတို့၏ညီ၊ ဦးလှကျော်အေး(Paragon Co.,Ltd.)-ဒေါ်လေးရွှေစင်ဦး(ဒု-ညွှန်မှူး၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန)တို့၏အစ်ကို၊ တူ၊ တူမ ၁၀ယောက်တို့၏ ဦးလေးသည် ၂၉-၉-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၁:၃၀နာရီတွင် မိုင်းယောင်းမြို့နယ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၁၅ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် မိုင်းယောင်းမြို့သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၅-၁၀-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ သန်လျင်မြို့ အမှုထမ်းရပ်ကွက်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တကုဏ္ဍေဘာသ
သက်တော်(၁၀၀)၊ သိက္ခာတော်(၃၀)

ရန်ကုန်မြို့၊ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ၊ ဓမ္မကထိက၊ ပြည်မြို့၊ မိုးကုတ်ဝိပဿနာ ရာသက်ပန်ကံသုံးဆင့် ဓမ္မရိပ်သာဩဝါဒစရိယ၊ သာသနာမြေအမှတ်(၁)ဝိုင်း၊ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ ၁၄၇ ဓမ္မရိပ်သာ၊ ဦးစီးပဓာနနာယက၊ မိုးကုတ်အောင်မင်္ဂလာဓမ္မရိပ်သာကျောင်း ဦးစီးပဓာနနာယက ဘဒ္ဒန္တကုဏ္ဍေဘာသ ဆရာတော်ကြီးသည် (၁၃၇၇ခုနှစ် တော်သလင်းလပြည့်ကျော် ၂ရက်) ၃၀-၉-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)ည ၉နာရီတွင် ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ် အမှတ်(၁)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၇ခုနှစ် တော်သလင်းလပြည့်ကျော် ၆ရက်) ၄-၁၀-၂၀၁၅ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင် မင်္ဂလာဒုံမြို့နယ် အမှတ်(၁)တပ်မတော်ဆေးရုံ ငြိမ်းအေးဇရပ်၌ သာစုကီဠနသဘင် ဆင်ယင်ကျင်းပပြီး ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပန ဆင်ယင်ကျင်းပမည်ဖြစ်ပါသောကြောင့်ရပ်နီးရပ်ဝေးမှဒါယကာ၊ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပါရမီလမ်း၊ သာသနာမြေအမှတ်(၁)ဝိုင်း၊ မိုးကုတ်အောင်မင်္ဂလာကျောင်းတိုက်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။]

တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ရွှေပန်းထိမ်ဆရာကြီး
## ဦးဟိုချီဟင်း(ခ)ဦးဟိန်း
(ရွှေဟို ရတနာရွှေဆိုင်၊ သာကေတ)
အသက်(၉၀)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ် ၁၆၇နေ (ဒေါ်လှရွှေ)၏ချစ်လှစွာသောခင်ပွန်း၊ ဦးမောင်မောင်သိန်း(ကဗျာဆရာ-ငြိန်းဝေ)-ဒေါ်သီသီဦး(Q.E.L.C)၊ ဒေါ်ဆွေဆွေဝင်း၊ ဒေါ်ဆွေဆွေမြင့်၊ ဦးမြင့်သောင်း၊ ဒေါ်ခင်မာဝေ၊ ဦးမြင့်သိန်း-ဒေါ်လှလှဦး၊ ဦးမြင့်ထွေးတို့၏ချစ်လှစွာသောဖခင်၊ ဒေါက်တာနေလင်းဝေ၊ ဒေါက်တာထားထက်ထက်ဝေ၊ မောင်ဟိန်းဇန်(Grade-IIC, အထက-၁၊ ဒဂုံ)၊ မမြတ်မှူးမှူးဇန်တို့၏အဘိုးသည် ၃၀-၉-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၀-၂၀၁၅ရက်(သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ရွှေဟိုရတနာရွှေဆိုင် နေအိမ်(မြရတနာရပ်ရှင်ရုံရှေ့၊ သာကေတ)မှကားများ နံနက် ၈နာရီတွင်ထွက်ခွာပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၆-၁၀-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးစိန်ငွေး(ခ)ကန့်စေထေး (ဘိုကလေး)
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ရွှေတောင်တန်းလမ်း၊ အမှတ် ၇၆-A၊ မြေညီထပ်၊ ပထမထပ်နေ(ဦးအထက်-ဒေါ်ကြင်)တို့၏သား၊ ဒေါ်ကြင်ဥ၏ချစ်လှစွာသောခင်ပွန်း၊ ဦးသန့်နိုင်-ဒေါ်ချိုချိုပြုံး၊ ဒေါက်တာကျော်နိုင်ဦး-ဒေါ်ခင်မာမြင့်(သိမ်ကြီးဈေး)၊ ဦးသန်းထိုက်-ဒေါ်သင်းသင်း၊ ဦးမျိုးဝင်းအောင်၊ ဦးကျော်ကျော်-ဒေါ်ချိုချိုငွေ၊ ဦးသန်းမြင့်ဝင်း-ဒေါ်ချိုမာအေးတို့၏ချစ်လှစွာသောဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၁-၁၀-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ဝဝ:ဝ၅နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၁၀-၂၀၁၅ရက်(စနေနေ့)နံနက် ၁၁နာရီတွင် ရေဝေးတရုတ်သုသာန်၌ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး
## ဦးတင်လင်း
ကျောက်တံတား သ/မ
မျက်မှန်လီမိတက်
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးမြအေး-ဒေါ်လှခင်)တို့၏သား၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ မဟာဆွေလမ်း၊ အမှတ် ၁၃၄နေ (ဦးထွန်းမြင့်)-ဒေါ်အုန်းကြည်တို့၏သားသမက်၊ ဒေါ်ခင်သက်မြင့် (အထက်တန်းကျောင်းအုပ်၊ ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာထွန်းထွန်းဝင်း (B.VSC)-မသန္တာ၊ စိုင်းချိုလင်းသာ၊ ဝင့်ရည်လင်းသာ၊စိုင်းပြည့်မြတ်လင်းသာ၊စိုင်းဥက္ကာကျော်တို့၏ဖခင်၊မြေးသုံးယောက်တို့၏ အဘိုးသည် ၁-၁၀-၂၀၁၅ရက်(ကြာသပတေးနေ့)နံနက် ၁:၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၁၀-၂၀၁၅ရက်(စနေနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ရဲမှူးအောင်ပု
သတင်းရဲတပ်ဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ထောက်လှမ်းရေးဌာန၊နေပြည်တော်
အသက်(၅၆)နှစ်

ကရင်ပြည်နယ်၊ ဘားအံမြို့၊ (၄) ရပ်ကွက်နေ ဒေါ်စန်းစန်းရီ၏ခင်ပွန်း၊ မပိုးဖြူကျော်၊ မဖြိုးဖြိုးကျော်၊ မောင်ရန်အောင်တို့၏ဖခင်သည် ၃၀-၉-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)တွင် မြောက်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂-၁၀-၂၀၁၅ရက်(သောကြာနေ့)ညနေ ၄:၃၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အောင်သပြေ ရဲရိပ်သာနေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

## ဦးချစ်သန်း (ပင်လည်ဘူး)
ဌာနခွဲစာရေးကြီး(ငြိမ်း)
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
အသက်(၆၅)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ပင်လည်ဘူးမြို့၊ မိုးကောင်းရပ်ကွက်၊ ကန်တော်ဦးနေ (ဦးကျော်-ဒေါ်ရီ)တို့၏သား၊ (ဦးပေါက်-ဒေါ်အေးမေ)တို့၏သားသမက်၊ ဒေါ်ခင်မေမြင့်(ငြိမ်း၊ကျန်းမာရေးဌာန)၏ချစ်လှစွာသောခင်ပွန်း၊ ဦးအေးမင်းထွဋ်(လ/ထ ညွှန်ကြားရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ တာချီလိတ်မြို့)-ဒေါ်စန္ဒာနွယ်နု၊ ဦးရန်နောင်စိုး-ဒေါ်စုစုခိုင်၊ ဦးအောင်ကိုကို-ဒေါ်ဇင်မာစိုး(မြကန်သာတည်းခိုခန်း၊ ရွှေဘိုမြို့)တို့၏ချစ်လှစွာသောဖခင်၊ မောင်စည်သူမြတ်နိုး၊ မောင်ဝေဖြိုးအောင်၊ မောင်နန္ဒစိုး၊ မစင်သီယာမင်းထွဋ်တို့၏ အဘိုးသည် ၂၅-၉-၂၀၁၅ရက် (သောကြာနေ့) နံနက် ၄:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဝင်းတင်(ခ)ရခိုင်ကြီး
ဟံသာဝတီကားပွဲစားတန်း
အသက်(၄၁)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အမှတ် ၂၀၈ (က)၊ စိန်ပန်းမြိုင်လမ်း၊ (၇)ရပ်ကွက်နေ (ဦးအောင်စိန်ထွန်း)-ဒေါ်ဝင်းမတို့၏သား၊ ဦးမောင်မောင်သန်း-(ဒေါ်မြင့်မြင့်)တို့၏သားသမက်၊ ဒေါ်ဆွေဆွေသန်း၏ခင်ပွန်း၊ ထက်အောင်ဝင်း (ဂုဏ်ထူး ဦးမောင်မောင်ကိုယ်ပိုင်အထက်တန်းကျောင်း)၊ ထက်ထက်အောင်တို့၏ဖခင်သည် ၁-၁၀-၂၀၁၅ရက် မွန်းလွဲ ၂:၃၀နာရီတွင် အင်းစိန် ကွယ်ကဘော်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၁၀-၂၀၁၅ရက် ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းနှင့် တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်းတို့၏ ရေဘေးသင့်ပြည်သူများအတွက် ဂီတဖျော်ဖြေပွဲမှရရှိသော လှူဒါန်းငွေများ ပေးအပ်

စာ-၅



## အာရှယူ-၁၉ ဘောလုံးပြိုင်ပွဲ မြန်မာနှင့်တီမော ယနေ့ကစားမည်

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-ဖိုးသော်ဇင်

ရန်ကုန် အောက်တိုဘာ ၁

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် အာရှယူ-၁၉ခြေစစ်ပွဲ အုပ်စု(G)ပွဲစဉ်များကို အောက်တိုဘာ ၂ ရက်(ယနေ့)တွင် သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ တတိယနေ့ပွဲစဉ်များအဖြစ် ညနေ ၃ နာရီတွင် ဗီယက်နမ် အသင်းနှင့်ဘရူနိုင်းအသင်း၊ ညနေ ၆ နာရီခွဲတွင် အိမ်ရှင်မြန်မာအသင်းနှင့် တီမောအသင်းတို့ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

စာမျက်နှာ ၁၄ ကော်လံ ၁ ■

## တက္ကသိုလ်ဝင်စာမေးပွဲဝင်ခွင့်လျှောက်လွှာပုံစံများကို အောက်တိုဘာလ ၁ ရက်နေ့မှစ၍ သတ်မှတ်ထားသောနှုန်းဖြင့် ရောင်းချပေးမည်

၂၀၁၆-ခုနှစ်တွင်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ပတ်သက်၍ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား၊ကျောင်းသူများ သိရှိနိုင်ရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

တက္ကသိုလ်ဝင်စာမေးပွဲဝင်ခွင့် လျှောက်လွှာပုံစံများကို မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနတွင် ၂၀၁၅-ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့မှ စတင်၍ သတ်မှတ်ထားသောနှုန်းထားဖြင့် ရောင်းချပေးမည် ဖြစ်ပါသည်။

စာမေးပွဲဝင်ခွင့် လျှောက်လွှာတင်သွင်းရာ၌ ဘာသာတွဲအမှတ်စဉ် (၁)၊(၅)၊(၆)၊(၇)၊(၈) များဖြင့် ဖြေဆိုမည့်သူများအတွက် အစိမ်းရောင်ဝင်ခွင့် လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့်လည်းကောင်း၊ ဘာသာတွဲ အမှတ်စဉ် (၂)၊(၃)၊(၄)များဖြင့် ဖြေဆိုမည့်သူများအတွက် ပန်းရောင်ဝင်ခွင့် လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့် တင်သွင်းရန် အရောင်နှစ်မျိုး ခွဲခြား သတ်မှတ်ထားပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❋

## ယနေ့ မာတိကာ

### ရုရှားက ဆီးရီးယားကို လေကြောင်းမှတိုက်ခိုက်မှုစတင်

စာ-၄

### ပျောက်ဆုံး ကျောင်းသား ကျောင်းသူ လူငယ်များအား ပြန်လည်ရှာဖွေ၍ မိဘများထံအပ်နှံ

စာ-၁၃

## မန်ယူနှင့် မန်စီးတီးတို့ အနိုင်ရရှိခဲ့သည့် ချန်ပီယံလိဂ်အုပ်စုပွဲများ

သီဟ ရေးသည်

ယူအီးအက်ဖ်အေချန်ပီယံလိဂ် ၃၂ သင်းအဆင့် အုပ်စု ဒုတိယပွဲစဉ်များကို အောက်တိုဘာ ၁ ရက်နံနက်ပိုင်းတွင် ဆက်လက်ယှဉ်ပြိုင်ခဲ့ကြသည်။

အုပ်စု(ခ)မှ အင်္ဂလန်ကလပ်မန်ယူနှင့် ဂျာမန်ကလပ် ဝုဖ်ဘတ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင်မန်ယူ အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယနေ့ပွဲတွင် နှစ်သင်းစလုံး ၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက်လာကြပြီး အိမ်ရှင်မန်ယူအသင်းသည် လူငယ်ကစားသမား အန်သိုနီမာရှယ်ကိုအထောင်ထားပြီး ဧည့်သည် ဝုဖ်ဘတ်မှာ ဘက်စ်ဒေါ့ကို အထောင်ထားခဲ့သည်။

ပွဲစပြီး ၄ မိနစ်တွင် မက်စ်ခရူးဖန်တီးပေး၍ တောင်ပံကစားသမား ကယ်လီဂျီယူရီက ဝုဖ်ဘတ်အတွက် ဦးဆောင်ဂိုး သွင်းယူပေးခဲ့သည်။ ပွဲချိန် ၃၄ မိနစ်တွင် မန်ယူအသင်းပယ်နယ်တီကန်ခွင့်ရခဲ့ပြီး ဝါရင့်ကစားသမား မာတာက သွင်းယူပေးခဲ့ရာ အိမ်ရှင်အသင်းချေပဂိုး ရရှိခဲ့သည်။

စာမျက်နှာ ၁၄ ကော်လံ ၄ ❍



မန်ယူအတွက် အနိုင်ဂိုးကို စမောလင်းသွင်းယူပေးစဉ်။






မြန်မာ့အလင်း
Gmail mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၄၁၀၂၂၊ စာတည်းအဖွဲ့ ၀၆၇-၃၄၁၀၄၆၊ ဖက်စ် ၀၆၇-၃၄၁၀၄၉၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
စာတိုက်သေတ္တာအမှတ်-၄၁၊ စာတည်းအဖွဲ့ ၀၁-၅၅၄၇၀၈၊ ဓနအမှုပြု ၀၁-၅၅၄၇၀၆၊ စီစဉ် ၀၁-၅၅၄၇၀၅၊ ဖြန့်ချိရေး ၀၁-၅၅၄၇၀၇၊ ကြော်ငြာ ၀၁-၅၅၄၇၀၄။

# ရွေးကောက်ပွဲဆိုင်ရာ သိမှတ်ဖွယ်ရာများ

## ရွေးကောက်ပွဲနေ့တွင် မဲရေတွက်ခြင်း



ရွေးကောက်ပွဲကျင်းပရန်

၃၇

ရက်သာလိုတော့သည်။




**မဲဆန္ဒရှင်တိုင်း မဲပေးသင့်သည်။**






## ဒါတွေလုပ်ပါ

- မဲပေးပုံ အဆင့်ဆင့်အတိုင်း လုပ်ဆောင်ပါ။

မဲဆန္ဒရှင်တိုင်း မဲပေးသင့်သည်။



မဲပေးမည်ဆိုပါက
သင့်အမည်
မဲစာရင်းတွင်ပါရန်လိုသည်။



## ဘာကြောင့် မဲပေးသင့်တာလဲ

ရွေးကောက်ပွဲဆိုတာ ဒီမိုကရေစီဖြစ်စဉ်မှာ မဖြစ်မနေဖြတ်သန်းရတဲ့ အရာတစ်ခုပါ။ ဒီမိုကရေစီဆိုတာ ပြည်သူအုပ်ချုပ်ခြင်း၊ ပြည်သူ့အစိုးရပါပဲ။ ဒီတော့ ရွေးကောက်ပွဲတွေဟာ ပြည်သူ့အတွက်၊ ပြည်သူကိုယ်စားစီမံအုပ်ချုပ်ပေးမယ့် ပြည်သူကိုယ်စားလှယ်တွေကို ရွေးချယ်ပေးရတဲ့ ပွဲတစ်ခုပါ။

# မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမားပြည်သူ့ပါတီက ၄င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော်  အောက်တိုဘာ ၁

**မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမားပြည်သူ့ပါတီ အထွေထွေအတွင်းရေးမှူး ဦးအောင်မျိုးခိုင်က ၄င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို အောက်တိုဘာ ၁ ရက် ညပိုင်းက ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရဟန်းရှင်လူ တိုင်းရင်းသားမိဘ ပြည်သူအပေါင်းတို့ကို ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း ကောင်းကျိုးလိုအင်ဆန္ဒများနှင့် ပြည့်စုံပါစေကြောင်း ကျွန်တော်နှင့်အတူ **"မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမားပြည်သူ့ပါတီ"** ဝင်များအားလုံးကနေ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ "မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမားပြည်သူ့ပါတီ" " PPMFW " ရဲ့ အထွေထွေအတွင်းရေးမှူး ဦးအောင်မျိုးခိုင်ဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီဟာ နိုင်ငံရဲ့ အဓိကအင်အားစုကြီးဖြစ်တဲ့ တောင်သူလယ်သမားများ၊ အလုပ်သမားများနှင့် လက်လုပ်လက်စား ပြည်သူများကို ကိုယ်စားပြုပြီး အသိပညာရှင် အတတ်ပညာရှင်များရဲ့ ဟန်ချက်ညီညီပူးပေါင်းပါဝင်မှုနှင့်အတူ ဖွဲ့စည်းတည်ထောင်ထားတာ ဖြစ်ပါတယ်။ လက်လုပ်လက်စား အခြေခံလူတန်းစားပြည်သူများ ကြုံတွေ့နေရတဲ့ ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်အောင် ဥပဒေဆိုင်ရာ အကာအကွယ်တွေ အမှန်တကယ် ရရှိနိုင်အောင်နဲ့ ကမ္ဘာ့နိုင်ငံများနဲ့ တန်းတူရင်ပေါင်တန်းနိုင်တဲ့ ဖွံ့ဖြိုးတိုးတက်သော ချမ်းသာကြွယ်ဝသော စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်သစ်ကြီးကို တည်ဆောက်မယ်ဆိုတဲ့ ရည်ရွယ်ချက်များနဲ့ ဖွဲ့စည်းတည်ထောင်ခဲ့တာဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ "မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမားပြည်သူ့ပါတီ" ရဲ့ **အဓိက ဦးစားပေး နိုင်ငံရေးမူဝါဒသဘောတရားများ** ကို တင်ပြသွားမှာဖြစ်ပါတယ်။

(၁) ဒီမိုကရေစီစံနှုန်းများနှင့်ကိုက်ညီသော ပြည်သူဗဟိုပြုတဲ့ သန့်ရှင်းသော အစိုးရအုပ်ချုပ်ရေးစနစ် ပေါ်ထွန်းလာစေရေး၊
(၂) မှန်ကန်မျှတသော လွတ်လပ်ပွင့်လင်းသော တရားဥပဒေစိုးမိုးရေး၊
(၃) ပြည်တွင်းငြိမ်းချမ်းရေးနှင့်အတူ ညီညွတ်မျှတသော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး။

ကောင်းမွန်သောသန့်ရှင်းသော **ပြည်သူကိုဗဟိုပြုတဲ့ အစိုးရအုပ်ချုပ်ရေး** စနစ်တည်ဆောက်မယ်ဆိုရင် ဒီမိုကရေစီစံနှုန်းများနှင့်အညီ ပြည်သူ့ဆန္ဒအရ ရွေးချယ်တင်မြှောက်သော လွှတ်တော်ကိုယ်စားလှယ်ရာနှုန်းပြည့်နဲ့ ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုလွှတ်တော် ပြည်ထောင်စုအစိုးရအဖွဲ့ ဖြစ်ရပါမယ်။

တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်၊ ခရိုင်နဲ့ မြို့နယ်အဆင့်၊ အုပ်ချုပ်ရေးနေရာများမှာ ပြည်သူ့ကိုယ်စားလှယ်များနဲ့သာ အစားထိုးရမှာဖြစ်ပါတယ်။ အုပ်ချုပ်ရေးမဏ္ဍိုင်မှာ ပွင့်လင်းမြင်သာမှုရှိရေး ဗဟိုဦးစီးချုပ်ကိုင်မှု လျှော့ချပြီးတော့ အမြော်အမြင်ကြီးမားတဲ့ ပညာရှင်များရဲ့ အခန်းကဏ္ဍကိုလည်း ပါဝင်စေရပါမယ်။

**တရားဥပဒေစိုးမိုးရေး**မှာလည်း တည်ဆဲဥပဒေတွေကိုပဲ အတင်းစိုးမိုးနေရုံနဲ့ မလုံလောက်ပါဘူး။ တရားမျှတတဲ့ ပြည်သူ့အကျိုးစီးပွားကိုကာကွယ်စောင့်ရှောက်ပေးနိုင်တဲ့ ဥပဒေအသစ်များ ပြဋ္ဌာန်းနိုင်ဖို့ ပြင်ဆင်နိုင်ဖို့နဲ့ မမျှတ မလိုအပ်တဲ့ ဥပဒေချုပ်ကိုင်မှုတွေကို ဖျက်သိမ်းနိုင်ဖို့ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

**တရားစီရင်ရေးစနစ်**မှာလည်း လာဘ်ပေးလာဘ်ယူအဂတိကင်းရှင်းဖို့ အရေးကြီးသလို ပွင့်လင်းမြင်သာတဲ့ အုပ်ချုပ်ရေးအာဏာမှ ကင်းလွတ်တဲ့ တရားစီရင်ရေးမျိုးဖြစ်ရပါမယ်။ ဥပဒေအရ မည်သူ့ကိုမဆို တရားစွဲဆိုပိုင်ခွင့်ရှိရပါမယ်။ အပြန်အလှန်အားဖြင့် တရားစွဲဆိုခံရသည့် မည်သည့်ပုဂ္ဂိုလ်မဆို ဥပဒေကြောင်းအရ ခုခံချေပနိုင်ခွင့်နှင့် အခြားဥပဒေဆိုင်ရာ အခွင့်အလမ်းများ တန်းတူညီမျှစွာခံစားနိုင်ကြမှာဖြစ်ပါတယ်။ ပြဋ္ဌာန်းပြီး ဥပဒေများရဲ့ စိုးမိုးရေးလုပ်ငန်းစဉ်များမှာလည်း ပြည်သူအားလုံး လေးစားလိုက်နာတတ်စေရန် ဥပဒေဆိုင်ရာ အသိပညာပေးမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဥပဒေဆိုင်ရာ အထောက်အကူပြုအဖွဲ့အစည်းများ လွတ်လပ်စွာပေါ်ထွန်းစေပြီး ပြည်သူပါဝင်မှုနဲ့အတူ တရားဥပဒေစိုးမိုးရေး နယ်ပယ်ဟာလည်း ပိုမိုအားကောင်းလာစေမှာ အမှန်ပဲဖြစ်ပါတယ်။

ကျွန်တော်တို့ နိုင်ငံရဲ့ လွတ်လပ်ရေးနဲ့ အတူတွဲလျက် ပါလာခဲ့တဲ့ ပြည်တွင်းစစ်မီးဟာလည်း ဒီကနေ့အထိ အမွေဆိုးတစ်ခုဖြစ်ပါတယ်။ ပါလီမန် ဒီမိုကရေစီခေတ်ကနေစပြီး ယနေ့တိုင်အောင် နိုင်ငံရေးခေါင်းဆောင်များ၊ လက်နက်ကိုင်များရဲ့ တင်းမာတဲ့သဘောထားတွေဟာ ဒီကနေ့ ကျွန်တော်တို့နိုင်ငံကို ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးတဲ့အခြေအနေကို ရောက်စေခဲ့ပါတယ်။ မတူညီတဲ့ အမြင်တွေကို သဘောထားကြီးမှု အပြန်အလှန် နားလည်မှုတွေ၊ မတည်ဆောက်နိုင်တဲ့အခါ အားမဖြစ်စေတော့ဘဲ ဘေးဖြစ်နေတာ ဒီကနေ့ ပြည်သူအားလုံး အသိပဲဖြစ်ပါတယ်။ မျှတခြင်းဆိုတာရှိမှ ညီညွတ်ခြင်းနဲ့ ယုံကြည်မှုဆိုတာ တည်ဆောက်လို့ရမှာဖြစ်ပါတယ်။ တိုင်းရင်းသားများအခြေပြုရာ ပြည်နယ်များနဲ့ တိုင်းဒေသကြီးများအားလုံးမှာ အခွင့်အရေးတန်းတူဖြစ်စေဖို့ တာဝန်သိတတ်မှု တာဝန်ယူတတ်မှုတွေ တူညီနေကြဖို့လိုပါတယ်။ လူမျိုးရေးစိတ်ဓာတ်ပြင်းထန်မှုဆီကနေတစ်ဆင့် နိုင်ငံသားစိတ်ဓာတ်ကို မွေးမြူပျိုးထောင်ကြရမှာဖြစ်ပါတယ်။

နိုင်ငံရေးပါတီအားလုံးနဲ့ တိုင်းရင်းသားခေါင်းဆောင်များပါဝင်တဲ့ နိုင်ငံရေးဆွေးနွေးပွဲများ အမြန်ဆုံး ကျင်းပနိုင်ဖို့ အလေးအနက် တိုက်တွန်းလိုပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲတွေကနေတစ်ဆင့် အပြန်အလှန်ယုံကြည်မှု သဘောတူညီမှုများနဲ့အတူ ညီညွတ်မျှတသော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ရေးဟာ ကျွန်တော်တို့"မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမားပြည်သူ့ပါတီ"ရဲ့ အရေးကြီးတဲ့ ပန်းတိုင်တစ်ခု ဖြစ်ပါတယ်။

PPMFW ပါတီရဲ့ နိုင်ငံခြားရေးမူဝါဒများအနေနဲ့ အမျိုးသားအကျိုးစီးပွားကို ရှေးရှုသော လွတ်လပ်၍တက်ကြွသော ဘက်မလိုက် နိုင်ငံခြားရေးမူဝါဒဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံများနှင့် ဆက်ဆံရေးတိုးတက်အောင် ဆောင်ရွက်သွားမှာဖြစ်ပြီး အခြားနိုင်ငံများ၏ အချုပ်အခြာအာဏာကို လေးစားခြင်းနှင့်အတူ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ကြမှာ ဖြစ်ပါတယ်။

**စီးပွားရေးဆိုင်ရာ မူဝါဒအနေနဲ့**

- စက်မှုလယ်ယာစနစ်ကို အခြေခိုင်မာစေပြီး စက်မှုနိုင်ငံတော်အဖြစ်သို့ တက်လှမ်းတည်ဆောက်သွားမှာဖြစ်တယ်။
- အစိုးရရဲ့ စီးပွားရေးချုပ်ကိုင်မှုများကို လျှော့ချပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များရဲ့ ပါဝင်ဆောင်ရွက်နိုင်စွမ်းကို မြှင့်တင်သွားရပါမယ်။
- လွတ်လပ်တဲ့ ဈေးကွက်စီးပွားရေးစနစ်ကို အခြေခံမှာဖြစ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်သွားပါမယ်။ တစ်ချိန်တည်းမှာပဲ ပြည်တွင်းတိုင်းရင်းသား လုပ်ငန်းရှင်များရဲ့ ယှဉ်ပြိုင်ရပ်တည်နိုင်စွမ်းကိုလည်း အကာအကွယ်ပေးတဲ့ မူဝါဒများရေးဆွဲဆောင်ရွက်ရပါမယ်။
- နိုင်ငံ့သယံဇာတအရင်းအမြစ်များကို ထုတ်ယူသုံးစွဲရာတွင်လည်း အနာဂတ်နိုင်ငံတော်နှင့် နိုင်ငံသားများအတွက်ပါ ရေရှည်မျှော်မြင်ပြီး သယံဇာတဆိုင်ရာမူဝါဒများရေးဆွဲ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။
- သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်မထိခိုက်စေရန်အတွက်လည်း အလွန်အရေးကြီးပါတယ်။ ပြည်သူ့သယံဇာတဆိုင်ရာ ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းပြီး ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။
- နိုင်ငံရဲ့ဒီကနေ့ စီးပွားရေးအခြေအနေကိုသုံးသပ်ကြည့်ရင် လယ်ယာထုတ်ကုန်မှတစ်ပါး အခြားကုန်ထုတ်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများအနေနဲ့အလွန်ပဲအားနည်းနေသေးတာဖြစ်ပါတယ်။ လက်ရှိ ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေးဟာ သယံဇာတထုတ်ယူသုံးစွဲခြင်းအပေါ်မှာပဲ အလွန်အကျွံမှီခိုနေတာ ဖြစ်တာကြောင့် နိုင်ငံရဲ့အနာဂတ်အတွက် များစွာစိတ်ပူစရာရှိနေပါတယ်။ သယံဇာတဆိုတာ အမြဲမရနိုင်ပါဘူး။ ပဒေသာပင်မဟုတ်ပါဘူး။ ကမ္ဘာမှာကြည့်ရင် သယံဇာတကိုအမှီပြုပြီး အာဏာရှင်စနစ်တွေ သက်ဆိုးရှည်ခဲ့ကြတာ အထင်အရှားရှိပါတယ်။ ဒါကို သယံဇာတကျိန်စာသင့်တယ်လို့ ပညာရှင်များက သုံးသပ်ကြပါတယ်။

နိုင်ငံကိုမှန်ကန်တဲ့စီးပွားရေးလမ်းကြောင်းပေါ်မှာ ရပ်တည်ဖို့ဆိုရင် SME, SMI အသေးစား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းရှင်များကို လိုအပ်တဲ့အထောက်အပံ့များပေးနိုင်ဖို့နဲ့ ဥပဒေဆိုင်ရာ အကာအကွယ်ပေးနိုင်ဖို့ ပုဂ္ဂလိကစီးပွားရေးနဲ့ ဝန်ဆောင်မှုလုပ်ငန်းများ မြှင့်တင်နိုင်ဖို့ လိုအပ်ပါတယ်။ ဘဏ်လုပ်ငန်းများနဲ့ငွေကြေးဆိုင်ရာ တည်ငြိမ်မှုရရှိအောင် ကုန်ဈေးနှုန်းတည်ငြိမ်မှုရှိအောင် ထိန်းကျောင်းပေးရမှာဟာ အစိုးရများရဲ့ တာဝန်ပဲဖြစ်ပါတယ်။ ကုန်သွယ်ဖက်နိုင်ငံများ၏ ဈေးကွက်ချုပ်ကိုင်မှု မခံရစေရန် ပြည်တွင်းထုတ်ကုန်များနည်းပညာနှင့် အရည်အသွေးမြှင့်မားရေး ပြည်ပဈေးကွက်ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

PPMFW ပါတီရဲ့ **ပညာရေးဆိုင်ရာ မူဝါဒများ** အနေနဲ့ လက်ရှိအလွတ်ကျက်မှတ်ဖြေဆိုခြင်းစနစ်ကို ပပျောက်စေပြီး အမှန်တကယ်နားလည်တတ်မြောက်စေရေး ကိုယ်ပိုင်တွေးခေါ်ကြံဆနိုင်သည့် လွတ်လပ်မြင့်မားတဲ့ပညာရေးမျိုး ဖော်ဆောင်သွားမှာဖြစ်ပါတယ်။ အခြေခံပညာမူလတန်းကို မသင်မနေရပညာရေး၊ အထက်တန်းအဆင့်အထိကို အခမဲ့ပညာရေးမူဝါဒများ ချမှတ်သွားရမှာ ဖြစ်တယ်။

အဆင့်မြင့်ပညာရေးနယ်ပယ်မှာလည်း အကန့်အသတ်မူဘောင်များ ဖြေလျှော့ပြီး လွတ်လပ်စွာသင်ကြားနိုင်ရေး ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ တိုင်းရင်းသားကလေးငယ်များအတွက် အလယ်တန်းအဆင့်ထိ မိခင်ဘာသာစကားဖြင့် သင်ကြားနိုင်ရေး ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ဆရာ/ဆရာမများနှင့်ကျောင်းသားအဖွဲ့အစည်းများ၊ လွတ်လပ်စွာပေါ်ပေါက်စေပါမယ်။ ပညာရေးစီမံကိန်းများရေးဆွဲပြီး ပညာရေးအသုံးစရိတ်တိုးမြှင့်ရေး၊ သင်ထောက်ကူပစ္စည်းများပြည့်စုံရေး၊ ဆရာ/ဆရာမများ အရည်အသွေးမြှင့်တင်ရေး၊ ပညာသင်ထောက်ပံ့ကြေးနဲ့ နိုင်ငံတကာသို့ ပညာတော်သင်များ ပိုမိုစေလွှတ်နိုင်ရေးလုပ်ငန်းများ ဆောင်ရွက် သွားရမှာဖြစ်ပါတယ်။

ပညာရှင်များကို ပြည်တွင်းမှာပဲ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရမှာ ဖြစ်ပါတယ်။ ဒါမှသာ ပြည်ပရောက် နိုင်ငံသားခေတ်ပညာတတ်များအား ပြန်လည်ဖိတ်ခေါ်၍ နိုင်ငံတော်တည်ဆောက်ရေးမှာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးစေမှာ ဖြစ်ပါတယ်။

**အမျိုးသားကျန်းမာရေးစီမံချက်များ ရေးဆွဲ၍** ကျန်းမာရေးအသုံးစရိတ်လုံလောက်စွာ မြှင့်တင်ပေးရမှာ ဖြစ်ပါတယ်။ ဆင်းရဲနွမ်းပါးသူများ၊ ကလေးသူငယ်များနဲ့ သက်ကြီးရွယ်အိုများ အခမဲ့ဆေးကုသနိုင်ခွင့် ရှိစေရပါမယ်။ သွားလာရေးခက်ခဲသည့် ဒေသများပါမကျန် နယ်လှည့်ဆေးကုသရေး အစီအစဉ်များ ဆောင်ရွက်သွားပါမယ်။ ဆေးဘက်ဆိုင်ရာပညာရှင်များပိုမိုမွေးထုတ်၍ အရည်အသွေးနှင့် စိတ်စေတနာမြင့်မားရေးကို လေ့ကျင့်ပျိုးထောင်သွားရန် လိုအပ်ပါတယ်။ ပြည်သူ့ကျန်းမာရေး နယ်ပယ်မှာ ကုသရေးအပြင် ရောဂါကြိုတင် ကာကွယ်တားဆီးရေး အစီအမံများလည်း အလွန်အရေးကြီးပါတယ်။



**တိုင်းရင်းသားလူမျိုးစုများအားလုံးရဲ့** ကိုယ်ပိုင်အခွင့်အရေးမှန်သမျှကို အာမခံပေးနိုင်ရမှာဖြစ်ပါတယ်။ တိုင်းရင်းသားများ အခြေပြုရာ ပြည်နယ်များအားလုံးမှာ လမ်း၊ တံတား၊ ဆေးရုံ၊ စာသင်ကျောင်း၊ စီးပွားရေးဇုန်၊ စက်မှုဇုန်စသည့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရမှာဖြစ်သလို ကျန်းမာရေး၊ ပညာရေးဆိုင်ရာ အထောက်အပံ့များ ဖွံ့ဖြိုး တိုးတက်စေရပါမယ်။ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု စာပေအနုပညာများကို အစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမှာဖြစ်ပါတယ်။

**တောင်သူလယ်သမားများနဲ့ အလုပ်သမားများ** အခြေခံ လက်လုပ်လက်စား ပြည်သူများ ချမ်းသာမှ တိုင်းပြည်ချမ်းသာမှာဖြစ်တဲ့အတွက် အဆိုပါအခြေခံလူ့အဖွဲ့အစည်းများဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်အောင် အစီအမံများ ချမှတ်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ တောင်သူလယ်သမားများနဲ့ အလုပ်သမားများရဲ့ ရပိုင်ခွင့်အခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်ပေးတဲ့ဥပဒေများပြင်ဆင်ပြဋ္ဌာန်းပေးရမှာ ဖြစ်တယ်။ လယ်သမားများရဲ့ လယ်ယာမြေပိုင်ဆိုင်ခွင့်ကို အာမခံပေးရမှာဖြစ်ပြီး လက်ရှိမြေယာလက်ဝါးကြီးအုပ်မှုအခြေအနေကို ပပျောက်စေ၍ လယ်လုပ်သူတိုင်း လယ်ယာမြေပိုင်ဆိုင်ခွင့်ရရှိစေမှာဖြစ်ပါတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ လယ်ယာမြေအငြင်းပွားမှုများကိုလည်း အမြန်ဆုံးမှန်မှန်ကန်ကန်ဖြေရှင်းဆောင်ရွက်ပေးပါ့မယ်။

**အလုပ်သမားများ**အတွက် နိုင်ငံရဲ့ အနိမ့်ဆုံးလုပ်ခနှုန်းထား သတ်မှတ်ချက်ဟာ အာဆီယံနိုင်ငံများနဲ့ တန်းတူဖြစ်စေဖို့ အစိုးရပိုင်းကနေ ပံ့ပိုးမှုများ ဥပဒေနဲ့အညီလုပ်ဆောင်သွားရမှာ ဖြစ်တယ်။ ပြည်ပရောက် မြန်မာ ရွှေ့ပြောင်းလုပ်သားများကိုလည်း နိုင်ငံတကာအလုပ်သမားဥပဒေများနဲ့အညီ အခွင့်အရေးနှင့်အကာအကွယ်များ အပြည့်အဝရရှိစေရေး ဆောင်ရွက်ပေးသွားရမှာဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့ အရေးကြီးလှတဲ့ ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နေကြသော **တပ်မတော်သားများ**နှင့် မိသားစုဝင်များရဲ့ လူမှုဘဝပြည့်စုံရေး၊ ပညာရေး၊ ကျန်းမာရေးအထောက်အပံ့ကောင်းများ အနာဂတ်အတွက် အစီအမံများ ချမှတ်ပေးရမှာ ဖြစ်ပါတယ်။ မြန်မာ့တပ်မတော်ကို ပြည်သူချစ်သော နိုင်ငံနှင့်ပြည်သူအတွက် သစ္စာရှိတဲ့ပြည်သူ့သားကောင်းတပ်မတော်အဖြစ် ယုံကြည်ပါတယ်။ တိုင်းရင်းသားပြည်သူများနှင့် တပ်မတော်သားများအားလုံး တစ်သွေးတည်း တစ်သားတည်းဖြစ်ဖို့ဆိုတာဟာ နိုင်ငံတိုင်းရဲ့အသက်ဝိညာဉ်ပဲ ဖြစ်ပါတယ်။

**ဝန်ထမ်းများ**အနေနဲ့လည်း အစိုးရဝန်ထမ်းဆိုတာထက် ပြည်သူ့ဝန်ထမ်းအဖြစ် ခံယူသွားရမှာဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားများသည် **လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်** ရှိပါတယ်။ သို့သော် ဘာသာရေးအစွန်းရောက်ဝါဒများစွဲကိုင်ပြီး တစ်ဖက်နဲ့တစ်ဖက် စော်ကားတိုက်ခိုက်ခြင်းမျိုးမဖြစ်ဖို့ အင်မတန်အရေးကြီးပါတယ်။ အမျိုးဘာသာသာသနာ ဝံသာနုရက္ခိတတရားများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ဖို့ဆိုတာ နိုင်ငံသားအားလုံးရဲ့ သမိုင်းပေးတာဝန်ကြီးပဲဖြစ်ပါတယ်။

အချုပ်အားဖြင့် တင်ပြရမယ်ဆိုရင် စစ်မှန်တဲ့ ဒီမိုကရေစီအနှစ်သာရနဲ့ကောင်းမွန်တဲ့အုပ်ချုပ်ရေးစနစ်ကို ကျွန်တော်တို့ ပြည်သူတွေ လက်တွေ့ကျကျပိုင်ဆိုင်နိုင်ဖို့ဆိုတာမှာ အဖြေကတော့ နိုင်ငံသားအားလုံးမိမိနိုင်ငံရဲ့ နိုင်ငံ့အရေးအရာတွေမှာ အခုထက်ပိုပြီး လေးလေးနက်နက်ပါဝင်ဆောင်ရွက်ကြဖို့ တာဝန်ယူတတ်လာဖို့ ဖြစ်ပါတယ်။

ဒါကြောင့် အခု ကျင်းပမယ့် ၂၀၁၅ ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးမှာ စစ်မှန်တဲ့ပြည်သူ့ကိုယ်စားပြု ပါတီစိတ်ဓာတ်နဲ့ ဉာဏ်ပညာမြင့်မားတဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေကို မှန်မှန်ကန်ကန် ရွေးချယ်ပေးဖို့ဖြစ်ပါတယ်။ မဲဆန္ဒရှင်ပြည်သူများရဲ့ အနာဂတ်ကိုပုံဖော်ပေးမယ့် အခွင့်အရေးကြီးပဲဖြစ်ပါတယ်။

ဒါကြောင့် ပြည်သူကိုအလုပ်အကျွေးပြုမယ်ဆိုတဲ့ ခိုင်မာတဲ့ သိန္နိဋ္ဌာန်နဲ့အတူပေါက်ဖွားလာတဲ့ ကျွန်တော်တို့ရဲ့ "မြန်မာနိုင်ငံတောင်သူလယ်သမား အလုပ်သမား ပြည်သူ့ပါတီ" PPMFW ရဲ့ လွှတ်တော်ကိုယ်စားလှယ်များကို ထောက်ခံအားပေးကြပါလို့ မေတ္တာရပ်ခံပန်ကြားအပ်ပါတယ်။

**ကျွန်တော်တို့ပါတီရဲ့ ဆောင်ပုဒ်ကတော့-**

**"လိုအပ်ချက်တွေ ဖြည့်ဆည်းဖို့၊**
**မတရားမှုတွေ ကာကွယ်ဖို့၊**
**နစ်နာမှုတွေ ကူညီဖို့၊**
**ပြည်သူ့အနာဂတ်တွေ သာယာပြည့်စုံဖို့**
**မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမားပြည်သူ့ပါတီကို ထောက်ခံစို့"** ပဲဖြစ်ပါတယ်။

မိဘပြည်သူများ ကိုယ်စိတ်နှစ်ပါးရွှင်လန်းချမ်းမြေ့ပြီး အနာဂတ်ဘဝများ ငြိမ်းချမ်းပြည့်စုံပါစေကြောင်း မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမားပြည်သူ့ပါတီမှ ဆန္ဒပြုအပ်ပါတယ်ခင်ဗျား။

# မြိုအမျိုးသားဒီမိုကရေစီပါတီက ၄င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကိုဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၁

**မြိုအမျိုးသားဒီမိုကရေစီပါတီ လွှတ်တော်ကိုယ်စားလှယ်လောင်း ဒေါ်စံမညိုက ၄င်းတို့ပါတီ၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၁ ရက် ညပိုင်းက ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




**လေးစားအပ်ပါသော ကျေးဇူးရှင်မိဘပြည်သူအပေါင်းတို့ရှင့်-**

ကျွန်မတို့အားလုံးလက်ရှိပိုင်ဆိုင်ထားကြတဲ့ ဘဝအတိုင်းအတာလေးတစ်ခုမှာ မင်္ဂလာရှိတဲ့နေ့ရက်များ၊ မင်္ဂလာရှိတဲ့အချိန် အခါသမယများ နေ့စဉ်ရက်ဆက်ကြုံတွေ့ခံစားကြပြီး တစ်ဦးချင်းစီတိုင်း ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများစွာနှင့် ပြည့်စုံကြပါစေလို့ "မြိုအမျိုးသားဒီမိုကရေစီပါတီ"ရဲ့ကိုယ်စား လက်ဆယ်ဖြာထိပ်မှာမိုးပြီး ရှိခိုးကန်တော့စွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်ရှင့်။

ကျွန်မကတော့ ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် အမှတ်(၅) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း "ဒေါ်စံမညို" ဖြစ်ပါတယ်ရှင့်။ ကျွန်မတို့ပါတီအနေနဲ့ ယခုရွေးကောက်ပွဲ၌ ကျောက်တော်မြို့နယ်၊ မြောက်ဦးမြို့နယ် ဒေသတွေမှာ လွှတ်တော်(၃)ရပ်စလုံး ဝင်ရောက်ယှဉ်ပြိုင်အရွေးခံကြမည်ဖြစ်ပါတယ်ရှင့်။

**လေးစားအပ်ပါသော ကျေးဇူးရှင်မိဘပြည်သူအပေါင်းတို့ရှင့်-**

ကျွန်မတို့လူမျိုးတွေဟာ ရခိုင်ရာဇဝင်အဆိုအရ ဘီစီ(၃၃၂၅) ပထမ ဓညဝတီမြို့တည် "မာရာယုမင်း" မတိုင်မီကစ၍ ယနေ့အချိန်ထိ သမိုင်းအဆက်ဆက် ခေတ်အဆက်ဆက် "ကျောချင်းကပ် ရင်ချင်းဆက်" ပြီး အတူတကွ ဘဝရှင်သန်လာကြသော "ရခိုင်တိုင်းရင်းသားမိဘပြည်သူများ" တို့နှင့် ကောင်းအတူ၊ ဆိုးအတူ၊ အေးတူပူအမျှ၊ သုခ၊ ဒုက္ခ၊ ခံစားချက်ပေါင်းစုံဖြင့် ကိုယ်ပိုင်ဘာသာစကား၊ ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် ရပ်တည်နေလာကြတဲ့ မြိုလူမျိုးများဖြစ်ကြပါတယ်။

**လေးစားအပ်ပါသော ကျေးဇူးရှင်မိဘပြည်သူအပေါင်းတို့ရှင့်-**

ယခုအချိန်မှာ ကျွန်မတို့နိုင်ငံရဲ့ သမိုင်းကြောင်းအရဖြစ်ပေါ်တဲ့ ပါတီစုံဒီမိုကရေစီစနစ်မှာ ကျွန်မတို့မြိုလူမျိုးတွေအနေနဲ့ နိုင်ငံရေးအားဖြင့် စစ်မှန်သော ဒီမိုကရေစီစနစ်၊ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ဖြစ်ထွန်းရေး၊ ဖွံ့ဖြိုးတိုးတက်သော လူမှုစီးပွားဘဝထူထောင်ရေး၊ တိုင်းရင်းသားလူမျိုးစု ပဋိပက္ခအရေး၊ ငြိမ်းချမ်းရေးစတဲ့ နိုင်ငံတော်အရေး၊ ပြည်နယ်ဒေသအရေးတို့ကို ဆောင်ရွက်ကြရာတွင် "မတူကွဲပြားမှု သဘောထားအမြင်လေးတွေကို ဘေးဖယ်ထားပြီး တူညီတဲ့သဘောထားအမြင်များ"နှင့် ပွင့်လင်းမြင်သာသော အမျိုးသားရေးမူဝါဒများ လက်ကိုင်ပြုကာ နိုင်ငံအကျိုး၊ ဒေသအကျိုး၊ အမျိုးသားအကျိုးများကို "အုတ်တစ်ချပ် သဲတစ်ပွင့်"ပမာ အခြားတိုင်းရင်းသားညီအစ်ကိုများနှင့်အတူ လက်တွဲပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်ဟူ၍ ခိုင်မာသောသန္နိဋ္ဌာန်များနှင့် လူမျိုးစုကိုယ်စားပြု "မြိုအမျိုးသား ဒီမိုကရေစီပါတီ" ကိုထူထောင်ခြင်းဖြစ်ပါတယ်ရှင့်။

**လေးစားအပ်ပါသော ကျေးဇူးရှင်မိဘပြည်သူအပေါင်းတို့ရှင့်-**

ကျွန်မတို့မြိုအမျိုးသားဒီမိုကရေစီပါတီရဲ့ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်များကို ဆက်လက်တင်ပြသွားပါမည်။ ပါတီရဲ့ မူဝါဒသဘောထားကတော့-

(၁) ကျွန်မတို့နှင့်ဆန္ဒသဘောထားထပ်တူထပ်မျှရှိကြသော အခြားနိုင်ငံရေးပါတီများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် မိတ်သဟာရဖွဲ့ပြီး နိုင်ငံအကျိုး၊ ပြည်နယ်ဒေသအကျိုး၊ အမျိုးသားအကျိုးများကို ကြိုးပမ်းဆောင်ရွက်သွားမည်။

(၂) ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ တိုင်းရင်းသားလူမျိုးများစု၊ လူနည်းစုတို့အကြား တန်းတူရည်တူရှိပြီး ပွင့်လင်းမြင်သာသော အမျိုးသားရေးမူဝါဒများဖြင့် အပြန်အလှန်စောင့်ထိန်း စေ့စပ်ညှိနှိုင်းမှုမှ စစ်မှန်သောဒီမိုကရေစီ၊ စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု ဖြစ်ထွန်းရေးကို ကြိုးပမ်းသွားမည်။

(၃) ပြည်သူများသည် ကျေးဇူးရှင်"မိခင် ဖခင်"ဖြစ်ကြ၍ မိဘပြည်သူများတို့အပေါ် ကျေးဇူးဆပ်နိုင်ရန် အစဉ်အမြဲ အလေးထားပြီး ကြိုးပမ်းသွားမည်။

(၄) ပြည်နယ်ဒေသ၌ ကောင်းအတူ၊ ဆိုးအတူ၊ အေးတူ၊ ပူအမျှ၊ ကောင်းတူဆိုးဖက် သုခ၊ ဒုက္ခပေါင်းစုံတို့ကို မျှဝေခံစားကြသော ကျောချင်းကပ်၊ ရင်ချင်းဆက် တိုင်းရင်းသားညီအစ်ကိုများနှင့် အစဉ်အမြဲလက်တွဲပြီး ကျေးဇူးရှင်မိဘပြည်သူများတို့ရဲ့ "ဘဝလုံခြုံအေးချမ်းမှု"ကို ကာကွယ်စောင့်ရှောက်သွားမည်။

**လေးစားအပ်ပါသော ကျေးဇူးရှင်မိဘပြည်သူအပေါင်းတို့ရှင့်-**

မြိုအမျိုးသားဒီမိုကရေစီပါတီရဲ့ လုပ်ငန်းစဉ်များအနေနဲ့ကတော့-

(၁) မည်သည့်လုပ်ငန်းမဆို အများဆန္ဒနဲ့အညီ ကောင်းမွန်သောနည်းလမ်းကောင်းများကို ရွေးချယ်ပြီး ဘုံရပ်တည်ချက်များ ချမှတ်ကာ အကောင်အထည်ဖော်ဆောင်သွားပါမည်။

(၂) အမျိုးသားရေးအကျိုးကိုရှေးရှုပြီး အပြုသဘောဖြင့်ဝေဖန်ပြောဆိုခြင်း၊ အကြံပြုခြင်း၊ စေ့စပ်ညှိနှိုင်းခြင်း၊ တွေ့ဆုံဆွေးနွေးခြင်းများကို အစဉ်အမြဲ လက်ခံကြိုဆိုသွားပါမည်။



(၃) အမျိုးသားနိုင်ငံရေးတွင် မျိုးဆက်သစ်လူငယ်များ တက်ကြွစွာ ပါဝင်လှုပ်ရှားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းမဲ့ လူငယ်များတို့၏ ဘဝဒုက္ခကို နည်းလမ်းများ တီထွင်ကြံဆပြီး လူငယ်များဘဝမြှင့်တင်နိုင်ရေး ကြိုးပမ်းသွားပါမည်။

(၄) အခြေခံ လူတန်းစားများဖြစ်ကြတဲ့ တောင်သူလယ်သမားများ၊ အလုပ်သမားများတို့၏ လူမှုဘဝအခက်အခဲ၊ အကျပ်အတည်းဒုက္ခများကို ကြိုးပမ်းဖြေရှင်းသွားပါမည်။

(၅) အမျိုးသမီးများအခွင့်အလမ်း၊ အခွင့်အရေးများ ဆုံးရှုံးနစ်နာမှုမှ ကာကွယ်စောင့်ရှောက်သွားပါမည်။

(၆) မိဘမဲ့၊ ဆင်းရဲနွမ်းပါးသော ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေး၊ ကျေးလက်ဒေသ၌ စာသင်ကျောင်းများ၊ ဆေးပေးခန်းများ ဖွင့်လှစ်ရရှိနိုင်ရေးကြိုးပမ်းသွားပါမည်။

(၇) မြိုအမျိုးသားတို့ရဲ့ ရာဇဝင်/နောက်ခံသမိုင်းကြောင်းများကို ဖော်ထုတ်ပြီးယဉ်ကျေးမှုဓလေ့ထုံးစံများ မပျောက်ပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်သွားပါမည်။

**လေးစားအပ်ပါသော ကျေးဇူးရှင်မိဘပြည်သူများအပေါင်းတို့ရှင့်-**

ကျွန်မတို့ရဲ့ မြိုအမျိုးသားဒီမိုကရေစီပါတီအနေဖြင့် မိဘပြည်သူများလိုလားတောင့်တကြတဲ့ ဖွံ့ဖြိုးတိုးတက်သောလူမှုစီးပွားဘဝဖြစ်ထွန်းရေး၊ စစ်မှန်သောဒီမိုကရေစီစနစ်၊ စစ်မှန်သောဖက်ဒရယ် ပြည်ထောင်စုစနစ်နှင့် ငြိမ်းချမ်းရေးများရရှိအောင် ဆောင်ရွက်နိုင်မှသာလျှင် ကျေးဇူးရှင်မိဘပြည်သူများကို ကျေးဇူးဆပ်ရာရောက်ရှိနိုင်လိမ့်မည်ဟု ယုံကြည်မိပါ၍ မိဘပြည်သူများကို ကျေးဇူးဆပ်ကြဖို့ "မြိုအမျိုးသားဒီမိုကရေစီပါတီ"ရဲ့ အမှတ်တံဆိပ်သင်္ကေတ "မောင်း"ပုံကို မဲပေးကြပါစို့လို့ မေတ္တာရပ်ခံအပ်ပါတယ်။

မိဘပြည်သူများအားလုံး ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းလျက်ပါ။

**အားလုံးကိုကျေးဇူးတင်ရှိပါတယ်။**

## မြောင်းမြခရိုင်၌ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးဆွေးနွေး

**မြောင်းမြ အောက်တိုဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်ရှိ ကွယ်လွယ်ကျေးရွာနှင့် မြစန္ဒာရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ မဲစာရင်းကပ်ထားမှု အခြေအနေများကို ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဧရာဝတီတိုင်းဒေသကြီး တာဝန်ခံ ဦးဝင်းကိုနှင့် ဧရာဝတီတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များသည် စက်တင်ဘာ ၂၇ ရက်က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြရွှေဝါခန်းမ၌ မြောင်းမြခရိုင်၊ လပွတ္တာခရိုင်နှင့် မြို့နယ်များမှ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ၊ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့်တွေ့ဆုံပြီး လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ဆွေးနွေးပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်မြင့်က ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**အောင်မင်း(ပြန်/ဆက်)**

## ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ပြည်သူ ၁၂ သိန်းကျော် မဲပေးမည်

**လားရှိုး အောက်တိုဘာ ၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ မြို့နယ်ပေါင်း ၂၀ တွင် နေထိုင်ကြသော တိုင်းရင်းသားပြည်သူ ၂၁၅၈၅၇၉ ဦးအနက် မဲဆန္ဒပေးမည့် တိုင်းရင်းသားပြည်သူပေါင်းမှာ ၁၂၅၇၈၅၂ ဦးဖြစ်သည်ဟု ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့(ခွဲ)မှ ရွေးကောက်ပွဲအရာရှိ ဦးနှစ်ဆန်းဦးက ပြောသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် ပြည်ခိုင်ဖြိုးပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ရှမ်းပါတီနှစ်ခုအပါအဝင် တိုင်းရင်းသားပါတီများ စုစုပေါင်း ၁၆ ပါတီမှ ကိုယ်စားလှယ်လောင်း ၃၄၇ ဦးပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**မမ(လားရှိုး)**

## ဂန့်ဂေါခရိုင်၌ လွှတ်တော်ကိုယ်စားလှယ်လောင်း ၄၄ ဦး ပါဝင်ယှဉ်ပြိုင်အရွေးခံမည်

**ဂန့်ဂေါ အောက်တိုဘာ ၁**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် လွှတ်တော်အသီးသီး၏ အထွေထွေရွေးကောက်ပွဲတွင် မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင်၌ လွှတ်တော်ကိုယ်စားလှယ်လောင်းစုစုပေါင်း ၄၄ ဦးတို့ပါဝင်ယှဉ်ပြိုင်၍ ရွေးကောက်တင်မြှောက်ခံကြမည်ဖြစ်သည်။

လွှတ်တော်အသီးသီးအတွက် ဂန့်ဂေါခရိုင်၌ ပါဝင်ယှဉ်ပြိုင်၍ ရွေးကောက်တင်မြှောက်ခံကြမည့် လွှတ်တော်အလိုက် လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေမှာ ဂန့်ဂေါမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ခြောက်ဦး၊ ထီးလင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် သုံးဦးနှင့် ဆောမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ငါးဦး၊ မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ် (၁၂) တွင် လေးဦး၊ ဂန့်ဂေါမြို့နယ် တိုင်းဒေသကြီး လွှတ်တော်မဲဆန္ဒနယ်အမှတ် (၁) တွင် ငါးဦး၊ ထီးလင်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်အမှတ်(၁) တွင်နှစ်ဦး၊ ဂန့်ဂေါမြို့နယ် တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်အမှတ်(၂)တွင် လေးဦး၊ ထီးလင်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်အမှတ်(၂)တွင် သုံးဦး၊ ဆောမြို့နယ် တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ် အမှတ်(၁)တွင် သုံးဦး၊ ဆောမြို့နယ်တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ်(၂)တွင် သုံးဦး၊ မကွေးတိုင်း ဒေသကြီးလွှတ်တော် ချင်းတိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ်လောင်း ခြောက်ဦး၊ လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း စုစုပေါင်း ၄၄ ဦးဖြစ်သည်။

ဂန့်ဂေါခရိုင်၌ မြို့နယ်အလိုက် မဲဆန္ဒရှင်ဦးရေမှာ ဂန့်ဂေါမြို့နယ်တွင် ၉၆၀၈၂ ဦး၊ ထီးလင်းမြို့နယ်တွင် ၃၉၁၈၂ ဦးနှင့် ဆောမြို့နယ်တွင် ၅၃၁၉၄ ဦး စုစုပေါင်း ၁၈၈၄၅၈ ဦးရှိကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

ခနုအမျိုးသားများအဖွဲ့ချုပ်ပါတီ
လာရောက်ဟောပြောခြင်းမပြု၍ ဖော်ပြနိုင်ခြင်းမရှိပါ။

# မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ သင်တန်းပို့ချနိုင်ရေးတွေ့ဆုံညှိနှိုင်းစည်းဝေး



**ကျောက်ပန်းတောင်း အောက်တိုဘာ ၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ရွေးကောက်ပွဲကြီးအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲစာရင်းများကို နောက်ဆုံးအကြိမ် ပြန်လည်စိစစ်၍ အမှားအယွင်းကင်းစွာ ပြုစုနိုင်ရေးနှင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ၊ မဲရုံအဖွဲ့ဝင်များ မြို့နယ်အဆင့်သင်တန်းပေးသွားရန်နှင့် ရပ်ကွက်/ကျေးရွာများတွင် ဆင့်ပွားသင်တန်းများ ပို့ချသွားရန် ကြိုတင်ညှိနှိုင်း အစည်းအဝေးကို စက်တင်ဘာ ၂၉ ရက်က မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

အစည်းအဝေး၌ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမောင်မောင်ရှိန်က မြို့နယ်ကော်မရှင်အဖွဲ့ဝင်များအနေဖြင့် ကော်မရှင်လုပ်ငန်းများ ဆောင်ရွက်ရာတွင်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ဆောင်သွားကြရန် မြို့နယ်မဲစာရင်းများကို မှန်မှန်ကန်ကန် ရရှိစေရန်အတွက် ကွန်ပျူတာ နည်းပညာပိုင်းဆိုင်ရာ ပြောင်းလဲရန်၊ လိုအပ်လျှင်လည်း ညွှန်ကြားချက်နှင့် အညီပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မဲရုံမှူး၊ ဒုမဲရုံမှူးနှင့်အဖွဲ့ဝင်များသင်တန်းကို မြို့နယ်အဆင့်ဖွင့်လှစ်ပေးပြီး ဆင့်ပွားသင် တန်းများ ဖွင့်လှစ်နိုင်ရေး နယ်မြေခွဲအလိုက် ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် မဲစာရင်းပုံစံ(၁)များကို စက်တင်ဘာ ၁၄ ရက်နေ့မှစက်တင်ဘာ ၂၇ ရက်အထိ ရက်သတ္တနှစ်ပတ်ကြာ ရပ်ကွက်နှင့်ကျေးရွာခွဲများအထိ ကြေညာခဲ့ပြီးဖြစ်ရာ၊ ယခုအခါပြင်ဆင်/ဖြည့်စွက်ရန် လိုအပ်သည်များကို ဆက်လက်ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ကြေညာရက်ပြီးဆုံးသည်မှ ယနေ့အထိ အမည်စာရင်းထည့်သွင်းပေးရန် ပုံစံ(၃) ဖြင့်လျှောက်ထားသူ ၁၄၄၉ ဦး၊ မဲစာရင်းမှ ပယ်ဖျက်ပေးရန် ပုံစံ(၃-ခ)ဖြင့် လျှောက်ထားသူ ၄၉၄ ဦး၊ မဲစာရင်းနှင့်စပ်လျဉ်းသောကန့်ကွက်လွှာပုံစံ(၄)လျှောက်ထားသူ ၉၉၆ ဦးနှင့် မဲစာရင်းနှင့် စပ်လျဉ်းသော ပြင်ဆင်လွှာပုံစံ(၄-က) လျှောက်ထားသူ ၁၁၅၄ ဦးရှိကြောင်း သိရသည်။

**နေအောင် (ပြန်/ဆက်)**

## ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီဝင်များ တွေ့ဆုံ

**ရန်ကုန် အောက်တိုဘာ ၁**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီဝင်များ၏ မိတ်ဆက်တွေ့ဆုံပွဲအခမ်းအနားကို စက်တင်ဘာ ၂၉ ရက်က အလုံမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ကျင်းပရာ အခမ်းအနားသို့ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြထွန်းနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၊ အလုံမြို့နယ်အတွင်းရှိမြို့မိမြို့ဖများနှင့် အလုံမြို့နယ်အတွင်း ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် ပါတီများမှ (ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်သူမဟုတ်)သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ အခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး အခမ်းအနားတက်ရောက်လာကြသူများက ဆွေးနွေးကြကြောင်း သိရသည်။ **တင်မောင်ဦး(အလုံ)**

## ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ဆွေးနွေး

**လားရှိုး အောက်တိုဘာ ၁**

၂၀၁၅ခုနှစ်ပါတီစုံအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆွေးနွေးပွဲကို စက်တင်ဘာ ၃၀ ရက်က လားရှိုးမြို့တော်ခန်းမကြီး၌ ကျင်းပသည်။

အခမ်းအနားတွင်ရှမ်းပြည်နယ်အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး ဦးစိန်အုပ်က တရားမျှတသော၊ လွတ်လပ်သော ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးအောင်မြင်စွာ ကျင်းပနိုင်ရန် ကော်မရှင်အဆင့်ဆင့်နှင့် အတူဌာနဆိုင်ရာများ မဲဆန္ဒရှင်ပြည်သူများ အားလုံးပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲမှ ရွေးကောက်ပွဲအရာရှိ ဦးနှစ်ဆန်းဦးက ရွေးကောက်ပွဲနှင့်ပတ်သက်သော အကြောင်းအရာများ ကော်မရှင်အဆင့်ဆင့်၏လုပ်ငန်းဆောင်တာများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူးကြီး ရဲမှူးကြီးအောင်မြတ်မိုးက ရွေးကောက်ပွဲနှင့်သက်ဆိုင်သော လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ အထူးရဲတပ်ဖွဲ့ဝင်များ၏ လုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မမ(လားရှိုး)**

## ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီဝင်များ တွေ့ဆုံညှိနှိုင်းခြင်း

**တနင်္သာရီ အောက်တိုဘာ ၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမအတွင်း စက်တင်ဘာ ၃၀ ရက် မွန်းလွဲ ၁နာရီခွဲက ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီဝင်များ တွေ့ဆုံညှိနှိုင်းပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးလှမြင့်က ရွေးကောက်ပွဲမတိုင်မီကာလလုပ်ငန်းစဉ်များ၊ ရွေးကောက်ပွဲနေ့၌ ကြုံတွေ့နိုင်သည့်အခြေအနေများ၊ ရွေးကောက်ပွဲအပြီးရလဒ်များနှင့်ပတ်သက်၍ အငြင်းပွားနိုင်မှုအခြေအနေများ၊ မဲဆန္ဒရှင်ပြည်သူများလွယ်ကူချောမွေ့စွာ မဲထည့်ပေးနိုင်ရေး စသည်များကို ဆွေးနွေးတင်ပြခဲ့သည်။ ထို့နောက် နိုင်ငံရေးပါတီကိုယ်စားပြုများ၊ တက်ရောက်လာသူများက သိလိုသည်များ၊ မရှင်းလင်းသည်များ မေးမြန်းမှုကို မြို့နယ်အထွေထွေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြန်လည်ညှိနှိုင်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။ **နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# ဟိုပုံးမြို့နယ်တွင် နိုင်ငံရေးပါတီငါးခုမှ လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၈ ဦး ယှဉ်ပြိုင်မည်

**ဟိုပုံး အောက်တိုဘာ ၁**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက် တွင်ကျင်းပမည့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁)၊ အမှတ်(၂) စုစုပေါင်းလွှတ်တော်ကိုယ်စားလှယ် လေးနေရာအတွက် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ပြည်ထောင်စုပအိုဝ်းအမျိုးသား အဖွဲ့ချုပ်ပါတီ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ စုစုပေါင်းနိုင်ငံရေး ပါတီငါးခုမှ လွှတ်တော်ကိုယ်စားလှယ်ပေါင်း ၁၈ ဦး ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမည်ဖြစ်ကြောင်း သိရသည်။

အချို့သော ပါတီများမှ မဲဆွယ်စည်းရုံးမှုများပြုလုပ်လျက်ရှိပြီး ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရပ်ကွက်ခြောက်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၂ အုပ်စုရှိ မဲရုံပေါင်း ၇၀ တွင် မဲရုံအလိုက် လုံခြုံရေးစောင့်ရှောက်ရန် မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် အထူးရဲ ၇၀ ဖြင့် စီစဉ်ထားပြီး မဲပေးမည့် မဲဆန္ဒရှင် စုစုပေါင်း ၆၉၅၉၀ ရှိကြောင်း သိရသည်။

**နန်းဦးခမ်း(ဟိုပုံး)**

## ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး တွေ့ဆုံညှိနှိုင်းပွဲ ကျင်းပ

**အိမ်မဲ အောက်တိုဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်၌ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တွေ့ဆုံညှိနှိုင်းပွဲကို စက်တင်ဘာ ၃၀ ရက်က အိမ်မဲမြို့နယ် ရေသိုးညောင်ဝိုင်းကျေးရွာ အောင်သိပ္ပံ ပရဟိတကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်မြင့်က အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြို့နယ်အတွင်းကော်မရှင်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းနိုင်က ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအစီအမံဆောင်ရွက်ထားမှုများ တင်ပြခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဦးဝင်းကိုကိုက ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တာဝန်ရှိသူများ ရှင်းလင်းတင်ပြမှုနှင့်စပ်လျဉ်း၍ အမှာစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

# တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်သို့ အမေရိကန်နိုင်ငံအစိုးရကိုယ်စားပြု စောင့်ကြည့်လေ့လာသူ လာရောက် ဆွေးနွေး

**ပဲခူး အောက်တိုဘာ ၁**

ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌရုံးခန်းမ၌ စက်တင်ဘာ ၃၀ ရက်က အမေရိကန်နိုင်ငံအစိုးရကိုယ်စားပြု စောင့်ကြည့်လေ့လာသူ ဇက်ဟွန်း(န်) (ဒုတိယဗိုလ်မှူးကြီး၊ စစ်သံမှူး) လာရောက်တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် ဇက်ဟွန်း(န်) (ဒုတိယဗိုလ်မှူးကြီး၊ စစ်သံမှူး)က တိုင်းဒေသကြီးအတွင်း မဲရုံများ အခြေအနေ၊ လုံခြုံရေးဆောင်ရွက်ထားရှိမှု၊ မီဒီယာများ အခြေအနေ၊ ကြိုတင်မဲဆိုင်ရာကိစ္စများ၊ အရန်ရဲတပ်ဖွဲ့များ အခြေအနေ၊ မဲရေတွက်ပြီး မဲလက်မှတ်များ ထိန်းသိမ်းထားရှိမှုအခြေအနေနှင့် ရွေးကောက်ပွဲအတွက် အခြေအနေတို့ကို မေးမြန်းခဲ့ရာ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းမောင်နှင့် တာဝန်ရှိသူများက ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲသည် ၂၀၁၀ပြည့်နှစ်နှင့် ၂၀၁၂ ခုနှစ် ရွေးကောက်ပွဲများထက် စိတ်ဝင်စားမှု ပိုမိုများပြားသဖြင့် ယှဉ်ပြိုင်မည့်ပါတီ ပိုမိုများပြားကြောင်း၊ မဲဆန္ဒရှင် လက်မှတ်များမှအပ ကျန်ပစ္စည်းများ အောက်တိုဘာ ၁ ရက်တွင် ရောက်ရှိမည်ဖြစ်ကြောင်း၊ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်ရန် ဆောင်ရွက်ထားရှိပါကြောင်းနှင့် ကြိုတင်မဲကိစ္စများနှင့် ပတ်သက်၍လည်း ၂၀၁၀ ခုနှစ်နှင့် ၂၀၁၂ ခုနှစ် အားနည်းချက်၊ အားသာချက်များကို နည်းဥပဒေဖြင့် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို အသေးစိတ်ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။



**(တိုင်းဒေသကြီး ပြန်/ဆက်)**